SYNERGY
Publications

# GOOD LUCK

Alex Rovira, Fernando Trias de Bes

# ကံကောင်းခြင်း
# တံခါးလာခေါက်ခဲ့ပါက

နိုင်းနိုင်းစနေ



# GOOD LUCK

Alex Rovira, Fernando Trias de Bes

## ကံကောင်းခြင်း
## [illegible]

နှင်းနှင်းစံရ

ဂျပန်တွေရဲ့အဆိုက

အရွက် (၄)ရွက်ပါတဲ့ MAGIC CLOVER အရွက်တစ်ရွက်တိုင်းမှာ ကိုယ်စားပြု တစ်ခုစီ ပါကြတယ်။ (၄)ရွက်မှာ ပထမတစ်ရွက်က အချစ်၊ ဒုတိယအရွက်က မျှော်လင့်ချက်၊ တတိယအရွက်က ယုံကြည်မှုနဲ့ အပိုပါလာတဲ့စတုတ္ထအရွက်က ကံကောင်းခြင်းကို ကိုယ်စားပြုတယ်လို့ ဆိုကြပါတယ်။ ဒါကြောင့် အစုလိုက်ပေါက်နေတဲ့ အရွက် (၃)ရွက်ပါ အပင်တွေကြားမှာ အရွက် (၄)ရွက်ပါတဲ့ အပင်ကိုတွေ့ရင် ကံကောင်းတယ်လို့ ပြောကြတာကြောင့် သူ့ကို ကံကောင်းခြင်းအပင်လို့ ခေါ်ကြပါတယ်။

နှင်းနှင်းစံရ

NNSN25 - 2000 MMK
ISBN 9902500120190
9 902500 120190

စာအုပ်အမှတ် (၇၇)

Synergy Publications

အမှတ်(၂၃)၊ ပထမထပ်၊ ဓရကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၂၅၄၀၀၆၀၄၉၊ ၀၉-၅၀၃၃၉၄၁

Synergy Publications
အမှတ် (၂၃)၊ (ပ)လွှာ၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ - ၂၅၄၀၀၆၀၄၉၊ ၀၉ - ၅၀၃၃၉၄၁

---

| | |
|---|---|
| ပုံနှိပ်ခြင်း | ပထမအကြိမ်၊ ၂၀၁၆၊ ဧပြီလ။ |
| အုပ်ရေ | ၂၀၀၀ |
| ကွန်ပျူတာစာစီ | Synergy |
| ထုတ်ဝေသူ | Synergy Publications (00512)<br>အမှတ်(၂၃)၊ (ပ)လွှာ၊ ရေကျော်လမ်း၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးဝင်းအောင် (၀၀၀၈၂)<br>အမှတ် (၈၄/၈၆)၊ လမ်း (၅၀)၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။ |
| စာအုပ်ချုပ် | တင်ထူး |
| တန်ဖိုး | ၂၀၀၀ |

နိုင်းနိုင်းစနေ
ကံကောင်းခြင်းတံခါးလာခေါက်တဲ့အခါ
GOOD LUCK (Alex Rovira, Fernando Trias De Bes)
နိုင်းနိုင်းစနေ။ ရန်ကုန်၊
Synergy Publications ၊ ၂၀၁၈။
၁၁၃ - စာ၊ ၁၃စင်တီမီတာ၊ ၂၀.၃ စင်တီမီတာ။
ကံကောင်းခြင်းတံခါးလာခေါက်တဲ့အခါ
GOOD LUCK (Alex Rovira, Fernando Trias De Bes)

နှိုင်းနှိုင်းစနေ

# ကံကောင်းခြင်းတံခါးလာခေါက်တဲ့အခါ

GOOD LUCK

Alex Rovira, Fernando Trias De Bes

Creating the Conditions for
Success in Life and Business

# ဤစာအုပ်

ဒီစာအုပ်ကို "ကံကောင်းခြင်းတံခါးလာခေါက်တဲ့အခါ" (Good Luck) လို့ အမည်ပေးထားပါတယ်။ ဒီစာအုပ်ကိုဖတ်ရင် တကယ်ပဲ ကံကောင်းမလားလို့ မေးစရာရှိတယ်။ ဒီစာအုပ်ကိုဖတ်ရင်အနည်းဆုံးတော့ "တကယ်ကံကောင်းစေမယ့် အကြောင်းတရားတွေ" ကိုတော့ သိသွားမှာ မုချပဲ၊ တကယ့်ကို ကံကောင်း ချင်ရင်တော့ ဒီစာအုပ်က ပြောတဲ့ "ကံကောင်းခြင်း" ဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို သဘောပေါက်နားလည်ပြီး လိုက်နာကျင့်သုံးခြင်းဖြင့် "ကံကောင်းခြင်း" ကို မိမိလက်ဝယ် လက်ဆုပ်လက်ကိုင်ရရှိနိုင်မှာဖြစ်ပါတယ်။

ဒီစာအုပ်မှာ အဓိကပြောချင်တဲ့ အကြောင်းအရာကတော့ "ကံတရား" ဆိုတာနဲ့ "ကံကောင်းခြင်း" ဆိုတာကိုပြတ်ပြတ်သားသားခွဲခြားလိုက်တာဖြစ်တယ်။ "ကံတရား" ဆိုတာဟာ မိမိထံကို တစ်ခါတစ်ခေါက် အရောက်လာချင်လာမယ်။ ဒါပေမဲ့ "ကံတရား" ဟာ "ကံကောင်းခြင်း" မဟုတ်ဘူး။ "ကံတရား" ဟာ အခိုက်အတန့်သာ ဖြစ်တယ်။ မမြဲဘူး။ "ကံကောင်းခြင်း" ကျတော့ ဒီလိုမဟုတ်ဘူး။ "ကံကောင်းခြင်း" ဆိုတာ "ကိုယ်တိုင်ဖန်တီးခြင်း" ကိုခေါ်တာ။ (၁) ကိုယ်ပိုင်ဆိုင်တယ်။ (၂) တည်တံ့ခိုင်မြဲတယ်။ (၃) ကိုယ်ရည်ကိုယ်သွေးကို တိုးတက်စေ တယ်။ (၄) ကိုယ်က မျှော်နေရတာ မဟုတ်ဘူး။ ကိုယ်ကိုယ်တိုင် ရှာဖွေ ဖန်ဆင်းယူတာ ဖြစ်တယ်။ ဗုဒ္ဓက "ဆန္ဒာဓိပတိ" လို့ ဟောထားတယ်။ ဆန္ဒရှိရင် ဘာမဆိုဖြစ်တယ် လို့ ဣဒ္ဓိလေးပါးထဲမှာ တစ်ပါးအဖြစ် ထည့်ဟောထားတယ်။

စာရေးဆရာမ နိုင်းနိုင်စနေဟာ စိတ်ခွန်အားကို ဖြစ်ပေါ်စေတဲ့ စာစုတွေကို ရှာဖွေဖော်ထုတ်ပေးသူဖြစ်တဲ့အလျောက် ဒီစာအုပ်မှာ "ကံတရား" ကို ယုံကြည်တဲ့သူနဲ့ "ကံကောင်းခြင်း" ကို ယုံကြည်တဲ့သူ သူငယ်ချင်းနှစ်ယောက်အကြောင်းကို စိတ်ဝင်စားဖွယ်ပုံပြင်နဲ့ ဖော်ပြထားပါတယ်။ "ကံတရား" ဆိုတာ ဘာလဲ၊ "ကံကောင်းခြင်း" ဆိုတာက ဘာလဲဆိုတာ ကွဲကွဲပြားပြား သိအောင် လက်တွေ့ကျကျ ဖော်ပြထားတယ်။ ဖွဲ့နွဲ့မှုက ပုံပြင်ဆန်ပေမယ့် အတွင်းသရုပ်က လက်တွေ့ကျပြီး ဘဝနဲ့ နီးစပ်တယ်။ ကလေး၊ လူလတ်၊ လူကြီး အားလုံးလက်ခံနိုင်တဲ့ ရသစာပေဖြစ်တယ်။ "ကံကောင်းခြင်း" မှာ လိုက်နာရမယ့် စည်းမျဉ်းတွေကိုလည်း ဖော်ညွှန်းထားတယ်။ အမှန်တကယ်လက်တွေ့ဘဝနဲ့ နီးစပ်တဲ့ စည်းမျဉ်းတွေဖြစ်ပါတယ်။ အဲဒီစည်းမျဉ်းတွေကို အခုပဲ လိုက်နာရင် အခုပဲ "ကံကောင်းခြင်း" ကို ရနိုင်မှာဖြစ်ပါကြောင်း။

Synergy Publications

# နိဒါန်း

ကျွန်တော့်ရဲ့သားသမီးဖြစ်တဲ့ Laia နဲ့ Pol အတူ ပုံပြင်ကြိုက်နှစ်သက်တဲ့ ကလေးတွေအတွက် ပေးအပ်ပါတယ်။ ပြီးတော့ ကျွန်တော်တို့နဲ့ရွယ်တူဖြစ်ပြီး ကလေးတစ်ယောက်ရဲ့ အပြစ်ကင်းစင်စိတ်ကို ထိန်းသိမ်းထားနိုင်သေးတဲ့ လူတွေအတွက်လည်း ပေးအပ်ပါတယ်။ ကျွန်တော်တို့ရဲ့ရင်ထဲမှာ ဘဝအတွက် ပျော်ရွှင်ခြင်း၊ စိတ်အားထက်သန်ခြင်းနဲ့ ရည်မှန်းချက်တွေ ပြည့်နှက်နေသေးလို့ပါ။ ဒါတွေဟာ 'ကံကောင်းခြင်း' အတွက် မရှိမဖြစ်လိုအပ်တဲ့ အချက်တွေဖြစ်ပါတယ်။

ကျွန်တော့်မိဘနှစ်ပါးဖြစ်တဲ့ Gabriel နဲ့ Carmen ကိုလည်း ပေးအပ်ပါတယ်။ သူတို့ရဲ့ချစ်ခြင်း၊ ယုံကြည်မှုက ကျွန်တော်လက်ကိုင်ထားရတဲ့ စံနမူနာတွေ ဖြစ်လို့ပါ။ သားသမီးတွေကို ချစ်မြတ်နိုးတဲ့ မိဘတိုင်းကိုလည်း ပေးဆပ်ပါတယ်။ သူတို့က ကံကောင်းခြင်းမျိုးစေ့တွေကို ကြဲပက်ခဲ့လို့ပါ။

ပြီးတော့ ကိုယ့်ဘဝကို တခြားလူအတွက် ရက်ရက်ရောရော သဘောထားကြီးစွာ ပေးအပ်မြှုပ်နှံထားသူတွေကိုလည်း ပေးဆပ်ပါတယ်။ သူတို့က လှပတဲ့ လူ့ဘဝဇာတ်လမ်းတွေထဲမှာ အင်အားကြွံနိုင်မှု အဖျတ်လတ်ဆုံးအဖြစ် ပါဝင်သရုပ်ဆောင်သူတွေဖြစ်လို့ပါပဲ။

*အလက်(စ်)ရိုဗီယာ (Alex Rovira)*

ကျွန်တော့်ရဲ့ဖခင်ဖြစ်တဲ့ Guillermo Trias de Bes အတွက် ကျွန်တော့်ရဲ့ ချစ်ခြင်း၊ ကျေးဇူးတွေနဲ့အတူ ပေးအပ်ပါတယ်။ သူက ကျွန်တော့်ကို 'ကံကောင်းခြင်း' စည်းမျဉ်းစည်းကမ်းတွေကို သင်ပေးခဲ့လို့ပါပဲ။ ဘာဒဏ္ဍာရီပုံပြင်အကူမှ မလိုဘဲ ကျွန်တော့်ကို သူကိုယ်တိုင် သရုပ်ပြလုပ်ဆောင်ခဲ့တာပါ။

ကံကောင်းခြင်းကို ကိုယ်တိုင်ဖန်တီးနိုင်တယ်ဆိုတဲ့ သော့ချက်ကို ကျွန်တော်အသိရအောင် လုပ်ဆောင်ခဲ့သူက ကျွန်တော့်ဖခင်ပါပဲ။ အခက်အခဲပြဿနာကို ရင်ဆိုင်ဖြေရှင်းချိန်မှာ ယုံကြည်စိတ်၊ ခွင့်လွှတ်စိတ်၊ ပြီးတော့ ရင်ထဲမှာ ချစ်ခြင်းမေတ္တာတွေ ရှိရမယ်လို့ ဖခင်ကပဲ ကျွန်တော့်ကို လမ်းပြသွန်သင်ခဲ့ပါတယ်။

*ဖာနန်ဒိုထရီးယား(စ်)ဒီဘက်စ် (Fernando Trias de Bes)*

မာတိကာ

၁။ **အခန်း (၁)** ၇
မမျှော်လင့်ဘဲ တွေ့ဆုံခြင်း

၂။ **အခန်း (၂)** ၁၉
ထူးခြားဆန်းကြယ်တဲ့ ကံကောင်းခြင်းအပင် (Magic Clover)
၁။ မာလင် (Merlin) မှ စစ်သည်တော်သို့ စိန်ခေါ်ခြင်း
၂။ မြေစောင့်နတ်၊ လောကနတ်သား
၃။ ရေကန်စောင့်နတ်သမီး
၄။ တောဘုရင်မ စကော်ရာ (Sequoia)
၅။ စတုံး (Ston)… ကျောက်နတ်ဘုရားမ
၆။ တောအုပ်ထဲမှာ စစ်သည်တော်နှစ်ဦး ပထမအကြိမ်တွေ့ဆုံပြီ
၇။ နော့ (Nott) ကို ရှာခဲ့တဲ့ စုန်းမနဲ့ ဖီးကွက်
၈။ စစ် (Sid) ကို ရှာခဲ့တဲ့ စုန်းမနဲ့ ဖီးကွက်
၉။ လေနတ်သား … ကံကြမ္မာ၊ ကံရဲ့အရှင်သခင်
၁၀။ နန်းတော်မှာ မှော်ဆရာမာလင်နဲ့တွေ့ဆုံကြ

၃။ **အခန်း (၃)** ၈၇
ပြန်လည်တွေ့ဆုံခြင်း

၄။ **အခန်း (၄)** ၉၂
ပညာရှိတို့ရဲ့ ကံကောင်းခြင်း အဆိုအမိန့်

၅။ **အခန်း (၅)** ၉၈
ကံကောင်းခြင်း စည်းမျဉ်း၊ နိဂုံးနဲ့ဖွင့်ဆိုချက်အသစ်

၆။ မြန်မာပြန်သူ နိုင်းနိုင်းစနေ အတ္ထုပ္ပတ္တိအကျဉ်း

၇။ မူရင်းစာရေးဆရာများ အတ္ထုပ္ပတ္တိအကျဉ်း

အခန်း(၁)

# မမျှော်လင့်ဘဲ တွေ့ဆုံခြင်း

# မမျှော်လင့်ဘဲ တွေ့ဆုံခြင်း

နွေဦးရာသီရဲ့နေဝင်ဖျိုးဖျသည့်နေခင်းတစ်ခုမှာ စီးပွားရေးသမား တစ်ဦးဖြစ်တဲ့မက်စ် (Max) ဟာမြို့လယ်ကပန်းခြံကြီးတစ်ခုထဲအေးအေးလူလူဝင်ရောက်ခဲ့ပြီး ထိုင်နေကျသူ့အနှစ်သက်ဆုံး ခုံတန်းရှည်ကြီးတစ်ခုပေါ်ထိုင်ချလိုက်ပါတယ်။ မက်စ်ဟာ အဲဒီနေရာမှာ ဆိတ်ဆိတ်ငြိမ်ငြိမ်ထိုင်နေပြီး နက်ခ်တိုင်ကို ဖြေလိုက်ပါတယ်။ ရှူးဖိနပ်ကို ချွတ်လိုက်ပါတယ်။ ခြေဗလာကိုစိတ်လွတ်ကိုယ်လွတ် မြက်ခင်းပြင်ပေါ် ချထားလိုက်ပါတယ်။ မက်စ် (Max) က (၆၄) နှစ်ရှိပါပြီ။ အလုပ်အကိုင်စီးပွားရေး အောင်မြင်သူတစ်ဦးဖြစ်ပြီး အားလပ်ချိန်တိုင်း ဒီနေရာမှာ လာထိုင်ရတာကို သူ နှစ်သက်ခဲ့ပါတယ်။

ဒါပေမဲ့ ဒီညနေမှာတော့ ခါတိုင်းထက် ထူးခြားနေပါတယ်။ မျှော်လင့်မထားတဲ့အရာတစ်ခု ဖြစ်လာခဲ့လို့ပါပဲ။

ဂျင် (Jim) လို့ခေါ်တဲ့ အသက် (၆၀) ကျော်အမျိုးသားတစ်ဦးဟာ မက်စ်ထိုင်နေတဲ့ ခုံတန်းဘက် လျှောက်လာပါတယ်။ ဂျင်ကြည့်ရတာ ခြေကုန်လက်ပန်းကျပြီး ပင်ပန်းနေတဲ့ ပုံပါပဲ။ ခြေလှမ်းတွေကလည်း ယိုင်နဲ့နေပါတယ်။ သူဟာ

သူကိုယ်သူဂုဏ်သိက္ခာရှိအောင် အတတ်နိုင်ဆုံးကြိုးစားခဲ့တယ်ဆိုပေမယ့်ကြည့်လိုက်တာနဲ့ ဘဝရဲ့အနိမ့်ဆုံးမှတ်ရောက်နေသူမှန်း သိသာနေပါတယ်။ တကယ်တမ်းလည်း ဘဝကို ဂျင် ခက်ခက်ခဲခဲဖြတ်သန်းနေရပါတယ်။ ဒီနှစ်တွေအတွင်းမှာ ဘာလုပ်လုပ် သူ့အဆင်မပြေဖြစ်ခဲ့ရပါတယ်။ နာလန်ထနိုင်မယ့် လမ်းစတောင်မတွေ့ခဲ့ပါဘူး။

မက်စ်ဘေးနားဂျင် ထိုင်ချလိုက်တဲ့အချိန်မှာ နှစ်ယောက်သား မျက်လုံးချင်း ဆုံကြည့်မိလိုက်ကြတယ်။ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးခဲ့ဖူးတဲ့ ခံစားချက်မျိုး သူတို့ခံစားလိုက်ရတယ်။ ဟိုးအရင်ကတည်းက ရင်းနှီးခဲ့ဖူးတဲ့ ခံစားချက်မျိုးဖြစ်တယ်။

"ခင်ဗျား...မက်စ် မဟုတ်လား" လို့ ဂျင်က မေးတယ်။

"ဂျင်လား..." လို့ မက်စ်ပြန်ဖြေပါတယ်။ စိတ်ထဲမှာတော့ ဒီလူဟာ ကွဲကွာနေတာ နှစ်တော်တော်ကြာပြီဖြစ်တဲ့ သူ့ရဲ့သူငယ်ချင်းဖြစ်မယ်ဆိုတာကို တပ်အပ်သိလိုက်တယ်။

"တိုက်ဆိုင်လိုက်တာ..."

ဂျင် စိတ်လှုပ်ရှားလွန်းလို့ မျက်ရည်လည်မိပါတယ်။

"မယုံနိုင်စရာကောင်းလိုက်တာ။ နှစ်တော်တော်ကြာခဲ့ပြီးမှ မင်းကို ဒီနေရာမှာတွေ့တယ်"

မက်စ်က တအံ့တသြဆိုပါတယ်။

ပြောပြောဆိုဆို နှစ်ယောက်သား ထရပ်ပြီး တစ်ယောက်ကို တစ်ယောက် တင်းတင်းကျပ်ကျပ်ပွေ့ဖက်ကာ အားပါးတရ အော်ရယ်လိုက်ကြတယ်။

တကယ်တော့ မက်စ်နဲ့ ဂျင်က ငယ်ပေါင်းတွေပါ။ အသက် (၂) နှစ်မှ (၁၀) နှစ်အထိ နေ့ရက်တိုင်းအတူတကွရှိနေခဲ့ကြသူတွေဖြစ်တယ်။ အဲဒီတုန်းက သူတို့ဟာ လူနေမှုနိမ့်ကျတဲ့ ရပ်ကွက်တစ်ခုမှာ နေထိုင်ခဲ့ကြတဲ့ အိမ်နီးချင်းတွေဖြစ်တယ်။

"မင်းရဲ့ ဒီတစ်မူထူးခြားတဲ့ ပြာလဲ့လဲ့မျက်လုံးကို ငါမှတ်မိနေတယ်" လို့ မက်စ်က ဂျင်ကိုပြောတယ်။

"ခင်းရဲ့ရိုးစင်းဖြောင့်မတ်တဲ့မျက်ဝန်းကို ကြည့်လိုက်တာနဲ့ မင်းဆိုတာကို ငါတပ်အပ်သိလိုက်တယ်။ နှစ်ပေါင်း ၅၄ နှစ်တောင် ကျော်လွန်သွားခဲ့ပြီနော်၊ မင်း လုံးဝ မပြောင်းလဲဘူးကွာ" လို့ ဂျင်က ပြောတယ်။

နှစ်ယောက်သား ငယ်ဘဝနှောင်းဖြစ်တွေကို ပြန်ပြောဖြစ်ခဲ့ကြတယ်။ နှစ်တော်တော်ကြာ မေ့လျော့နေခဲ့တဲ့သူ၊ အရာတော်တော်များများက သူတို့ရဲ့ မှတ်ဉာဏ်ထဲ တရိပ်ရိပ်ပေါ်လာခဲ့တယ်။ စကားထဲကနေ ဂျင်ရဲ့အဆင်မပြေမှုတွေ၊ ဝမ်းနည်းမှုတွေကို မက်စ်မြင်တွေ့လိုက်ရတယ်။

"ပြောပါဦးသူငယ်ချင်းရာ... ဒီနှစ်တွေအတွင်းမှာ မင်းအဆင်ပြေရဲ့လား"

"ငါ့ရဲ့ ဒီဘဝတစ်သက်က အကျအရှုံးများစွာနဲ့ပါကွာ"

ဂျင်က ပခုံးတွန့် ပြရင်း သက်ပြင်းရှည်နဲ့ ပြန်ဖြေတယ်။

"ဘယ်လိုဖြစ်ရတာလဲ"

"ငါတို့ (၁၀) နှစ်အရွယ်လောက်တုန်းက ငါတို့မိသားစု ရုတ်တရက် အိမ်ပြောင်းသွားခဲ့တာကို မင်းမှတ်မိသေးလား။ အဲဒီကစ ငါတို့ အဆက်အသွယ် ပြတ်သွားခဲ့ကြတယ်။ ငါတို့အိမ်ပြောင်းရတာက ငါ့အဖေဘက်က သွေးဝေးတဲ့ ဦးလေးတစ်ယောက်မှာ သားသမီးမရှိဘူး။ အဲဒီဦးလေးဆုံးတော့ သူ့အမွေတွေ အားလုံးငါ့အဖေအတွက် ချန်ခဲ့တယ်။ ဒါကြောင့် အဲဒီတုန်းက ငါတို့ လူမသိသူမသိ တိတ်တိတ်လေးအိမ်ပြောင်းခဲ့ကြတယ်။ ဒါဟာလည်း ငါ့အဖေက သူ့အမွေရလိုက်တဲ့အကြောင်း တခြားသူကို မသိစေချင်တာပါ။ ဒါနဲ့ ငါတို့ အဆောတလျင် အိမ်ပြောင်းတယ်၊ ကားလဲလိုက်တယ်၊ အိမ်နီးချင်း၊ သူငယ်ချင်းအားလုံးအသစ်တွေ ဖြစ်ကုန်တယ်။ အဲဒီကစ မင်းနဲ့ငါ အဆက်အသွယ်ပြတ်သွားတော့တာပဲနော်..."

"သြော်... ဒါကြောင့်ကိုး... ငါတို့ သူငယ်ချင်းတွေအားလုံးက မင်းတို့ မိသားစု ဘာများဖြစ်တာပါလိမ့်လို့ မေးခဲ့ကြတယ်။ ဒါနဲ့ မင်းတို့မိသားစု တကယ်ပဲ အဲဒီလောက် အမွေတွေရလိုက်တာလား"

"ဟုတ်တယ်... အဲဒီထဲမှာ အမြတ်အစွန်းများတဲ့အမွေတစ်ခုပါတယ်၊ အဲဒါကတော့ စီးပွားဖြစ် လည်ပတ်အားကောင်းနေပြီး အမြတ်အစွန်းများတဲ့ အထည်အလိပ်စက်ရုံကြီးတစ်ရုံပါပဲ။ အဲဒီစက်ရုံကို ငါ့အဖေလက်ထဲရောက်တော့

ချလိုက်တဲ့အချိန်မှာ ဆိုင်ခန်းငှားခတွေက ဈေးတက်ကုန်လို့ ငါခြေလှမ်းမစရဲ ဖြစ်ခဲ့ပြန်တယ်။ ရောင်းရတဲ့ငွေက ရင်းထားတဲ့ငွေနောက် အမီမလိုက်နိုင်ခဲ့ဘူး။ ကုန်ကျငွေတွေ ပိုများခဲ့တယ်။ ဒီလိုနဲ့ ပိုင်ဆိုင်မှုတွေ ရောင်းပြီးမှ ငါအကြွေး ဆပ်ရတော့တယ်။ စက်ရုံရောင်းတယ်။ အိမ်ရောင်းတယ်။ ပြီးတော့ တခြား ပစ္စည်းတွေရောင်းတယ်။ အဲဒီလိုနဲ့ ဘာမှမရှိတော့ဘူး။ အရင်တုန်းက ငါ ဘာမဆို ရှိတယ်။ ဘာလိုချင်ရင် လိုချင်တာရတယ်။ ဒါပေမဲ့ ဒါတွေဟာ ငါ့လက်ထက် ရောက်မှ အကုန်ပြောင်သွားခဲ့ရတယ်။ ငါ့ကိုက ကံမကောင်းတာလို့ပဲ ငါပြောနိုင် တော့တယ်။ ကံက ဘယ်တော့မှ ငါ့ကို မစောင်မခဲ့ဖူးဘူးကွာ"

"နောက်တော့ မင်း…ဘယ်လိုဖြစ်သွားလဲ"

"ဘယ်လိုဖြစ်ရမလဲကွာ… ဘာမှကို မရှိတော့တာပေါ့။ အရင်တုန်းက ငါ့ကိုမြှောက်ပင့်ပေါင်းဖက်ခဲ့တဲ့လူတွေလည်း အခုချိန်မှာ ငါ့ကို ဂရုမစိုက်တော့ပါ ဘူးကွာ။ အလုပ်တွေအများကြီး ငါရှာခဲ့လည်း လုပ်ကျင့်မရှိတာနဲ့၊ သူ့ဌေးနဲ့မတည့် တာနဲ့ ဆက်မလုပ်ဖြစ်ခဲ့ဘူး။ ထမင်းနပ်မှန်အောင် မစားရတဲ့အချိန်တောင် ရှိခဲ့တယ်။ ဒီ ၁၅ နှစ်ကို ငါ ခက်ခက်ခဲခဲဖြတ်ကျော်ခဲ့ရတယ်။ တစ်ခါတလေ တခြား သူကို စာရင်းလုပ်ပေးလို့ရတဲ့ ငွေလေးနဲ့ စားခဲ့ရတယ်။ တစ်ခါတလေ ငွေတစ်ပြား တစ်ချပ်မှ မရှိတော့တဲ့အခါ စိတ်ကောင်းရှိသူတွေ စွန့်ကြဲတဲ့ငွေလေးနဲ့ အသက် ဆက်ခဲ့ရတယ်။ ဟင်း… ကံဆိုးခြင်းထဲကနေ ငါရုန်းမထွက်နိုင်ခဲ့ဘူးကွာ"

ဂျင်က စကားကို ဆက်ပြောနေရင်း ဘေးမှ သူငယ်ချင်းဟောင်းကို စကား လှည့်မေးလိုက်တယ်။

"မင်းအကြောင်းလည်းပြောပါဦး…ဒီနှစ်တွေမှာမင်းအဆင်ပြေလား… ကံကောင်းသလား"

မက်စ်ပြုံးလိုက်ပြီး "မင်း မှတ်မိသေးလား။ ငါ့မိဘတွေက ဆင်းရဲတယ်။ အဲဒီတုန်းက မင်းတို့မိသားစု အဲဒီရပ်ကွက်မှာနေခဲ့ချိန်တုန်းက တော်တော်လေး အဆင်မပြေဖြစ်ခဲ့တယ်နော်။ ငါတို့မိသားစုဆိုပိုဆိုးပေါ့။ ငါ့မိဘတွေက ဆင်းရဲသား လူတန်းစားက ပေါက်ဖွားလာခဲ့သူမို့ အလုပ်အကိုင်လည်းအတည်တကျမရှိခဲ့ဘူး။ နေ့ဝင်မိုးချုပ်တာတောင် ညစာစားဖို့ မရှိခဲ့ဘူး။ မင်းရဲ့အမေက ငါတို့ဆင်းရဲ

ကျပ်တည်းတာကိုသိတော့ စားစရာတွေ တစ်ခါတလေ လာပို့ပေးသေးတယ်။ ပြီးတော့ ငါ့မိဘတွေက ငါ့ကို ကျောင်းမထားပေးနိုင်ခဲ့ကြဘူး။ ဒါကြောင့် ဘဝ တက္ကသိုလ်မှာပဲ ငါကြိုးစားသင်ယူခဲ့ရတယ်။ ငါ့အသက် (၁၀) နှစ်မှာ… မင်းတို့ ဘာမပြော ညာမပြောနဲ့ အိမ်ပြောင်းသွားတဲ့နှစ်ပဲပေါ့။ အဲဒီနှစ်မှာ ငါအလုပ် စလုပ်ခဲ့တယ်"

"ငါ့ရဲ့ပထမဆုံးအလုပ်က ကားရေဆေးတဲ့အလုပ်။ အဲဒီနောက် ဟိုတယ် ရှေ့မှာ ဧည့်သည်တွေရဲ့ပစ္စည်း သယ်ပေးတဲ့သူ လုပ်ခဲ့တယ်၊ သိပ်မကြာဘူး… ငါ ရာထူးတိုးခဲ့တယ်။ ကြယ်ငါးပွင့်ဟိုတယ်ရဲ့ တံခါးစောင့်ဖြစ်ခဲ့တယ်။ အသက် (၂၁) နှစ်မှာ အကြောင်းတရားတစ်ခုကို ငါသိလိုက်တယ်။ အဲဒီကတော့ **ကြိုးစား လုပ်ဆောင်ရင် ငါလည်း ကံကောင်းခြင်းတွေ ပိုင်ဆိုင်နိုင်တယ် ဆိုတာပါပဲလို့**"

"ဒါနဲ့… မင်း ဘာတွေလုပ်ခဲ့သလဲ" လို့ဂျင်က အခွင့်သင့်တုန်း သံသယ အမေးနဲ့ မေးခွန်းထုတ်တယ်။ စိတ်ထဲမှာတော့ သိလိုစိတ်အပြည့်ပါပဲ။

"အဲဒီတုန်းက လက်ကိုင်အိတ်စက်ရုံလေးတစ်ရုံက ဒေဝါလီခံတော့ မယ်လို့ ငါကြားလိုက်တယ်။ ဒါနဲ့ ငါ့မှာစုထားတဲ့ ငွေကြေးတွေအားလုံးနဲ့အတူ ဘဏ်က ချေးငွေအနည်းငယ်နဲ့ အဲဒီစက်ရုံကို ငါဝယ်ယူလိုက်တယ်။ ကြယ်ငါး ပွင့်ဟိုတယ်နဲ့စားသောက်ဆိုင်မှာ ငါအလုပ်လုပ်ခဲ့စဉ်တုန်းက လူတွေရဲ့လက်ကိုင် အိတ်ပုံစံအမျိုးမျိုးကို ငါတွေ့ခဲ့ဖူးတယ်။ ဒါကြောင့် ပိုက်ဆံရှိတဲ့လူတွေက ဘယ်လို လက်ကိုင်အိတ်ကြိုက်တယ်ဆိုတာကို ငါသိတယ်၊ အဲဒီပုံစံ လက်ကိုင်အိတ်တွေ အတိုင်း ငါလုပ်လို့ရနိုင်တယ်။ လုပ်ငန်းစတင်လည်ပတ်တဲ့ကာလမှာ ထုတ်လုပ်မှု ကနေ ရောင်းဝယ်မှုအထိ ငါကိုယ်တိုင်လုပ်ဆောင်ခဲ့တယ်။ ငါ မအိပ် မစားဘဲ ကြိုးစားခဲ့တယ်။ တစ်ရက်မှ မနားခဲ့ဘူး။ ပထမနှစ်မှာ လုပ်ငန်းလည်ပတ်မှု အဆင်ပြေခဲ့တယ်၊ အဲဒီက ရတဲ့ အမြတ်တွေအားလုံးနဲ့ အိတ်ပုံစံအသစ်တွေ ငါ ပိုတိုးချဲ့လုပ်ကိုင်ခဲ့တယ်။ နေရာအနှံ့သွားပြီး တခြားကုမ္ပဏီတွေ ဘာအိတ် အမျိုးအစား ထုတ်လုပ်နေသလဲလို့ သွားရောက်လေ့လာခဲ့တယ်၊ တခြားသူ တွေထက် လက်ကိုင်အိတ်တွေကို ငါပိုနားလည်ရမှာမို့ပါ။ သားရေအရောင်းဆိုင် တော်တော်များများကို ငါ လှည့်ပတ်လေ့လာခဲ့ပြီးနောက် အကျိုးရလဒ်တွေ

ငါတော်တော်ရလိုက်တယ်။ လူတွေ အိတ်လွယ်ထားရင်တောင် သူတို့ကို ငါသွားမေးတတ်ခဲ့တယ်။ သူတို့လွယ်ထားတဲ့ အဲဒီအိတ်ကို ဘာကြောင့်ကြိုက်သလဲ၊ အိတ်ရဲ့ဘယ်နေရာက သူတို့ကို စိတ်တိုင်းမကျစေသလဲလို့ မေးခဲ့တယ်"

လုပ်ငန်းစတင်ထူထောင်ခဲ့တဲ့နှစ်တွေကို ပြန်ပြောင်းပြောကြားရင်း မက်စ် အလွန်တက်ကြွနေခဲ့ပါတယ်။ သူက ဆက်ပြီး ပြောပါတယ်။

"နောက်တော့ ရောင်းအား၊ ဝယ်လိုအားတွေ တောက်လျှောက်တိုးပွားလာခဲ့တယ်။ ၁၀ နှစ်ကာလအတွင်း ငါရှာဖွေခဲ့တဲ့ငွေတွေအားလုံးနဲ့ ငါရင်းနှီးမြှုပ်နှံလိုက်ပြန်တယ်။ ဖြစ်နိုင်ခြေများမယ်လို့ ငါထင်တဲ့လုပ်ငန်းတိုင်းကို အခွင့်အရေးရှာပြီး ငါသတ္တိရှိရှိမြှုပ်နှံခဲ့တယ်။ ငါတို့ရဲ့အရောင်းရဆုံးလက်ကိုင်အိတ်ပုံစံကို နှစ်တိုင်း ဒီဇိုင်းအသစ်အသစ် ဖန်တီးတယ်။ ဒီဇိုင်းပုံစံတစ်မျိုးတည်းဆိုတာမျိုး လုံးဝမရှိစေရဘူး။ စက်ရုံက တစ်ခုခုပြဿနာဖြစ်ရင် နောက်ရက်တွေအထိ ငါ အချိန်ဆွဲပြီး မဖြေရှင်းဘူး။ တစ်စုံတစ်ခုပြဿနာကြီးကြီးသေးသေး အားလုံး ငါပဲ တာဝန်ခံဖြေရှင်းတယ်။ ဒီလိုနဲ့ စက်ရုံတွေ တစ်ရုံပြီးတစ်ရုံ ငါဝယ်ယူခဲ့တယ်။ လုပ်ငန်းချဲ့ထွင်မှု ပိုပိုကြီးလာခဲ့တယ်။ ကြီးမားတဲ့စီးပွားရေးပိုင်နက် ထူထောင်ခဲ့တယ်။ တကယ်တမ်းတော့ ဒီလိုဖြတ်သန်းမှုတွေက မလွယ်ကူခဲ့ဘူး။ ဒါပေမဲ့ အကျိုးရလဒ်က ငါလုပ်ငန်းစထူထောင်စက မျှော်မှန်းခဲ့တဲ့ ရလဒ်ထက်တောင် သာလွန်ခဲ့ပါတယ်"

ဒီအချိန်မှာ ဂျင်က စကားဖြတ်ပြီး တမင်တကာလိုလို မတော်တဆလိုလိုနဲ့ ဒီလိုကောက်ချက်ချပါတယ်။

"မင်း ကံအရမ်းကောင်းတယ်လို့ မင်းမထင်ခဲ့ဘူးလား"

"မင်း ဘာလို့ ဒီလိုတွေးရတာလဲ။ ဒါဟာ ငါကံကောင်းတာနဲ့ပဲ ဆိုင်တယ်လို့ မင်းထင်နေတာလား" လို့ မက်စ်က တအံ့တသြ ပြောပါတယ်။

"ငါ မတော်လို့ပြောမိတာပါ။ မင်းကို နှိမ်ချလိုက်တဲ့သဘော မဟုတ်ပါဘူး။ ဒါဟာ မယုံနိုင်စရာမို့ပါ။ မင်းတစ်ယောက်တည်း ကြိုးစားရုန်းကန်ရုံနဲ့ ဒီလိုအောင်မြင်မှုတွေရယူနိုင်ခဲ့တယ်။ တချို့က မွေးလာတာနဲ့ ကံကောင်းခဲ့တယ်။ ကံတရားက သူတို့ဘက်မှာပဲ ရပ်တည်ခဲ့ပြီး ကံကောင်းခြင်းက သူတို့ကို အမြဲပြုံးပြ

နှုတ်ဆက်ခဲ့တယ်။ ငါကိုတော့ ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင် မထင်ခဲ့ဘူး။ အဲဒီလိုပဲ ဖြစ်ခဲ့တာပဲလေ သူငယ်ချင်းကြီးရာ" လို့ ဂျင်က ညင်ညင်သာသာနဲ့ ဖြေရှင်းတယ်။

မက်စ် တိတ်ဆိတ်သွားခဲ့ပြီး တစ်အောင့်ကြာမှ သူ စကား စပြောတယ်။

"ငါပြောမယ်... ငါဟာ ရှေ့မျိုးဆက်ကနေ ဘာအမွေအနှစ်မှမရခဲ့ဘူး ဆိုပေမယ့် ငါ့အဘိုးက ငါ့ကို ပိုကောင်းတဲ့ပစ္စည်းဥစ္စာတစ်ခုတော့ ချန်ထားပေးခဲ့တယ်။ "ကံတရား" နဲ့ "ကံကောင်းခြင်း" က ဘယ်လိုကွာခြားသလဲ မင်းသိလား"

"မသိဘူး..." လို့ ဂျင် က အားမပါတဲ့လေသံနဲ့ ဖြေတယ်။

"ငါ့အဘိုး ငါတို့နဲ့အတူနေခဲ့စဉ်တုန်းက ငါ့ကို သူ ပုံပြင်လေးတစ်ပုဒ် ပြောပြခဲ့တယ်။ အဲဒီပုံပြင်ထဲကနေ "ကံတရား" နဲ့ "ကံကောင်းခြင်း" ရဲ့ခြားနားချက်ကို ငါနားလည်စေခဲ့တယ်။ အဲဒီပုံပြင်လေးက ငါ့ဘဝတစ်သက်တာကို ပြောင်းလဲစေခဲ့တယ်လို့ ဒီကနေ့ထက်ထိ ငါထင်နေတုန်းပဲ။ ကြောက်ရွံ့ခြင်းထဲ ငါနစ်ဝင်နေတာပဲဖြစ်ဖြစ်၊ တံ့နေးတွေဝေ၊ ဝေခွဲမရတဲ့အခါပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် ရင်ထဲမှာ ပျော်ရွှင်ကြည်နူးခြင်း၊ ဝမ်းသာခြင်းနဲ့ ကျေးဇူးတရားသိမြင်တဲ့အခါပဲဖြစ်ဖြစ် အဲဒီပုံပြင်လေးက ငါ့အပါး အချိန်ပြည့်အမြဲရှိနေခဲ့တယ်။ ဒီပုံပြင်လေးကြောင့်ပဲ ခြောက်နှစ်တာ ပင်ပင်ပန်းပန်း ကြိုးစားရှာဖွေခဲ့တဲ့ငွေကြေးတွေနဲ့ အဲဒီစက်ရုံလေးကိုဝယ်ယူဖို့ ငါဆုံးဖြတ်ချက်ချနိုင်ခဲ့တယ်။ အဲဒီနောက်ပိုင်း အရေးကြီးတဲ့ ရွေးချယ်ဆုံးဖြတ်မှုနဲ့ ကြုံတဲ့အခါမှာလည်း ဒီပုံပြင်လေးက အဓိက အရေးပါတဲ့အရာ ဖြစ်ခဲ့တယ်"

မက်စ်က စကားတတွတ်တွတ်ပြောနေချိန်မှာ ဂျင်ကတော့ ကိုယ်ကို ကျုံ့ပြီး မြေကြီးကို ခေါင်းငိုက်စိုက်ကြည့်နေခဲ့တယ်။

"အသက် (၆၄) နှစ်ဆိုတာ ပုံပြင်နားထောင်တဲ့အရွယ်ကို ကျော်လွန်သွားခဲ့ပြီဆိုပေမယ့် လူကို ဆင်ခြင်သုံးသပ်မှုပေးတဲ့အရာဆိုရင် ဘယ်အချိန်နားထောင် နားထောင် မနှောင်းဘူးလို့ ငါထင်တယ်။ စကားပုံတစ်ခုလိုပေါ့... စိမ်းစိုတဲ့ တောတန်းကို ထိန်းသိမ်းထားနိုင်သရွေ့တော့ မီးစိုက်ဖို့ ထင်းမရှိမှာ

မကြောက်ဘူးဆိုသလိုမျိုး မင်းသာ နားထောင်မယ်ဆိုရင် အဲဒီပုံပြင်ကို ငါ ပြောပြမယ်"

ဂျင်က တိတ်ဆိတ်မြဲ တိတ်ဆိတ်နေလို့ မက်စ်က စကားဆက်ပြန်တယ်။

"အဲဒီပုံပြင်လေးက လူတော်တော်များများကို ကူညီခဲ့ဖူးတယ် သိလား။ စီးပွားရေးသမားပဲဖြစ်ဖြစ်၊ တခြားလုပ်ငန်းလုပ်ကိုင်တဲ့ စိတ်သဘောထားကြီးသူတွေကိုရော အကျိုးအမြတ်တွေ ရရှိစေခဲ့တယ်။ လူတွေက "ကံတရား" နဲ့ "ကံကောင်းခြင်း" ရဲ့ ခြားနားချက်ကို လက်ခံသင်ယူနိုင်ခဲ့ကြပြီး လုပ်ငန်းခွင်မှာ ထူးကဲတဲ့လုပ်ရပ်တွေ လုပ်ဆောင်နိုင်ခဲ့ကြတယ်။ တချို့က အချစ်စစ်၊ အချစ်မှန်ကိုတောင် ရှာဖွေနိုင်ခဲ့တယ် သိလား။

"တခြားအားကစားသမား၊ အနုပညာသည်၊ သိပ္ပံပညာရှင်နဲ့ သုတေသီတွေလည်းအကျိုးအမြတ်တွေဖြစ်ထွန်းခဲ့တယ်။ ငါကိုယ်တိုင် မျက်စိတပ်အပ်တွေ့မြင်ခဲ့ဖူးတဲ့ အောင်မြင်မှုသာဓက မနည်းခဲ့ဘူး။ ဒါကြောင့် မငြီးမငွေ့ ဒီအကြောင်းတွေ မင်းကိုပြောပြနေတာပေါ့။ ဒီထူးခြားတဲ့ပုံပြင်လေးဟာ လူတော်တော်များများရဲ့အပေါ်မှာ ထူးခြားမှုတွေဖြစ်ပွားခဲ့တာ အသက် (၆၄) နှစ်ရောက်တဲ့အထိ ငါ အများကြီးတွေ့မြင်ခဲ့ဖူးပြီပေါ့ကွာ..."

ဂျင်က ကိုယ်ကို ထောင်မတ်လိုက်တယ်။ စိတ်ဝင်စားမှုကြောင့်ပဲလား မသိ... သူ ပါးစပ်ဟာပြီး စကားစပြောပါပြီ။

"ကောင်းပြီလေ..."ကံတရား" နဲ့ "ကံကောင်းခြင်း" ရဲ့ ခြားနားချက်အကြောင်း ငါ့ကို မင်းပြောပြပါဦး"

မက်စ်က ပြန်မဖြေခင်မှာ ခဏလောက် စဉ်းစားလိုက်တယ်။

"မင်းတို့မိသားစု အမွေတော်တော်ရလိုက်တာဟာ မင်းတို့ကံတရားကြောင့်ပေါ့။ ဒါပေမဲ့ ကံတရားက လူ့အလိုမလိုက်ဘူး။ မြဲလည်းမမြဲဘူး။ ဒါကြောင့် မင်းမှာ ကံတရားဆိုတဲ့ ဗလာပဲရှိခဲ့လို့ မင်း အခု ဘာမှမရှိတဲ့ ဘဝကို ရောက်ခဲ့တာပေါ့။ ဒါပေမဲ့ ငါ့ကိုကြည့်စမ်း... ငါက ကြိုးစားအားထုတ်မှုနဲ့ ကံတရားကို ဖန်တီးတယ်။ ကံတရားက ကိုယ့်အတွက် မဟုတ်ဘူး။ ကံကောင်းခြင်းကမှ ကိုယ့်

လက်ထဲ ဆုပ်ကိုင်ထားတဲ့အရာ။ တကယ်ပဲ ကံတရားဆိုတာ မရှိဘူး လို့တောင် ငါက ထင်ထားခဲ့တာ"

"မင်းပြောတဲ့သဘောက တကယ်တမ်းမှာ ကံတရားဆိုတာ မရှိဘူး ပေါ့..."

"ဒီလိုပြောရအောင်... ကံတရားဆိုတာရှိတယ်။ ဒါပေမဲ့ ကံတရားက ကိုယ့်အပေါ် သက်သက်မဲ့ကျရောက်တယ်ဆိုတာမျိုးက လုံးဝမှားယွင်းတယ်။ တစ်နေ့နေ့မှာ ကံတရားက ကိုယ့်ဆီရောက်လာခဲ့တယ်ဆိုရင်တောင် ခဏလေး ရောက်လာတာပါပဲ။ ကိုယ့်ဆီမှာ အကြာကြီးနေမှာ မဟုတ်ဘူး။ မင်းသိလား။ ထီပေါက်တဲ့သူ ၉၀% လောက်ဟာ ၁၀နှစ်တောင်မကြာဘူး။ ပေါက်ထားတဲ့ငွေတွေ ကို ဖြုန်းကုန်ပြီး နဂိုဘဝထဲပြန်ရောက်သွားကြတယ်။ "ကံကောင်းခြင်း" ကတော့ နေရာအချိန်မရွေး မင်းကိုယ်တိုင် မင်းအတွက် ကံကောင်းခြင်းတွေပေးနိုင်တယ်။ ဒါကြောင့်လည်း "ကံကောင်းခြင်း" လို့ ငါတို့ ခေါ်ခဲ့တယ်။ အဲဒါဟာ တကယ့် ကံကောင်းခြင်းဖြစ်တယ်"

"ဘာဖြစ်လို့တကယ့်ကံကောင်းခြင်းလို့ပြောတာလဲ...ကံကောင်းခြင်း မှာမတူတာတွေရှိသေးလို့လား"

ဂျင်က အချက်ကျကျမေးတယ်။ ကြည့်ရတာ သူငယ်ချင်းမက်စ်ရဲ့ စကားတွေက သူ့ကို တော်တော်လေးဆွဲဆောင်နေခဲ့ပြီ ထင်ပါတယ်။

"အဲဒီပုံပြင်လေးကို မင်းနားထောင်ကြည့်မလား"

ဂျင် ခဏတာ တွေဝေသွားတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နားထောင် ကြည့် လည်း မမှားပါဘူး။ အရင်လို တောက်ပတဲ့ဘဝကို မရခဲ့ရင်လည်း နစ်နာစရာ အကြောင်းတော့ မရှိပါဘူး။ အသက် (၆၄) နှစ် ရောက်နေတာတောင် သူငယ်ချင်း ပြောမယ့်ပုံပြင်ကို နားထောင်ရဦးမယ်ဆိုတော့ ကံကောင်းတယ်လို့ ဆိုရမှာပေါ့။ ငယ်ငယ်တုန်းကလို ပုံပြင်ပြောပြမယ့်သူ မရှိခဲ့တာလည်း ကြာခဲ့ပြီလေ...

"ကောင်းပြီလေ... နားထောင်ကြည့်ရတာပေါ့"


ဂျင်က သဘောတူလိုက်ပါတယ်။

* * *

ကံကောင်းခြင်းစည်းမျဉ်း
နံပါတ် (၁)

ကံတရားက အမြဲမကြာရှည်ဘူး။
အကြောင်းက သူဟာ သင်နဲ့ မသက်ဆိုင်လို့ပါ။
ကံကောင်းခြင်းက လူတစ်ဦးတစ်ယောက်ရဲ့ ကြိုးစားဖန်တီးမှုနဲ့ဆိုင်တယ်။
ဒါကြောင့် သူဟာ တာရှည်တည်မြဲတယ်။





အခန်း (၂)

# ထူးခြားဆန်းကြယ်တဲ့ ကံကောင်းခြင်းအပင်
## (Magic Clover)

## ထူးခြားဆန်းကြယ်တဲ့ ကံကောင်းခြင်းအပင် (Magic Clover)

**၁။ မာလင် (Merlin) မှ စစ်သည်တော်သို့ စိန်ခေါ်ခြင်း**

ဟိုး ရှေးရှေးတုန်းက ဝေးလံတဲ့တိုင်းပြည်တစ်ပြည်မှာ မာလင်လို့ခေါ်တဲ့ မှော်ဆရာတစ်ယောက်ဟာ တိုင်းပြည်မှာရှိတဲ့ စစ်သည်တော်တွေကို ဆင့်ခေါ်ပြီး ဘုရင့်နန်းတော်ရှေ့က ဥယျာဉ်မှာ စုစည်းခဲ့တယ်။

"လူတော်တော်များများက ကျုပ်ဆီလာပြီး စိန်ခေါ်မှုတစ်ရပ်ပြုလုပ်ပေးဖို့ တောင်းဆိုခဲ့တာ ရှည်ကြာလှပြီ။ တချို့ကလည်း တိုင်းပြည်မှာရှိတဲ့ စစ်သည်တော်တွေကို စစ်ပြိုင်ပွဲတစ်ခုပြုလုပ်ပေးဖို့ အကြံပေးခဲ့ကြတယ်။ တချို့ကလည်း လှံရှည်နဲ့ ဓားသိုင်းပြိုင်ပွဲပြုလုပ်ပေးဖို့ တောင်းဆိုခဲ့ကြတယ်။ ဒါပေမဲ့ အခုမင်းတို့ကို မတူတဲ့စိန်ခေါ်မှုတစ်ရပ် ကျုပ်ပြုလုပ်ပေးမယ်"

စစ်သည်တော်တွေက မှော်ဆရာရဲ့စကားနားထောင်ပြီး စိတ်ဝင်စားမှုတွေ နိုးကြားလာခဲ့ကြတယ်။ မာလင်က ဆက်ပြီး...

"ကျုပ်သိရသလောက်ကတော့ ခုနစ်ရက်အတွင်း တိုင်းပြည်တွင်းမှာ

ထူးခြားဆန်းကြယ်တဲ့ အရွက်လေးရွက်ပါတဲ့ ကံကောင်းခြင်းအပင်ပေါက်မယ်လို့ ဆိုတယ်"

မော်ဆရာရဲ့စကားမဆုံးခင်မှာ စစ်သည်တော်တွေအားလုံး လှုပ်လှုပ်ရွရွဖြစ်လာခဲ့ကြတယ်။ တစ်ယောက်တစ်ခွန်း တီးတိုးပြောဆိုကြရင်း အသံတွေဆူညံလာခဲ့တော့တယ်။

"တိတ်တိတ်နေကြပါ... တိတ်တိတ်နေကြပါ... ထူးခြားဆန်းကြယ်တဲ့ ကံကောင်းခြင်းအပင်က ဘာလဲဆိုတာ ကျုပ်ရှင်းပြပါရစေဦး။ ကမ္ဘာပေါ်မှာ အဲဒီအပင်ဟာ အရွက်လေးရွက်ရှိတဲ့တစ်ခုတည်းသောအပင်ဖြစ်ရုံတင်မဟုတ်ဘဲ အဲဒီအပင်ကို ရှာတွေ့တဲ့သူကိုလည်း မော်စွမ်းအားတစ်မျိုးပိုင်ဆိုင်စေပါတယ်။ အဆုံးမရှိတဲ့ ကံကောင်းခြင်းမော်စွမ်းရည်ကို ပိုင်ဆိုင်စေပါတယ်။ အဆုံးမရှိဆိုတာက အချိန်၊ နေရာအကန့်အသတ်မရှိတာကိုပြောတာပါ။ စစ်ပွဲမှာ၊ အလုပ်မှာ၊ အချစ်ရေးမှာ၊ ပစ္စည်းဥစ္စာမှာ စတဲ့အဘက်ဘက်မှာ သင့်ကိုအကျိုးဖြစ်ထွန်းမှုတွေ ဖြစ်စေပါတယ်"

စစ်သည်တော်တွေအားလုံး စိတ်အားထက်သန်စွာနဲ့ ဆူညံပွက်လောရိုက်ကုန်ကြတယ်။ လူတိုင်း အဲဒီထူးခြားဆန်းကြယ်တဲ့ အရွက်လေးရွက်ပါတဲ့ ကံကောင်းခြင်းအပင်ကို ရှာတွေ့ချင်နေကြတယ်။ တချို့က မအောင့်အည်းနိုင်ဘဲ ထရပ်လိုက်တယ်။ ပါးစပ်ကနေ အောင်မြင်မှုညာသံတွေပေးပြီး အဲဒီအပင်ကို အမြန်ဆုံးရှာတွေ့နိုင်ဖို့ ဘုရားသခင်ထံ တောင်းဆုပြုနေကြတယ်။

မော်ဆရာက အားလုံးကို တိတ်တိတ်နေပေးကြဖို့ တောင်းဆိုပြီး ဆက်ပြောပါတယ်။

"အားလုံးအသံတိတ်ပေးကြပါ...ကျုပ်ပြောလို့မပြီးသေးပါဘူး။ ထူးခြားဆန်းကြယ်တဲ့ ကံကောင်းခြင်းအပင်က ပျော်ရွှင်ခြင်းတောအုပ်မှာ ပေါက်ရောက်နေပါတယ်။ အဲဒီနေရာရောက်ဖို့ တောင် ၁၂ တောင် ကျော်ဖြတ်ပြီး သောကမြေ့ရှုကိုလွန်တာနဲ့ ရောက်ပါတယ်။ ကံကောင်းခြင်းအပင်က ဘယ်ထောင့် ဘယ်နေရာကနေ ထွက်ပေါ်လာမယ်ဆိုတာကို ကျုပ် သေချာတပ်အပ်မသိပေမယ့် အဲဒီတောအုပ်မှာ သူပေါက်မယ်ဆိုတာကိုတော့ ကျုပ်သိတယ်"

ခုနက အားတက်သရောဖြစ်နေတဲ့ အခြေအနေဟာ ခဏချင်းမှာပဲ ငြိမ်ကျသွားခဲ့ပါတယ်။ စင်အောက်မှာ အပ်ကျသံကြားရလောက်အောင် ခဏလောက်တိတ်ဆိတ်သွားခဲ့ပြီးမှ စိတ်ပျက်ညည်းတွားသံတွေဟာ ဘုရင့်နန်းတော်ရှေ့ရှိ ပန်းဥယျာဉ်ထဲကနေ ပျံ့လွင့်လာခဲ့ပါတယ်။ ပျော်ရွှင်ခြင်းတောအုပ်က ကျယ်ပြောလွန်းလှပြီး သူ့ရဲ့ဧရိယာအကျယ်အဝန်းက တိုင်းပြည်အကျယ်အဝန်းနဲ့ မတိမ်းမယိမ်းမို့ပါ။ ပြီးတော့ စတုရန်းမီတာထောင်သောင်းမက ကျယ်ဝန်းတဲ့ အဲဒီမြေဧရိယာမှာ ဘယ်နားကြည့်ကြည့် ထူထပ်အုံ့ဆိုင်းတဲ့သစ်ပင်တွေကိုသာ တွေ့ရမှာဖြစ်တယ်။ ဒီလိုကျယ်ပြောတဲ့ မြေဧရိယာပေါ်မှာ ကံကောင်းခြင်း အပင်လေးတစ်ပင်ကို ဘယ်လိုသွားရှာကြမလဲ။ ကောက်ရိုးပုံထဲမှာ အပ်ပျောက် ရှာတာကမှ အဆတစ်ထောင် လွယ်ပါဦးမယ်။ အပ်ပျောက်ရှာတာကလည်း အပ်ကို တွေ့နိုင်ခြေများပါသေးတယ်...။

ဒီလိုခက်ခဲတဲ့တာဝန်ကို ရင်ဆိုင်ရချိန်မှာ လူအများက နေရာကနေ ခွာခဲ့ကြတယ်။ ပါးစပ်ကလည်း တတွတ်တွတ် မကျေမနပ်ညည်းတွားကြတယ်။ မှော်ဆရာရှေ့ဖြတ်တော့ မှော်ဆရာကို မျက်စောင်းတစ်ချက်ခဲကြည့်ဖို့တောင် သူတို့မမေ့ခဲ့ကြဘူး။

"သဘာဝကျယုတ္တိရှိတဲ့ စိန်ခေါ်ပွဲရှိမှပဲ ကျုပ်ကို ထပ်အကြောင်းကြားတော့" လို့ တချို့က ဆိုကြတယ်။

"အစကတည်းက ဒီလိုအဓိပ္ပာယ်မဲ့တဲ့ခရီးမှန်းသိရင် ငါအလောတကြီး ပြေးလာစရာမလိုဘူးကွာ" လို့ စစ်သည်တော်တစ်ဦးက အဲဒီလိုရေရွတ်တယ်။

"ဒါ ဘာစိန်ခေါ်မှုလဲကွ ... ငါတို့ကို သဲကန္တာရပို့ပြီး အပြာရောင်သဲတွေကို ရှာခိုင်းရင်တောင် ဒီထက်လွယ်ဦးမယ်" လို့ တချို့က လှောင်သံနဲ့ပြောတယ်။

စစ်သည်တော်တွေက သူတစ်ခွန်း၊ ငါတစ်ခွန်းနဲ့ ပြောနေလိုက်ကြတာ ဥယျာဉ်တော်ကနေ ခွာတဲ့အထိပါပဲ။ နောက်ဆုံးမှ အသံတွေ တိတ်ဆိတ်ငြိမ်ကျသွားတော့တယ်။ ဒါပေမဲ့ လူနှစ်ယောက်ဟာ မှော်ဆရာနဲ့အတူ ကျန်နေခဲ့ပါတယ်။

"ဘယ်လိုလဲ...မင်းတို့နှစ်ယောက်က သွားဖို့ ဆုံးဖြတ်ထားကြပုံပဲ" လို့ မှော်ဆရာက မေးတယ်။

အနက်ရောင်ဝတ်ရုံဝတ်ဆင်ထားတဲ့ နော့ (Nott) လို့ခေါ်တဲ့ စစ်သည်တော်တစ်ဦးက စကားပြန်ပါတယ်။

"ဒါဟာ နည်းနည်းခက်ကောင်းခက်လိမ့်မယ်။ ပျော်ရွှင်ခြင်း တောအုပ်က ကျယ်လွန်းတယ်လေ။ ဒါပေမဲ့ ဘယ်သူ့ကို မေးမြန်းရမယ်ဆိုတာကို ကျုပ်သိပါတယ်။ ခင်ဗျားပြောတဲ့ ကံကောင်းခြင်းအပင်ကို ကျုပ်ရှာတွေ့မယ်လို့ ကျုပ် ယုံကြည်ပါတယ်။ ထူးခြားဆန်းကြယ်တဲ့ ကံကောင်းခြင်းအပင်က ကျုပ်အတွက်ပဲ"

နောက်တစ်ယောက် အဖြူရောင်ဝတ်ရုံဝတ်ထားတဲ့ စစ် (Sid) လို့ အမည်ရတဲ့ စစ်သည်တော်က တစ်နေရာမှာ ဆိတ်ဆိတ်ငြိမ်ငြိမ်လေး ရပ်နေခဲ့ပါတယ်။ မှော်ဆရာက သူ့ကို သံသယအကြည့်နဲ့ကြည့်လိုက်မှ သူစကားစပြောပါတယ်။

"လူကို အဆုံးအစမဲ့ ကံကောင်းခြင်းတွေပေးလာနိုင်မယ့် အဲဒီထူးခြားဆန်းကြယ်တဲ့ ကံကောင်းခြင်းအပင်ဟာ အဲဒီတောအုပ်ကြီးထဲမှာ ပေါက်ရောက်နေလိမ့်မယ်လို့ ခင်ဗျားပြောတာမှန်ခဲ့ရင် ဒါဟာ တကယ်ဖြစ်လာနိုင်တဲ့အရာပေါ့။ ခင်ဗျား လျှောက်ပြောတာ မဟုတ်ဘူးဆိုတာကို ကျွန်တော်ယုံလို့ ကျွန်တော်သွားရှာမှာပါ"

အဲဒီလိုနဲ့ နော့က မြင်းမည်းပေါ်တက်၊ စစ်က မြင်းဖြူပေါ်တက်ပြီး တောအုပ်ရှိရာဘက်ဆီ ခရီးနှင်ခဲ့ကြတော့တယ်။

* * *

ကံကောင်းခြင်းစည်းမျဉ်း
နံပါတ် (၂)

လူတိုင်းက ကံကောင်းခြင်းကို ပိုင်ဆိုင်နိုင်ဖို့ မျှော်လင့်ကြတယ်။
ဒါပေမဲ့ ဆုံးဖြတ်ချက်ချပြီး ကြိုးစားရှာဖွေမယ့်သူက အလွန်နည်းပါတယ်။



၂။ မြေစောင့်နတ်၊ လောကနတ်သား

နန်းတော်ကနေ ပျော်ရွှင်ခြြင်းတောအုပ်ဆီသွားတဲ့ ဝေးလွှန်းလှတဲ့ခရီးကို သူတို့ နှစ်ရက်အချိန်ပေးလိုက်ရတယ်။ ဒီလိုနဲ့ ကံကောင်းခြင်းအပင်ကိုရှာမယ့်အချိန် ငါးရက်သာ ကျန်တော့တယ်။ အချိန်တွေက တန်ဖိုးရှိလှတယ်။ စက္ကန့်၊ မိနစ်တိုင်းလုနေရတယ်။ ပြောသာပြောပေမယ့် အဲဒီညမှာတော့ စစ်သည်တော်နှစ်ဦးက ကောင်းကောင်းအနားယူပြီး နောက်ရက်မှ ခရီးဆက်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။

ဒီလမ်းတစ်လျှောက်လုံးမှာ သူတို့နှစ်ယောက်စလုံး ကိုယ့်လမ်းကိုယ် ခရီးနှင်ခဲ့ကြတယ်။ တစ်ခါတလေ လမ်းခုလတ်မှာ မြင်းကို ရေတိုက်တာကလွဲလို့ သူတို့မဆုံခဲ့ကြဘူး။ အဲဒါကြောင့် တစ်ဖက်လူက ဒီတောအုပ်ရဲ့ ဘယ်နေရာမှာ ရောက်နေမှန်းလည်း သူတို့မသိခဲ့ကြဘူး။

ပျော်ရွှင်ခြင်းတောအုပ်က သစ်ပင်တွေနဲ့ အုံ့ဆိုင်းတဲ့နေရာဖြစ်တယ်။ သစ်ပင်တွေက ထူထဲပြီး နေရောင်တွေ ထိုးဖောက်ဝင်ရောက်မှုနည်းလို့ နေ့ဟာ ညလို မည်းမှောင်တယ်။ ပိန်းပိတ်မှောင်တဲ့ ညမှာ ရေခဲတမျှ အေးစက်ပြီးတော့ ချောက်ချားစရာကောင်းတယ်။ ပျော်ရွှင်ခြင်းတောအုပ်မှာ နေထိုင်ကြတဲ့ ဒေသခံတွေက ဒီတောထဲ မဖိတ်မခေါ်ဘဲ လူနှစ်ယောက်ရောက်လာမယ်ဆိုတာကို ကြိုသိနေခဲ့ကြတယ်။

*****

နောက်တစ်နေ့မနက်မှာ နောဲ့ အစောကြီးထပြီး ကံကောင်းခြင်း အပင်ကို စတင်ရှာဖို့ ဆုံးဖြတ်လိုက်တယ်။

"ကံကောင်းခြင်းအပင်က မြေကြီးပေါ်ကနေ ပေါက်လာတာပါ။ ဒီလိုဆိုရင် ပျော်ရွှင်ခြင်းတောအုပ်ရဲ့ တည်နေရာနယ်နိမိတ်ကို သိတဲ့သူ ဘယ်သူရှိနိုင်မလဲ။ လွယ်လွယ်လေးပါ...လောကနတ်သားပဲဖြစ်မှာပေါ့။ ဒါဆို မြေစောင့်နတ်ပဲပေါ့။ မြေစောင့်နတ်က တောအုပ်ရဲ့မြေအောက်နေရာမှာ နေတယ်။ မရေမတွက်နိုင်တဲ့ မြေအောက်လမ်းတွေလည်း ဖောက်ထားသေးတယ်။ တောအုပ်ရဲ့

နေရာအနှံ့ ဖြန့်ကျက်ထားတယ်။ ဒီလိုဆိုရင် ကံကောင်းခြင်းအပင် ဘယ်နေရာမှာ ပေါက်နေတယ်ဆိုတာ ငါ့ကို သူပြောပြနိုင်မှာပေါ့" လို့ နော့က တွေးတယ်။

ဒီလိုနဲ့ အနက်ရောင်ဝတ်ရုံနဲ့ မြင်းမည်းစီးထားတဲ့ နော့ဟာ လမ်းမှာ ဘာထူးဆန်းတဲ့ သက်ရှိကိုပဲ တွေ့တွေ့ ဘာမှမပြောမဆိုဘဲ မြေစောင့်နတ် ဘယ်မှာ ရှိနိုင်မလဲဆိုတာကို သွားမေးတော့တယ်။ နောက်ပိုင်းမှာ မမျှော်လင့်ဘဲ မြေစောင့် နတ်နဲ့ သူဆုံခဲ့ပါတယ်။

"ကျုပ်ကိုရှာတာ ကိစ္စရှိလို့လား...ကျုပ်ကို ခင်ဗျား တစ်နေကုန်ရှာနေ တယ်ဆို" လို့ မြေစောင့်နတ်က မေးတယ်။

"ဟုတ်ပါတယ်"

နော့က ပြောပြောဆိုဆို မြင်းပေါ်က ခုန်ချလိုက်တယ်။

"နောက်ငါးရက်အတွင်း ဒီတောအုပ်ထဲကနေ အရွက်လေးရွက်ပါတဲ့ ကံကောင်းခြင်းအပင်ပေါက်မယ်လို့ ကျွန်တော်သိထားပါတယ်။ ဒီလို ကံကောင်း ခြင်းအပင်က ဒီမြေပေါ်မှာပဲ ပေါက်တာပါ။ ခင်ဗျားက လောကနတ်ဆိုတော့ အဲဒီ အပင် ဘယ်မှာပေါက်မယ်ဆိုတာကို ခင်ဗျားသိမှာပေါ့။ ပြီးတော့ ခင်ဗျားက မြေကြီးအောက်လည်း ထိုးဝင်နိုင်တော့ ဒီတောအုပ်ရဲ့ တစ်မိုက်၊ တစ်ထွာကို ခင်ဗျားကောင်းကောင်းသိမှာပါ"

"တောအုပ်ထဲက သက်ရှိ ချုံနွယ်၊ သစ်ပင်တွေရဲ့ အမြစ်ရှင်သန်ပုံတွေ ကို ခင်ဗျားထက် ဘယ်သူမှ ပိုသိမှာမဟုတ်ဘူး။ တကယ်လို့ ထူးခြားဆန်းကြယ်တဲ့ ကံကောင်းခြင်းအပင်ဟာ ငါးရက်အတွင်းမှာ ပေါက်မယ်ဆိုရင်တော့ သူ့အမြစ် ဘယ်မှာရှိမယ်ဆိုတာကို ခင်ဗျားသိလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ အဲဒီအမြစ် ဘယ်မှာလဲ...ကျွန်တော့်ကိုပြောပြပါ"

"အင်း...အင်း..."

မြေစောင့်နတ်က တုံ့ဆိုင်းတုံ့ဆိုင်းဖြေတယ်။

"ထူးခြားဆန်းကြယ်တဲ့ ကံကောင်းခြင်းအပင်က အဆုံးမရှိတဲ့ ကံ ကောင်းခြင်းတွေကိုပေးတယ်ဆိုတာ ခင်ဗျားလည်းကျွန်တော့်လိုပဲ သိထားမယ်လို့ ကျွန်တော်ထင်တယ်။ ဒါပေမဲ့ စစ်သည်တော်တွေသာ အကျိုးခံစားနိုင်တာပါ။

ခင်ဗျားအတွက်၊ ဒီတောအုပ်ထဲမှာ နေတဲ့သူတွေအတွက်ကတော့ ဘာတန်ဖိုးမှ ရှိမှာမဟုတ်ပါဘူး။ ဒါကြောင့် မကွယ်မဝှက်ဘဲ ကျွန်တော့်ကိုပြောပြပါ" လို့ နော့က ဆက်ပြောပါတယ်။

"ကံကောင်းခြင်းအပင်ရဲ့အစွမ်းကို ကျုပ်သိတာပေါ့။ စစ်သည်တော် တွေရရှိမှ ဒီအပင်အစွမ်းထက် အသုံးဝင်မယ်ဆိုတာလည်း ကျုပ်ကောင်းကောင်း နားလည်ထားတာပေါ့။ ဒါပေမဲ့ ဒီတောအုပ်ထဲမှာ သူ့အမြစ်ကို ကျုပ်မမြင်ခဲ့ပါဘူး။ မင်းကို ကျုပ်ပြောမယ်...ကျုပ်တို့ရဲ့ပျော်ရွှင်ခြင်းတောအုပ်ထဲမှာ ကံကောင်းခြင်း အပင်တစ်ညှောင့်လေးတောင် လုံးဝမပေါက်ခဲ့ဖူးပါဘူး။ ဒီနေရာမှာ ကံကောင်းခြင်း လိုအပင်မျိုး မပေါက်နိုင်ပါဘူး။ ပေါက်မယ်လို့ပြောတဲ့သူက ခင်ဗျားကို လိမ်နေတဲ့ သူပါပဲ"

"ကျွန်တော့်ကို လိမ်နေတာက ခင်ဗျားထင်တယ်။ မြင်းဖြူစီး ဝတ်ရုံဖြူ ဝတ်ထားတဲ့စစ်သည်တော် စစ်ကို ခင်ဗျားတွေ့ခဲ့ပြီထင်တယ်၊ သူ့ကို ကံကောင်း ခြင်းအပင် ပေါက်နိုင်တဲ့နေရာ ခင်ဗျားပြောပြလိုက်ပြီ ထင်တယ်"

နော့က ဆွဲသံပါတဲ့စကားနဲ့ ပြောပါတယ်။

"ခင်ဗျား ဘာလျှောက်ပြောနေမှန်း ကျုပ်မသိဘူး... စစ် စစ်သည် တော်ကိုလည်း ကျုပ်မသိဘူး။ ဘယ်သူကများ ဒီလိုတုံးအတဲ့အတွေးမျိုး ခင်ဗျားကို သွင်းလိုက်မှန်း ကျုပ်နားမလည်ဘူးကွာ။ ဒီတောအုပ်ထဲမှာ ကံကောင်းခြင်းအပင် မပေါက်ခဲ့ဖူးပါဘူး၊ အရွက်လေးရွက်မပြောနဲ့... ရိုးရိုးအရွက်သုံးရွက်နဲ့အပင်ကို တောင် မမြင်ဖူးပါဘူး၊ ဒါရှင်းရှင်းလေးပဲ။ ဒီတောအုပ်မှာ ကံကောင်းခြင်းအပင် ဆိုတာမရှိဘူး။ လုံး - ဝ - မ - ပေါက် - လို့ပါ။ ဒီလိုဆို ခင်ဗျားလက်လွှတ်ပြီမဟုတ် လား။ ကျုပ် ဒီတောအုပ်မှာနေတာ နှစ်ပေါင်း ၁၅၀ ရှိခဲ့ပြီ၊ ဒီလိုတုံးအတဲ့မေးခွန်း မျိုးကို ကျုပ် ပထမဆုံးကြားဖူးတာပဲ။ ဟင်း... ခင်ဗျားသွားတော့"

အဖြေမရတဲ့အတွက် နော့လည်း ဆက်မေးမနေတော့ပါဘူး။

"ဒီလို အဆင့်မရှိတဲ့လူမျိုးကို ပထမဆုံးတွေ့ဖူးတာ မဟုတ်တော့ ထား လိုက်တော့" လို့ သူတွေးလိုက်တယ်။ ဒီလိုနဲ့ မြင်းပေါ်တက်ပြီး နောက်ကြောင်း ပြန်လှည့်ခဲ့တယ်၊ နောက်နေ့မှ ထပ်စီစဉ်ဖို့လည်း ဆုံးဖြတ်လိုက်တယ်။ ဒါပေမဲ့

ပြန်စဉ်းစားကြည့်တော့လည်း မြေစောင့်နတ်ပြောတာ ဖြစ်ကောင်းဖြစ်နိုင်တယ်။ မှော်ဆရာကပဲ နေရာနဲ့အချိန်ကို မှားယွင်းပြောလိုက်တာလည်း ဖြစ်နိုင်ပါတယ်။

နော့က မြင်းမည်းကို စီးပြီး မြေစောင့်နတ်နဲ့ ဝေးသည်ထက်ဝေးရာဆီ ဒုန်းစိုင်းသွားလိုက်တော့တယ်။ ဒီလိုအချိန်မျိုးမှာ သူ့ရဲ့စိတ်ခံစားချက်က ကံကောင်းမှာမဟုတ်ပါဘူးကွာလို့အပြောခံထားရတဲ့သူတွေလိုပဲ ကြောက်ရွံ့စိုးထိတ်မှုတွေ တောက်လောင်နေခဲ့ပါတယ်။ ဒီလို ကြောက်ရွံ့စိုးထိတ်စိတ်ကို ဖျောက်ဖျက်ဖို့ အရှင်းဆုံးနည်းက အဲဒီစကားတွေကို မယုံကြည်ဖို့ပါပဲ။

"ရှင်းရှင်းလေးပဲ…ဒါမဟုတ်နိုင်လောက်ပါဘူး"

နော့ရဲ့ စိတ်ထဲမှာလည်း အဲဒီလိုပဲ တွေးထင်နေပါတယ်။ ဒီလိုနဲ့ ခုနက မြေစောင့်နတ်ရဲ့ပြောခဲ့တဲ့စကားတွေကို ဂရုမစိုက်ဖို့ သူ စိတ်ပိုင်းဖြတ်လိုက်ပါတယ်။

"မနက်ဖြန်က နောက်နေ့သစ်တစ်နေ့ပါ။ ကံကောင်းခြင်းက ထောင့်တစ်နေရာရာမှာ ငါ့ကိုစောင့်နေပါလိမ့်မယ်" လို့ သူတွေးလိုက်ပါတယ်။

*****

စစ် ဆိုတဲ့ ဒီဝတ်ရုံဖြူဝတ်ထားတဲ့သူက တတိယနေ့ မနက်မှာတော့ နော့ တွေးခဲ့သလိုပဲ တွေးလိုက်ပါတယ်။ ကံကောင်းခြင်းအပင်ပေါက်ရောက်တဲ့နေရာကို သိချင်ရင် မြေစောင့်နတ်ကို ရှာရမယ်လို့ သူလည်း သိထားပါတယ်။ ဒီလိုနဲ့ အချိန်တစ်နေ့တာအသုံးပြုပြီး မြေစောင့်နတ်နေတဲ့ မြေတွင်းအနှံ့ သူရှာခဲ့ပါတယ်။ လမ်းမှာတွေ့ဆုံမိတဲ့ ဒေသခံတွေကိုလည်း မေးမြန်းခဲ့ပါတယ်။ ဝတ်ရုံမည်းစစ်သည် နော့ မကျေမနပ်လှည့်ထွက်သွားခဲ့တဲ့နေရာ တွင်းဝတစ်ဝမှာပဲ မိနစ်အနည်းငယ်အကြာမှာ သူရောက်လာခဲ့ပြီး မြေစောင့်နတ်ကို တွေ့ခဲ့ပါတယ်။

"ခင်ဗျားက ပျော်ရွှင်ခြင်းတောအုပ်ရဲ့မြေစောင့်နတ်လားခင်ဗျား… လူအများပြောနေကြတဲ့ လောကနတ်သားလား ခင်ဗျာ"

ပြောပြောဆိုဆို စစ်က မြင်းပေါ်က ဆင်းလိုက်တယ်။

"ဟုတ်ပါတယ် ကျုပ်ပါပဲ။ ဘုရားရေ...ငတုံးတစ်ကောင်ရောက်လာပြန်ပေါ့လား။ ပြောပါ... မင်း ဘာကိစ္စလဲ"

"ဒီလိုပါ ခင်ဗျား...ဒီတောအုပ်ထဲမှာ နောက်ငါးရက်အတွင်း အရွက်လေးရွက်ပါတဲ့ ကံကောင်းခြင်းအပင်ပေါက်မယ်လို့ ကျွန်တော် သိထားပါတယ်။ အဲဒါကြောင့်..."

စစ်က စကားကို ဆုံးအောင် မပြောရသေးပါဘူး။ မြေစောင့်နတ်ရဲ့မျက်နှာက ငရုတ်သီးတစ်တောင့်လို နီရဲသွားပါတယ်။ ရင်ဝမှာလည်း ဒေါသအလိပ်လိပ်တွေနဲ့ ဖောင်းပွလာပါတယ်။ ဒေါသကြောင့် ဖောင်းကားနေတဲ့ မျက်နှာက ပေါက်ကွဲတော့မယ့်အတိုင်းပါပဲ။

"ဒီကနေ့က ဘာဖြစ်တာလဲကွာ... အဲဒီကံကောင်းခြင်းအပင် သေသင့်တယ်"

ဟုန်းဟုန်းတောက်တဲ့ ဒေါသမီးတွေနဲ့ သူအော်ပါတယ်။

"ဟိုစစ်သည်တော်ကို ငါပြောခဲ့ပြီးပြီ။ ဒီ - တော - အုပ် - ထဲ - မှာ - ကံ - ကောင်း - ခြင်း - အ - ပင် - လုံး - ဝ - မ - ရှိ - ဘူး။ အကြောင်းက ရှင်းရှင်းလေးပဲ။ လုံးဝကို မပေါက်တာ။ ဒီကိစ္စ မင်းတို့ကို ဘယ်သူပြောတာပဲဖြစ်ဖြစ် အဲဒီပြောတဲ့သူ အမှားကြီးမှားနေပြီကွ။ မင်းတို့ကို သူတမင်စနောက်လိုက်တာ မဟုတ်ဘူးဆိုရင်တောင် သူဟာ မူးနေလို့ စကားလျှောက်ပြောလိုက်တာပဲ။ နန်းတော်ဆီကိုပဲ မင်းတို့ ပြန်ပါ။ အားနေမယ့်အတူတူ အန္တရာယ်ကျရောက်နေတဲ့ မိန်းမလှလေးတွေ ကယ်ဖို့ရှိမရှိ ရှာနေလိုက်ကြ။ ဒီလာပြီး အချိန်ဖြုန်းမနေကြနဲ့..."

အဲဒီတစ်ခဏ စစ် နားလည်လိုက်ပါတယ်။ ပျော်ရွှင်ခြင်းတောအုပ်ထဲမှာ ကံကောင်းခြင်းအပင် မကြာခင်ပေါက်မယ်ဆိုတဲ့ မှော်ဆရာပြောတဲ့အပြောကို မြေစောင့်နတ်က ဒီလိုပတ်ဝန်းကျင်မျိုးမှာ ကံကောင်းခြင်းအပင် လုံးဝမပေါက်နိုင်ဘူးလို့ ငြင်းဆန်ချေပလိုက်ပါပြီ။ သူတို့က စကားအမှန်ပြောတာဖြစ်ကောင်းဖြစ်နိုင်ပေမယ့် သူတို့နှစ်ယောက် သတ်မှတ်တဲ့ အမှန်တရားက မတူညီတာပဲဖြစ်မယ်။ ဒီလိုဆိုရင် ကံကောင်းခြင်းအပင်ကို ဆက်ရှာနေရင် အချိန်ဖြုန်းရာပဲ ရောက်တော့မယ်။ မြေစောင့်နတ်ပြောတဲ့အတိုင်း ဒီတောအုပ်

ဝန်းကျင်အနေအထားက ကံကောင်းခြင်းအပင် မပေါက်ရောက်နိုင်ဘူးဆိုရင် ကံကောင်းခြင်းအပင်ပေါက်ရောက်နိုင်တဲ့ ဝန်းကျင်ကို သိအောင် လုပ်ရမယ်။ ကံကောင်းခြင်းအပင်ပေါက်ဖို့ ဘာတွေလိုအပ်မလဲ။ ဒီလိုနဲ့ စစ်ဟာ မြေစောင့်နတ်ကို မေးဖို့ဆုံးဖြတ်လိုက်တယ်။ တစ်ပြိုက်နက်တည်း မြေစောင့်နတ်ကို သူနစ်သိမ့်လိုက်တယ်။

"ခဏနေပါဦး… ဒီပျော်ရွှင်ခြင်းတောအုပ်မှာ ကံကောင်းခြင်းအပင် လုံးဝမပေါက်နိုင်ဘူးလို့ ခင်ဗျား ခုနက ပြောတယ်နော်"

"ဟုတ်ပါတယ်… လုံးဝကို မဖြင်ဖူးတာ"

မြေစောင့်နတ်က စိတ်မရှည်စွာ ပြောပြီး တွင်းထဲပြန်ဝင်ဖို့ပြင်တယ်။

"မသွားပါနဲ့ဦး။ သွားဖို့ မလောပါနဲ့ဦး။ ကျွန်တော့်ကို အကျိုးအကြောင်းလေး ပြောပြနိုင်မလား။ ကျွန်တော်သိချင်တာက ဒီတောအုပ်မှာ ဘာဖြစ်လို့ ကံကောင်းခြင်းအပင် လုံးဝမပေါက်နိုင်တာလဲ"

မြေစောင့်နတ်က ပြန်လှည့်လာပြီး ရှင်းပြတယ်။

"မြေဆီလွှာကြောင့်ပဲ…တကယ်ပဲမြေဆီလွှာမကောင်းလို့ပါ။ဒီမြေကွက်ကြီးကို တစ်ခါမှ ဘယ်သူမှ မြေမလှန်ခဲ့၊ မတူးဆွခဲ့ဖူးဘူး။ ကံကောင်းခြင်းအပင်က ပျော့ပျောင်း၊ စွတ်စိုတဲ့မြေကြီးမှာမှ ပေါက်ရောက်နိုင်တာပါ။ ဒါပေမဲ့ ဒီတောအုပ်ထဲက မြေကြီးက မာပြီးခြောက်တယ်။ တစ်ခါမှ မတူးဆွခဲ့ဖူးတော့ ဒီလိုနေရာမျိုးမှာ ကံကောင်းခြင်းအပင် ဘယ်ပေါက်နိုင်ပါမလဲ"

"မြေစောင့် နတ်… လောကနတ်သားခင်ဗျား… ခင်ဗျားပြောတဲ့အတိုင်းဆိုရင် တကယ်လို့ ဒီတောအုပ်မှာ ကံကောင်းခြင်းအပင်ပေါက်နိုင်တဲ့ မျှော်လင့်ချက်အမျှင်လေးက… ဒီမြေလွှာတွေကို တူးဆွလှန်ပစ်ရမယ်ဆိုတဲ့ သဘောပေါ့နော်" လို့ ဝတ်ရုံဖြူက မေးတယ်။

"သိပ်ဟုတ်တာပေါ့… နည်းသစ်မရှိရင် ဘယ်က အသစ်တွေ ရမှာလဲ။ ခင်ဗျားမသိဘူးလား။ ဒီမြေလွှာတွေကို မပြောင်းပစ်ရင် ဘယ်လိုပဲကြိုးစားလည်း ကံကောင်းခြင်းအပင်က ပေါက်လာမှာမဟုတ်ပါဘူး"

"ဒီလိုဆိုရင် မြေဆီလွှာကောင်းတဲ့နေရာ ဘယ်နားမှာ ရှိနိုင်မလဲ ခင်ဗျား သိပါသလား"

ဒီအချိန်မှာ မြေစောင့်နတ်က တွင်းတစ်ဝက်ရောက်နေခဲ့ပြီး သစ်သား တံခါးပိတ်ဖို့ လက်ဆန့်နေခဲ့ပါပြီ။ စ်ရဲ့ ဒီလိုမေးသံကိုကြားတာနဲ့ မြေစောင့်နတ်က စိတ်ရှည်သည်းခံစွာနဲ့ ပြန်ဖြေပါတယ်။

"နွားရှာလို့ခေါ်တဲ့ ရွာတစ်ရွာရှိပါတယ်။ ဒီနေရာနဲ့ သိပ်မဝေးဘူး။ အဲဒီနေရာက မြေဆီလွှာသစ်ပြီး ကောင်းတယ်။ နွားပေါက်လေးတွေရဲ့မစင်ကို အဲဒီနေရာမှာပဲ စုပုံထားလို့ပဲ။ အကောင်းဆုံးထိပ်တန်းမြေဆီလွှာပေါ့"

စ်က စိတ်အားထက်သန်စွာနဲ့ မြေစောင့်နတ်ကို ကျေးဇူးတွေတင် နေပါတယ်။ အဲဒီနောက် မြင်းဖြူပေါ်တက်ပြီး တုံ့ဆိုင်းမနေဘဲ နွားရွာဆီ အပြေး နှင်ခဲ့တော့တယ်။ မျှော်လင့်ချက်က သေးငယ်လွန်းတယ်ဆိုတာကိုလည်း သူ သိထားပါတယ်။ ဒါပေမဲ့ ကောင်းတဲ့အစအနကို သူဆုပ်ကိုင်ထားမိပါပြီ။

နေဝင်ရီတရောမှာ နွားရွာဆီ သူရောက်လာခဲ့ပါတယ်။ မြေစောင့်နတ် ပြောတဲ့ မြေဆီလွှာကို အပန်းမကြီးဘဲ ရလိုက်ပါပြီ။ တကယ်ပဲ အဲဒီမြေဆီလွှာ တွေက လတ်ဆတ်၊ စွတ်စိုလှပါတယ်။ ပြီးတော့ မြေသြဇာကောင်းလှပါတယ်။ ဒါပေမဲ့ နမြောစရာကောင်းတာက သူ့မြင်းပေါ်မှာ ကုန်းနှီးအိတ်အနည်းငယ် ပါတာကြောင့် မြေကြီးတချို့သာ သယ်နိုင်ပါတယ်။ မြေကွက်အနည်းငယ်အတွက် တော့ လုံလောက်နိုင်ပါတယ်။

အဲဒီနောက်မှာတော့ စ်ဟာ မြေတွေ တင်ဆောင်ထားတဲ့ မြင်းကို စီးပြီး တောအုပ်ရဲ့တိတ်ဆိတ်ငြိမ်သက်တဲ့ နေရာတစ်နေရာဆီကို ဒုန်းစိုင်းသွားပါ တော့တယ်။ သင့်တော်တယ်လို့ သူထင်တဲ့ မြေကွက်တစ်ခုကို သူရွေးလိုက်ပါ တယ်။ ချုံနွယ်ဆူးခက်တွေကို သူရှင်းပါတယ်။ ပြီးတော့ နှစ်ပေါင်းများစွာ မတူးမဆွ ခဲ့ဖူးတဲ့ မြေဟောင်းကို မပြတ်တူးဆွ လှန်လှောပါတယ်။ နောက်ဆုံးမှာတော့ ဒီမြေကွက်သေးလေးမှာ မြေဆီလွှာအသစ်ခင်းနိုင်ခဲ့ပါတယ်။

မြေဆီလွှာအသစ်ခင်းပြီးတဲ့နောက် သူစိတ်ချလက်ချ အိပ်ပျော်သွားခဲ့ ပါတယ်။ ဒီမြေကွက်လေးက သိပ်မကျယ်တဲ့နေရာလေးပါ။ ဒီနေရာလေးဟာ

ထူးခြားဆန်းကြယ်တဲ့ ကံကောင်းခြင်းအပင် အညှောင့်ပေါက်မယ့်နေရာလား။ တကယ်လို့ သူ့အတွေးသာ အနည်းငယ်လက်တွေ့ကျရင် ကိုယ့်မှာ ဒီလောက် ကံကောင်းခြင်းတွေ ရှိနိုင်ပါ့မလားလို့ ထင်မှာပါပဲ။ အဆုံးမရှိတဲ့ တောအုပ်ကြီးထဲ ကနေ ဒီမြေကွက်လပ်လေးကို ရွေးတာဟာ အောင်မြင်မှုနှုန်းက အပုံတစ်သန်းမှာ တစ်ပုံတောင်မရှိအောင် သေးငယ်လွန်းလှပါတယ်။ ဒါပေမဲ့ သေချာတာတစ်ခုက ဘာမှမပြောင်းလဲခဲ့ဖူးတဲ့ ဒီတောအုပ်ကို ပြောင်းလဲမှုအနည်းငယ်တော့ သူလုပ် ခဲ့ပါတယ်။ ဒီနေရာမှာ ကံကောင်းခြင်းအပင်လုံးဝမပေါက်ခဲ့ဖူးဘူး။ ဘယ်သူမှလည်း ဒီအပင်ကို မမြင်ဖူးခဲ့ဘူးတာဟာ လူတိုင်းက တူညီတဲ့လုပ်ရိုးလုပ်စဉ်ကိုပဲ လုပ်ခဲ့ ကြလို့ပါ။ တခြားသူလုပ်သလို သူတို့လိုက်လုပ်ခဲ့ကြလို့ ဖြစ်တယ်။ ထက်မြက်တဲ့ စစ်သည်တော်တစ်ဦးဖြစ်တဲ့ စစ်က အများနဲ့မတူတဲ့လုပ်နည်းက တစ်မူထူးခြားတဲ့ အောင်မြင်မှုရရှိဖို့ ပထမခြေလှမ်းဖြစ်တယ်ဆိုတာကို နားလည်ထားပါတယ်။

ဒီလို အသိတရားမျိုးရှိခဲ့လည်း ခုနက သူ တူးဆွခဲ့တဲ့ မြေကွက်အသစ် လေးမှာ ကံကောင်းခြင်းအပင် ပေါက်ရောက်နိုင်နှုန်းက အရမ်းနည်းတယ်ဆိုတာ ကို သူသိထားပါတယ်။ အနည်းဆုံးတော့ ဒီတောအုပ်ထဲမှာ ကံကောင်းခြင်း အပင် ဘာကြောင့်မပေါက်သလဲဆိုတာကို သူသိထားပြီဖြစ်ပါတယ်။ မနက်ဖြန်မှာ ဒီထက်ပိုများတဲ့အရာကို သူသိရဦးမှာဖြစ်တယ်။ ဒီအတွက် သူ့မှာ ယုံကြည်မှု အပြည့်ရှိနေခဲ့ပါတယ်။

စစ်က လှဲချလိုက်ပြီး မြေပြင်ပေါ်မှာ ခေါင်းချလိုက်ပါတယ်။ မျက်လုံး အစုံက သူတူးဆွထားတဲ့ မြေလွှာအသစ်ကို စိုက်ကြည့်နေပါတယ်။ မြေစောင့် နတ်ပြောတဲ့စကားက အမှန်ပဲလို့ စိတ်ထဲတွေးလိုက်ပါတယ်။ မှော်ဆရာပြော တာလည်း သဘာဝကျတယ်လို့ သူလှည့်တွေးလိုက်ပါတယ်။ နှစ်ယောက်စလုံး ပြောတာ မှန်ပါတယ်။ ဒါပေမဲ့လည်း တွေဝေစေတဲ့အမှန်တရားတွေ ဖြစ်နေ ပြန်တယ်။ သူလုပ်သလိုမျိုး မြေဆီလွှာဟောင်းပေါ်မှာ မြေဆီလွှာအသစ် ထပ်ခင်း လိုက်ရင် မှော်ဆရာနဲ့မြေစောင့်နတ်ပြောတဲ့ ကွဲလွဲမှုတွေက ဖြစ်မြောက်တော့မှာ မဟုတ်ပါဘူး။

"အရင်တုန်းက ကံကောင်းခြင်းအပင်မပေါက်ခဲ့ဖူးတိုင်း နောက်ပိုင်းမှာ

လည်း မပေါက်ဘူးလို့ ပြောလို့မရဘူး။ အခုမြေဆီလွှာက အရင်မြေဆီလွှာနဲ့ မတူတော့ဘူးဆိုတော့..."

စစ်က အဲဒီလိုတွေးလိုက်တယ်။

မြေဆီလွှာအသစ်ကနေ ကံကောင်းခြင်းအပင်အညှောင့်ပေါက်လာပုံကို သူစိတ်ကူးပုံဖော်ရင်း အိပ်ပျော်သွားခဲ့ပါတယ်။ သူရွေးချယ်တဲ့ ဒီမြေကွက်ရဲ့ တစ်နေရာမှာ ထူးခြားဆန်းကြယ်တဲ့ ကံကောင်းခြင်းအပင် ပေါက်ရောက်နိုင်နှုန်းက အင်မတန်သေးငယ်လွန်းလှတယ်ဆိုတာကို သူ့စိတ်ကူးက သူ့ကို မေ့သွားစေခဲ့ပါတယ်။


မနက်အရုဏ်ရောက်လာခဲ့ပြန်ပါပြီ။ သတ်မှတ်ထားတဲ့ရက်ရောက်ဖို့ လေးရက်သာ လိုပါတော့တယ်။

* * *

ကံကောင်းခြင်းစည်းမျဉ်း
နံပါတ် (၃)

တကယ်လို့ အခုအချိန်ခါဟာ သင့်အတွက် အချိန်အခါမကျ၊
ကံကြမ္မာငင်နေသေးတယ်ဆိုရင်...
ဒါမှမဟုတ် မပြောင်းလဲတဲ့ ပတ်ဝန်းကျင်ကြောင့်ဆိုရင်...

ကံကောင်းခြင်းတံခါး လာခေါက်စေချင်ရင်
အကျိုးအရှိဆုံးနည်းလမ်းက ပတ်ဝန်းကျင်အသစ် ဖန်ဆင်းတာပဲဖြစ်တယ်။



၃။ ရေကန်စောင့်နတ်သမီး

လေးရက်မြောက်နေ့မနက်ခင်းမှာ ရာသီဥတုက ခါတိုင်းထက် ပိုအေးလာခဲ့တယ်။ စာကလေးနီ၊ သပိတ်လွယ်ငှက်၊ ကျီးကန်းနဲ့ နိက်တင်ဂေးငှက်တို့ဟာ အပြိုင်တေးသီတွန်ကျူးနေကြတယ်။ ငှက်ကလေးတွေရဲ့ ဆူညံသံကြောင့် ပုရစ်ကလေး တွင်းထဲကနေ ထွက်လာခဲ့ရတယ်။

နော့က ဗိုက်ဖြည့်ဖို့အတွက် သစ်သီးတချို့ခူးလိုက်တယ်။ အဲဒီနောက် မြင်းမည်းပေါ် သူတက်လိုက်တယ်။ မြေစောင့်နတ်ရဲ့စကားကြောင့် ခူးထားတဲ့ သစ်သီးတစ်လုံးတလေလောက်ပဲ သူစားပြီး ဆက်စားချင်စိတ်မရှိတော့ဘူး။ မြေစောင့်နတ်ရဲ့စကားကြောင့် သူ အခဲမကျေဖြစ်နေခဲ့တယ်။ ဒီတောအုပ်ထဲမှာ ကံကောင်းခြင်းအပင် မပေါက်ဘူးဆိုတဲ့ စကားလောက် ရှင်းလင်းပြတ်သားတာ မရှိတော့ဘူး။ အဲဒါတင်မက ဒီပျော်ရွှင်ခြင်းတောအုပ်ထဲမှာ ကံကောင်းခြင်းအပင်ကိုတစ်ခါမှုမတွေ့ဖူးဘူးလို့ဆိုတယ်။ မြေစောင့်နတ်ရဲ့စကားလောက် ရှင်းလင်းတာ မရှိတော့ပါဘူး။

မြေစောင့်နတ်က သူ့ကို လိမ်လိုက်လာလည်း ဖြစ်နိုင်တာပဲ။ မြေစောင့်နတ်ပြောတဲ့စကားကိုအလွယ်တကူမယုံသင့်မှန်း သူလည်းသိတယ်။ ဒီလိုအသိက သူ့ကို ဦးတည်ချက်အသစ်ဆီ မညွှန်ပြနိုင်ပေမယ့် သူ့စိတ်အနည်းငယ်တော့ သက်သာရာရသွားပါတယ်။ ဒီလိုနဲ့ ဒီကနေ့အချိန်ကို အသုံးပြုပြီး မြေစောင့်နတ်ပြောတဲ့ စကားအလိမ်အညာကို ဖော်ထုတ်ဖို့ သူဆုံးဖြတ်လိုက်တယ်။ ဒီလိုဆိုရင် ကံကောင်းခြင်းက သူ့လက်ထဲမှာ ရှိနေလောက်မှာဖြစ်တယ်။

တောအုပ်ထဲမှာ ငါးနာရီကြာလောက် မြင်းကို အပြင်းနှင်ပြီးနောက် နော့ဟာ ဟိုးဝေးဝေးက သစ်ပင်အုံ့ဆိုင်းတဲ့နေရာတစ်နေရာမှာ မြင်ခဲလှတဲ့ ရေကန်ကြီးတစ်ကန်ကို တွေ့လိုက်ပါတယ်။ သူ ရေဆာသလို မြင်းကိုလည်း ရေတိုက်သင့်ပြီဆိုပြီး ရေကန်ရှိရာဘက် ဦးတည်ဖို့ သူဆုံးဖြတ်လိုက်ပါတယ်။

ရေကန်ရဲ့ရှုခင်းက လှပသက်ဝင်လှပါတယ်။ ရေကန်ထဲမှာ ရွှေရောင်၊ ငွေရောင်ကြာပန်းတွေနဲ့ ပြည့်နေပါတယ်။ နော့က ကန်ရေ အနည်းငယ်ကို ခပ်ပြီး

သောက်လိုက်ပါတယ်။ အဲဒီနောက် ကန်နံဘေးမှာ ဝပ်ချလိုက်ပြီး ရေကို အငမ်းမရသောက်နေတဲ့ သူ့မြင်းကိုကြည့်လိုက်ပါတယ်။ အဲဒီအချိန်မှာ သူ့နောက်ကျောကနေ စကားသံတစ်သံကို ကြားလိုက်ပါတယ်။

"မင်း ဘယ်သူလဲ"

ဒီလိုမေးခွန်းမေးတဲ့သူက အမျိုးသမီးတစ်ဦးဖြစ်ပါတယ်။ သူ့အသံက ချိုမြိန်ပေမယ့် တည်ငြိမ်လွန်းနေပါတယ်။ အသံက နူးညံ့ပေမယ့် ပြတ်သားနေပါတယ်။ အသံက ဆွဲဆောင်မှုရှိပေမယ့် စိန်ခေါ်သံပါနေပါတယ်။ သူဟာ ရေကန်စောင့်နတ်သမီးပဲဖြစ်ပါတယ်။

နတ်သမီးက ရေကန်ပေါ်ကနေ ဖြည်းဖြည်းချင်းကြွတက်လာခဲ့ပါတယ်။ ဒါကို နော့ပါးစပ်အဟောင်းသား တအံ့တသြကြည့်နေခဲ့ပါတယ်။ ရေလှိုင်းလိုလူကို မှင်တက်စေတဲ့လှပမှုနဲ့ လှပစွဲမက်ဖွယ်ကောင်းတဲ့ အမျိုးသမီးတစ်ဦးပါပဲ။

သူ့အကြောင်းကို နော့အရင်က ကြားဖူးထားပါတယ်။ ဒီလို အချိန်မျိုးမှာ သူ့ဆီကနေ အရေးကြီးတဲ့သတင်းအချို့ကို ကြားနိုင်တန်ကောင်းပါရဲ့လို့ နော့ ရှုတ်တရက် တွေးမိလိုက်ပါတယ်။

"ကျွန်တော်က ဝတ်ရုံနက်စစ်သည်တော် နော့ဖြစ်ပါတယ်"

"မင်းနဲ့ မင်းရဲ့ဟိုမြင်းမည်း ငါ့ရေကန်ပေါ်မှာ ဘာလုပ်နေသလဲ။ မင်းတို့ရေသောက်လို့ ဝပြီမဟုတ်လား။ မင်းတို့ ဘာဆက်လုပ်ချင်သေးတာလဲ။ မင်းတို့ကြောင့် ငါ့ကြာပန်းတွေနိုးသွားလိမ့်မယ်။ အခုချိန်က သူတို့ရဲ့အိပ်ချိန်ပါ။ ငါ့ကြာပန်းတွေက နေ့မှာအိပ်ပြီး ညမှာ သီချင်းဆိုတယ်။ မင်းတို့ကြောင့် သူတို့နိုးသွားရင်ဒီကနေ့ညမှာ သူတို့သီချင်းဆိုတော့မှာမဟုတ်ဘူး။ သူတို့ရဲ့သီချင်းသံက ကန်ရေကိုအငွေ့ပျံစေနိုင်တယ်။ တကယ်လို့ကြာပန်းတွေသီချင်းမဆိုတော့ရင် ကန်ရေလည်းအငွေ့မပျံနိုင်တော့ဘူး။ ကန်ရေတချို့အငွေ့မပျံရင် ရေပြည့်လျှံပြီး ရေကြီးနိုင်တယ်။ ရေကြီးရင် ဒီတောထဲက ပန်းပင်၊ သစ်ပင်တွေ ရေနစ်သေဆုံးနိုင်တယ်။ ပါးစပ်ပိတ်တော့... ဘာမှဆက်မပြောနဲ့တော့... ဒီကနေ အမြန်ဆုံးထွက်သွား။ ငါ့ကြာပန်းတွေနိုးအောင် မလုပ်နဲ့တော့..."

"နေပါဦး... ခဏစောင့်ပါဦး..."

နော့က စိတ်လှုပ်ရှားစွာနဲ့ နတ်သမီးရဲ့စကားကို ဖြတ်လိုက်တယ်။

"မျိုးရိုးစဉ်ဆက်ကိစ္စတွေ ကျွန်တော့်ကို ခင်ဗျားပြောပြစရာမလိုပါဘူး။ ခင်ဗျားရဲ့ကိစ္စတွေ ကျွန်တော်စိတ်မဝင်စားဘူး။ ကျွန်တော် ချက်ချင်းထွက်သွားမှာပါ။ ခင်ဗျားကို ကျွန်တော် တစ်ခုမေးချင်ပါတယ် ရေကန်စောင့်နတ်သမီး။ ပျော်ရွှင်ခြင်းတောအုပ်တစ်ခုလုံးက လိုအပ်တဲ့ရေကို ခင်ဗျားဖြန့်ပေးပါတယ်။ မြေကြီးတစ်လက်မတိုင်းကို ခင်ဗျားရေသွင်းပေးတယ်။ ဒီလိုဆိုရင် ဒီတောအုပ်ရဲ့ ဘယ်နေရာမှာ ကံကောင်းခြင်းအပင် ပေါက်နိုင်သလဲဆိုတာ ကျွန်တော့်ကို ပြောပြပေးပါ"

စကားဆုံးတာနဲ့ နတ်သမီးက လွှတ်ခနဲ ရယ်လိုက်တယ်။ အဲဒီနောက် လျောင်တဲ့ရယ်သံနဲ့ တဟားဟားအော်ရယ်ပါတော့တယ်။ ဟန်ဆောင်မှုမရှိတဲ့ ရယ်သံက ချွန်မြစူးရှနေပါတယ်။ အရယ်ဝတော့ တည်ငြိမ်တင်းမာတဲ့ မျက်နှာ အမူအရာပြောင်းလဲသွားပြီး...

"ဒီတောအုပ်မှာ ကံကောင်းခြင်းအပင်မပေါက်နိုင်ဘူး။ ငါ ဒီကနေ ပေးပို့လိုက်တဲ့ရေတွေဟာ မြေကြီးကို ထိုးဖောက်တဲ့နည်းနဲ့ဆိုတာ မင်းမမြင်ဘူးလား။ ငါ့ ဒီကန်ဘေးပတ်လည်မှာ မြစ်တွေ၊ ချောင်းတွေ သွယ်ဆက်နေတာ မရှိဘူး။ ရေတွေက ရေကန်အောက်ကနေ တောအုပ်တစ်ခုလုံးရဲ့နေရာအနှံ့ဆီ ထိုးဖောက်သွားတယ်။ လမ်းတစ်လျှောက်မှာ ရေကန်နဲ့တူတဲ့အရာမျိုး မင်းတွေ့ခဲ့ရလို့လား။ ကံကောင်းခြင်းအပင်က ရေဓာတ်တွေအများကြီးရှိမှ ပေါက်နိုင်တယ်။ ချောင်းဘေးနေရာတွေမှာပဲ ပေါက်နိုင်တဲ့အပင်၊ ရေဓာတ်အဆက်မပြတ်ရမှ။ ဒီတောအုပ်ထဲမှာ ကံကောင်းခြင်းအပင်ကို မင်း ဘယ်တော့မှ ရှာတွေ့မှာလည်း မဟုတ်ဘူး"

ရေကန်နတ်သမီးက ပြောပြီးတာနဲ့ ကန်ထဲကို ငုပ်လျှိုးသွားပါတယ်။ လူကို အံ့ဩမှင်တက်စေတဲ့ ရှုခင်းမျိုးနဲ့ နတ်သမီးသဏ္ဍာန်ရေလှိုင်းတွေ ထသွားပါတယ်။ ရေစက်တွေက ထောင်သောင်းမကတဲ့ မိုးစက်မိုးပေါက်တွေလို ကန်ရေပြင်ပေါ်ကျလာခဲ့ပါတယ်။

မျက်စိရှေ့က လှပတဲ့ရှုခင်းကို နော့ကြည့်ဖို့ စိတ်မပါခဲ့တော့ပါဘူး။

လူတိုင်းပြောပုံက တစ်ထပ်တည်းမို့ ကြားချင်စိတ်လည်း မရှိတော့ပါဘူး။ သူ လေးလေးနက်နက်တွေးပြီး မအောင့်နိုင်တာနဲ့ ကိုယ့်ကိုယ်ကိုယ်ထပ်မေးဖြစ်ပါ တယ်။ ဒါ ဘယ်လိုဖြစ်ရတာလဲ။ တကယ်ပဲ သူ့မှာ ကံကောင်းခြင်းမရှိနိုင်တော့ ဘူးလို့ သူ စတင်ယုံကြည်မိတယ်။ ဒီလိုအတွေးမျိုးက သူ့ကို ပိုချောက်ချားလာစေ ပါတယ်။ မြေစောင့်နတ်နဲ့ ပြောပြီးတာထက်တောင် ပိုပြင်းလာခဲ့ပါတယ်။

"ဒီလိုအပြောနဲ့ လုံးဝဆန့်ကျင်တဲ့လူကို ငါရှာမှဖြစ်မယ်၊ ကံကောင်းခြင်း က ဒီမှာပဲ ... ပျော်ရွှင်ခြင်းတောအုပ်ထဲမှာလည်း ကံကောင်းခြင်းအပင်ပေါက်နိုင် တယ်လို့ ငါ့ကိုပြောမယ့်လူကို ငါရှာရမယ်"

နော့က စိတ်ထဲမှာ သူ့ကိုယ်သူ ဒီလိုပြောဖြစ်ပါတယ်။

အဲဒီလိုနဲ့ ကံကောင်းခြင်းဆိုတဲ့အရာကို သူစမုန်းမိပါတော့တယ်။ ဒါဟာ တကယ်ပဲ မုန်းစရာကောင်းတဲ့အရာ။ လူတိုင်း လိုချင်နေတဲ့အရာ။ ကမ္ဘာပေါ်မှာ အရယူနိုင်ဖို့ အခက်အခဲဆုံးအရာ။ ဒီလိုအတွေးအကြံကို သူ မခံနိုင်တော့ပါဘူး။ ကံကောင်းခြင်းကျရောက်လာတာကို စောင့်ရတာဟာ သူ့ကို စိတ်ဓာတ်ကျ အားငယ်စေခဲ့တယ်။ အဲဒီအပြင် တခြား သူဘာများလုပ်နိုင်မလဲ။ စိတ်ဓာတ်ကျ အားငယ်တာကလွဲလို့ တခြား သူရွေးချယ်စရာမှ မရှိတော့တာ ...။

နော့ဟာ သူ့မြင်းပေါ်တက်ပြီးတော့ တောအုပ်ထဲမှာ ဦးတည်ရာမရှိ လျှောက်သွားနေခဲ့တယ်။ စိတ်ထဲမှာတော့ မျှော်လင့်ချက်အမျှင်လေး အနည်းငယ် သွယ်တန်းနေတုန်းပါပဲ။ ကံကောင်းထောက်မစွာနဲ့ ကံကောင်းခြင်းအပင်ကို တွေ့ကောင်းတွေ့နိုင်ပါသေးတယ်။

*****

ဒီကနေ့မှာ မနေ့ကထက် နောက်ကျပြီး စစ်နိုးထလာတယ်။ မနေ့က နေဝင်မိုးချုပ်တဲ့အထိ သူ မြေလှန်နေခဲ့လို့ဖြစ်တယ်။ ဒါကြောင့် ပိုအိပ်ဖို့လည်း သူဆုံးဖြတ်ခဲ့တယ်။

မနက်စာအဖြစ် ပန်းသီးတချို့ကို သူ စားတယ်။ တစ်လက်စတည်း မြင်းကိုလည်း တချို့ကျွေးလိုက်တယ်။ ဒီကနေ့ ဘာလုပ်ရမလဲလို့ သူ့စိတ်ထဲ တွက်ချက်လိုက်တယ်။

"ငါ့မှာ မြေနေရာရှိပြီ" လို့ သူ့ကိုယ်သူ ပြောလိုက်တယ်။

"ရေဓာတ် ဘယ်လောက်လိုသလဲလို့ အခု ငါသေသေချာချာသိရမယ်။ သင့်တော်တဲ့မြေကြီး ဖြစ်ဖို့က ဖြစ်နိုင်ခြေ အင်မတန်နည်းတယ်ဆိုတာကို ငါ သိထားပါတယ်။ ဒါပေမဲ့ ငါရွေးချယ်ထားတဲ့ဒီမြေကွက် ဟုတ်ခဲ့သည်ရှိသော်... ကံကောင်းခြင်းအပင် လိုအပ်တဲ့ ရေဓာတ်ကိုရဖို့ ငါနည်းလမ်းရှာရမှဖြစ်မယ်"

အချိန်ဆွဲမနေတော့ပါဘူး။ စစ်က လွဲလို့ ဒီတောအုပ်မှာ နေထိုင်ကြ သူတိုင်း ရေကို ကန်စောင့်နတ်သမီးထိန်းတယ်ဆိုတာ သိထားကြတယ်။ ဒါပေမဲ့ သူတော်တော်လေး အင်အားစိုက်ထုတ်ပြီးမှ ကန်စောင့်နတ်သမီးကို ရှာတွေ့ခဲ့ပါ တယ်။ နေရာအနှံ့ သူမေးမြန်းခဲ့တယ်။ ဆူညံပူညံရစ်တတ်တဲ့ တီရွှာန်အချို့ရဲ့ လမ်းပြမှုမှာ နေ့တစ်ဝက်လောက် သူ ချာလပတ်လည်ခဲ့သေးတယ်။ နောက်ဆုံး တော့ ရေကန်သွားရာလမ်းကို သူတွေ့ခဲ့ပါတယ်။

နေ့ထွက်သွားပြီး မိနစ်အနည်းငယ်မှာပဲ ရေကန်နံဘေးဆီကို စစ် ရောက်လာခဲ့ပါတယ်။ ရေကန်စပ်ဆီ သူ ညင်ညင်သာသာလှမ်းလိုက်ပါတယ်။ အသံမထွက်အောင် သူဂရုစိုက်ခဲ့ပေမယ့် သစ်ကြားခွံတစ်ခုကို သူ မတော်တဆ တက်နင်းမိလို့အခွံကွဲအက်သံမြည်သွားပါတယ်။အသံကြောင့်ကန်စောင့်နတ်သမီး ရေကန်ပေါ် ဘွားခနဲပေါ်လာပါတယ်။ သူ့ရဲ့မကျေမနပ်ပြောဆိုချက်က နေ့နဲ့ တွေ့ဆုံခဲ့တုန်းက အတိုင်းပါပဲ။

"မင်းနဲ့ မင်းရဲ့မြင်းဖြူ ငါ့ကန်ပေါ်မှာ ဘာလုပ်နေတာလဲ။ အခု မင်းတို့ ရောက်လို့ ဝပြီထင်တယ်။ မင်းတို့ကြောင့် ငါ့ကြာပန်းတွေ နိုးသွားတော့မယ်။ ဒီအချိန်က သူတို့ရဲ့အိပ်ချိန်။ ငါ့ကြာပန်းတွေက နေ့မှာ အိပ်ပြီး ညမှာ သီချင်း ဆိုကြတယ်။ မင်းတို့ကြောင့် သူတို့နိုးသွားရင် ဒီညမှာ သူတို့သီချင်းမဆိုဘဲ နေလိမ့်မယ်။ သူတို့ရဲ့သီချင်းသံက ညအချိန်မှာ ငါ့ကန်ရေကို အငွေ့ပျံစေတယ်။ တကယ်လို့ သူတို့သီချင်းမဆိုကြရင် ကန်ရေလည်း အငွေ့မပျံနိုင်ဘူး။ တကယ်လို့

ကန်ရေတချို့ အငွေ့မပျံရင် ရေတွေပြည်လျှံတတ်တယ်။ ရေကြီးတတ်တယ်။ ရေကြီးရင် ဒီတောအုပ်က သစ်ပင်၊ ပန်းပင်တွေ ရေနစ်သေဆုံးရတယ်။ ပါးစပ်ပိတ်၊ ဘာမှမပြောနဲ့တော့ ... ဒီကနေ အမြန်ဆုံးထွက်သွားတော့။ ငါ့ကြာပန်းတွေ မနှိုးစေနဲ့ ..."

စစ် ပျာယာခတ်သွားပါတယ်။ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိဖြစ်သွားတယ်။ ခုနက မြင်ရခဲ့တဲ့ ထူးဆန်းတဲ့အဖြစ်အပျက်ကို တွေ့မြင်သွားရုံမက တစ်ချိန်တည်းမှာပဲ နတ်သမီးရဲ့ မကျေမနပ်ပြောကြားချက်ကိုလည်း အံ့ဩသွားမိပါတယ်။ စစ်ရဲ့ မြေကွက်လေးက အလျှင်စလို ရေလိုနေပါတယ်။ တကယ်လို့ နေ့တိုင်း ရေကန်ဆီလာပြီး ရေလာခပ်ရင် ကြာပန်းတွေကို နှိုးမိတော့မယ်။

တွေးကြည့်တော့လည်း ကိစ္စက ရှင်းရကျပ်လိုက်တာ။ ဒီနေရာကလွဲရင် တောအုပ်ရဲ့ တခြားနေရာမှာ ရေမရနိုင်ဘူး။ ဒီလိုဆိုတော့လည်း သူ့မှာ တခြား ဘာနည်းရှိနိုင်ဦးမလဲ။ စစ်က ထက်မြက်တဲ့သူပါ။ ရေကန်နတ်သမီးရဲ့ စကားသံထဲကနေ စိတ်ညစ်ဝမ်းနည်းသံ၊ လိုအင်ဆန္ဒတွေ ပါနေတာကို သူသိလိုက်တယ်။ နတ်သမီးရဲ့ အခက်အခဲကိုလည်း သူဖြေရှင်းပေးချင်စိတ်တွေ တားမရဆီးမရ ဖြစ်မိတယ်။

"နတ်သမီး... ကန်ရေတွေက ဘာကြောင့် အပြင်ကို မစီးဆင်းနိုင်တာလဲ။ ကျေးဇူးပြုပြီး ကျွန်တော့်ကိုပြောပြပါ။ ရေကန်တိုင်းမှာ ချောင်း၊ ဒါမှမဟုတ် မြစ်အဖြစ် ရေထွက်စီးကြောင်းတွေရှိတာပဲ ..."

"ငါ... ငါ..."

နတ်သမီးက ဆို့နင့်သံနဲ့ပြောတယ်။ ပထမဆုံးအကြိမ် စိတ်ခံစားချက် ချပ်ဝတ်တန်ဆာကို သူချွတ်ချလိုက်တယ်။ ဝမ်းနည်းခြင်းတွေ သူ့ရင်မှာ ရုန်းထလာခဲ့တယ်။

"ငါ့ရေကန်က ရေစီးကြောင်းထွက်ပေါက်မရှိတဲ့ ကန်ပါ။ ဘေးပတ်လည်မှာ မြစ်ချောင်းတွေနဲ့ မဆက်ထားဘူး။ ငါ့ကန်ထဲကျရောက်လာတဲ့အရာတွေက ရေကလွဲပြီး ရေပဲရှိခဲ့တယ်။ ရေတွေ အဆက်မပြတ်ခဲ့ဘူး။ အဝင်ပဲရှိပြီး အထွက်

မရှိခဲ့ဘူး။ ဘာမြစ်ချောင်းတစ်စင်းကမှ ငါ့ကန်ကနေ မြစ်ဖျားခံမစီးဆင်းခဲ့ဘူး။ ဒါကြောင့် ကြာပန်းတွေ နေ့မှာ ကောင်းကောင်းအိပ်ပြီး ညမှာ အစွမ်းကုန် သီချင်းဆိုနိုင်ဖို့ ငါအမြဲစိတ်ပူနေခဲ့ရတယ်။ နေ့မှာ သူတို့အိပ်ရဖို့ ငါစောင့်ရှောက်ရတယ်။ ညရောက်လို့ သူတို့အားလုံးသီချင်းဆိုကြတော့ သီချင်းသံကြောင့် ငါကောင်းကောင်းမအိပ်ရပြန်ဘူး။ ငါဟာ ဒီရေကန်ရဲ့ကျွန်ဖြစ်နေခဲ့ရပြီ။ မင်းကို ငါတောင်းပန်ပါတယ်… အမြန်ထွက်သွားပါတော့။ ငါ့ရဲ့ ကြာပန်းတွေကို မနှိုးစေနဲ့တော့…"

ဒီအချိန်ကျတော့မှ စစ်နားလည်သွားပါတယ်။ ပိုလျှံတယ်လို့ ရေကန်နတ်သမီးထင်တဲ့ရေက အခုအချိန်မှာ သွယ်တန်းဖို့ သူ့အရမ်းလိုအပ်နေတဲ့ ရေဖြစ်နေပါတယ်။

"ခင်ဗျားကို ကျွန်တော် ကူညီနိုင်တယ်… ဒါပေမဲ့ ကံကောင်းခြင်းအပင်စိုက်ပျိုးဖို့ ရေဘယ်လောက်လိုသလဲဆိုတာကို ခင်ဗျားအရင်ပြောပြနိုင်မလား"လို့ စစ်က မေးလိုက်ပါတယ်။

"ကံကောင်းခြင်းအပင်က ရေအများကြီးလိုအပ်ပါတယ်။ ပြီးတော့ သူတို့လိုအပ်တာက ကြည်လင်တဲ့ရေ တသွင်သွင်စီးဆင်းနေတဲ့ ချောင်းပါ။ ကံကောင်းခြင်းအပင်ပေါက်ရောက်ဖို့ သင့်တော်တဲ့မြေက အမြဲစွတ်စိုနေရပါတယ်" လို့ နတ်သမီးက ဖြေပါတယ်။

"ဪ… ဒီလိုဆိုရင် ခင်ဗျားကို ကျွန်တော်ကူညီနိုင်သလို ခင်ဗျားလည်း ကျွန်တော့်အခက်အခဲကို ဖြေရှင်းပေးနိုင်တာပဲ"

"ရှူး … ရှူး … သိပ်မအော်နဲ့… ငါ့ကြာပန်းတွေ နိုးသွားလိမ့်မယ်… မင်းမှာ ဘာနည်းကောင်းရှိသလဲ ငါ့ကို ပြောပြ"

"ခင်ဗျားသာ သဘောတူမယ်ဆိုရင် ရေကန်ဘေးမှာ ကျွန်တော် မြောင်းတစ်ခုဖောက်ချင်ပါတယ်။ ခင်ဗျားဆီကနေ ခွဲဖြာစီးဆင်းသွားတဲ့ မြောင်းတစ်ခုပေါ်လာမှာပါ။ ဒီလိုဆိုရင် ခင်ဗျားရဲ့ကန် ပြည့်လျှံရေကြီးတာမျိုးမဖြစ်တော့ပါဘူး။ ကျွန်တော် ဆိတ်ဆိတ်ငြိမ်ငြိမ်နဲ့ အလုပ်လုပ်ပါမယ်။ အားလုံးကို မဆူညံစေရပါဘူး။ စီမံကိန်းက ရိုးရိုးလေးပါ… ကန်ရေတွေစီးဆင်းသွားမယ့်မြောင်းတစ်ခုဖောက်ဖို့ပါပဲ။ နောက်ဆိုရင် ကြာပန်းတွေအတွက် ခင်ဗျားပူစရာမလိုတော့ပါဘူး။

ညတိုင်း ခင်ဗျား နှစ်နှစ်ခြိုက်ခြိုက်အိပ်ရမယ်လို့ အာမခံပါတယ်"

နတ်သမီးက စဉ်းစားဟန်ပြုတယ်။ တစ်အောင့်နေတော့ သူသဘောတူကြောင်း ခေါင်းညိတ်ပါတယ်။

"ကောင်းပြီလေ… ဒါပေမဲ့ ငါ့ကြာပန်းတွေ နီးအောင်တော့ သိပ်မဆုနဲ့နော်"

ပြောပြောဆိုဆို ရေကန်နတ်သမီးဟာ အခိုးအငွေ့လို ပျောက်ကွယ်သွားပါတယ်။ စစ် အံ့သြပြီး ကျန်ခဲ့ပါတယ်။

စစ်က အချိန်ကို တစ်စက္ကန့်တောင် ဆွဲမနေတော့ပါဘူး။ ချက်ချင်း အကြံကောင်းတစ်ခုကို သူတွေးမိပါတယ်။ သူ့ရဲ့လက်စွဲတော်ဓားကိုမြင်းနောက်မှာ ချည်ပြီးတော့ ထွန်အဖြစ် အသုံးပြုဖို့ဖြစ်တယ်။ မြင်းစီးပြီး မြေကွက်ရှိရာဆီ သူ ဒုန်းစိုင်းသွားပါတော့တယ်။ လက်စွဲတော်ဓားကလည်း သူသွားရာလမ်းတစ်လျှောက် မြောင်းတစ်ခုအဖြစ် ထွန်သွားပါတော့တယ်။ ရေတွေ ကန်ထဲကနေ တသွင်သွင်စီးထွက်ခဲ့လို့ နတ်သမီးရဲ့ကန် ရေလျှံတဲ့ပြဿနာကိုလည်း ဖြေရှင်းနိုင်ခဲ့ပါတယ်။ ကန်ရေဟာ မြေကွက်သစ်လေးဆီအရောက် စီးဆင်းခဲ့ပါတယ်။ စစ်လုပ်နိုင်ခဲ့ပါပြီ… မြောင်းတစ်ခုဖောက်ပြီး မြေကွက်ကို ရေသွင်းနိုင်ခဲ့ပါပြီ။ ဒါဟာ ဒီတောအုပ်မှာ ပထမဆုံးအကြိမ် ဒီလိုဖြစ်ပျက်တာပဲဖြစ်ပါတယ်။

စစ်ဟာ ကိုယ်တိုင် လက်နဲ့တူးဆွထားတဲ့ မြေကွက်ဘေးမှာပဲ လဲချ အိပ်စက်လိုက်ပါတယ်။ ရှေ့ရက်တွေမှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေကို သူပြန်ပြောင်းတွေးနေပါတယ်။ လူကြီးသူမတွေ အမြဲပြောလေ့ရှိခဲ့တဲ့စကားကို သူသတိရလာပါတယ်။ သင်သာပေးဆပ်ရင် ဘုရားသခင်က သင့်ကိုပြန်တုံ့ပြန်တယ်။ တခြားလူရဲ့အခက်အခဲက သင့်ရဲ့ကယ်ဆေးပဲဖြစ်တယ်။ တခြားလူကို သင်အားစိုက်ထုတ်ကူညီခဲ့ရင် သင်ပဲ အကျိုးအမြတ်အများဆုံးရပါတယ်။

ဒီကနေ့ရဲ့အခြေအနေကလည်း အဲဒီလိုပဲ ဖြစ်ခဲ့တာမဟုတ်လား… ရေသွင်းမယ့်ကိစ္စကို သူလက်လွှတ်ချင်စိတ်ဖြစ်တဲ့ အချိန်မှာပဲ ရေကန်နတ်သမီးရဲ့အခက်အခဲကို သူ အတွင်းကျကျ သိလိုက်ရတယ်။ နှစ်ဦးနှစ်ဖက်ရဲ့လိုအပ်မှုကို ဖြေရှင်းနိုင်မယ့်နည်းကိုလည်းသူသိခဲ့ရတယ်။ ဒါဟာတစ်ချက်ခုတ်နှစ်ချက်ပြတ်တဲ့

နည်းပါပဲ။ ထင်တောင် ထင်မထားခဲ့ပါဘူး။

ထူးဆန်းတာက စစ်ဟာ အဲဒီမြေကွက်လေးပေါ်မှာ ကံကောင်းခြင်းအပင် ပေါက်နိုင် မပေါက်နိုင်ဆိုတဲ့ကိစ္စကို သိပ်အလေးမထားတော့တာကို ကိုယ်တိုင်သတိပြုမိလိုက်တယ်။ ကံကောင်းခြင်းအပင် "မပေါက်နိုင်" တဲ့ မြေတစ်ကွက်အတွက် သူဆင်းရဲဒုက္ခရောက်ခဲ့လို့လား၊ ဒါမှမဟုတ် ကိုယ့်ကိုယ်ကိုယ် လူတုံးလူအတစ်ယောက်လို့ ခံစားရလို့လား။ မဟုတ်ပါဘူး။ လုပ်သင့်တာကိုပဲ သူဆက်လုပ်မယ်လို့ သူ နိုင်နိုင်မာမာ ယုံကြည်နေပါတယ်။ ဒီလိုယုံကြည်ချက်ကြောင့် "ကံကောင်းတဲ့မြေကွက်"၊ သင့်တော်တဲ့ မြေကွက်ကို ရွေးထားမိသလားဆိုတာကို သူ ဂရုမစိုက်ခဲ့တော့ပါဘူး။ ဘာကြောင့်လဲဆိုတာ သူလည်း ပြောမပြတတ်ခဲ့ဘူး။ မြေလှန်တယ်၊ မြေသြဇာလဲတယ်။ အဲဒီနောက် ရေသွင်းတယ်။ ဒါဟာ မပြောလည်း လုပ်ရမယ့်အလုပ်၊ သူ လုပ်သင့်တဲ့အလုပ်ပဲ ဖြစ်ပါတယ်။

ဒီမြေကွက်ပေါ်မှာသူကြိုးစားပြီးမြေလှန်တယ်၊ရေသွင်းတယ်ဆိုပေမယ့် ဒီမြေကွက်ဟာကံကောင်းခြင်းအပင်လုံးဝမပေါက်နိုင်တဲ့နေရာလည်းဖြစ်ကောင်းဖြစ်နိုင်တယ်ဆိုတာကို သူသိထားပါတယ်။ ဒါပေမဲ့ ဒီလိုဖြတ်သန်းနေချိန်မှာပဲ ဒီတောအုပ်ထဲမှာ ကံကောင်းခြင်းအပင်မပေါက်ရောက်နိုင်တဲ့ "အကျိုးအကြောင်း နှစ်ခု" ကို အနည်းဆုံးတော့ သူသိထားပြီးဖြစ်ပါတယ်။ မနက်ဖြန်ကျရင် ဒီထက်ပိုများတဲ့အရာကို သူသိရဦးမယ်။ ဒီ့အတွက် သူ့ရင်ထဲမှာ မျှော်လင့်ချက်လေးတော့ ရှိနေခဲ့ပါတယ်။


စစ်ဟာ မြေကြီးပေါ်ခေါင်းချပြီး အိပ်ဖို့ပြင်ဆင်လိုက်ပါတယ်။ ရေတွေစီးဝင်နေတဲ့ မြေသြဇာကြွယ်ဝနေတဲ့မြေကြီးကို မျှော်လင့်ချက်အပြည့်နဲ့ သူကြည့်လိုက်ပါတယ်။ အဲဒီနောက် ကံကောင်းခြင်းအပင် အညှောင့်ပေါက်ပုံ၊ ကြီးထွားပုံတွေကို သူ မြင်ယောင်လိုက်ပါတယ်။ ဒီကနေ့ညမှာတော့ သူ့ဦးနှောက်ထဲက ကံကောင်းခြင်းအပင်ရဲ့ပုံသဏ္ဍာန်ဟာ အရင်ညကထက် ပိုကြည်လင်၊ ပိုလက်တွေ့ဆန်လာခဲ့ပါတယ်။ တွေးလေ စိတ်ကြည်နူးလေ သူခံစားနေရပါတယ်။

ပတ်ဝန်းကျင်တစ်ခုလုံး ညအမှောင်က အဖော်ပြုထားပါတယ်။ သတ်မှတ်ရက်ရောက်ဖို့ ညသုံးညပဲ လိုပါတော့တယ်။

ကံကောင်းခြင်းစည်းမျဉ်း
နံပါတ် (၄)

ကံကောင်းခြင်းကျရောက်နိုင်မယ့် သင့်တော်တဲ့ပတ်ဝန်းကျင်ကို ကြိုတင်ပြင်ဆင်ရာမှာ တစ်ကိုယ်ကောင်းဆန်လို့ မရပါဘူး။

အဲဒီလို သင့်တော်တဲ့ပတ်ဝန်းကျင်ကို တည်ဆောက်ဖန်တီးရာမှာ တခြားလူနဲ့ အကျိုးတူပူးပေါင်းမှ ကံကောင်းခြင်းကို ရရှိနိုင်မှာဖြစ်ပါတယ်။



## ၄။ တောဘုရင်မ စကော်ရာ (Sequoia)

နောက်တစ်နေ့မနက် နော့ အိပ်ရာက ထလာချိန် စိတ်ထဲမှာတော့ မကြည်မလင်ဖြစ်နေပါတယ်။ တကယ်လို့ မြေစောင့်နတ်နဲ့ ကန်စောင့်နတ်သမီးတို့ရဲ့စကားကို အမှန်လို့ သူမှတ်ယူလိုက်ရင် တခြားသူပြောသလိုပဲ ဒါဟာ သက်သက်မဲ့ အချိန်ဖြုန်းနေတာဖြစ်သွားမယ်။ သူ့ရဲ့ဖွဲ့လုံ့လက နောက်ဆုံးမှာ ဗလာတစ်ခု ဖြစ်သွားမယ်၊ နောက်လှည့်ပြန်ရင် ကောင်းမယ်လို့ နော့ တွေးမိလိုက်ပါတယ်။ ဒါပေမဲ့လည်း ခရီးဝေးကနေပြီး ပျော်ရွှင်ခြင်းတောအုပ်ဆီအရောက် လာခဲ့ပြီးမှတော့ သတ်မှတ်ရက် ခုနစ်ရက်အထိ နေလိုက်တာပဲကောင်းပါတယ်လို့ သူတွေးမိပြန်တယ်။ နောက်ဆုံးကျမှ သူ့ကို ကံကောင်းခြင်းအပင် ဘယ်မှာ ရှာတွေ့နိုင်မယ်လို့ပြောပြနိုင်မယ့် ကျေးဇူးရှင်ကို တွေ့ချင်တွေ့နိုင်ပါသေးတယ်လေ။

နော့တစ်နေ့လုံး ယောင်ချာချာဖြစ်နေခဲ့တယ်။ ဒီလိုအချိန်မျိုးမှာ ဘယ်သူနဲ့ သူ စကားစမြည်ပြောနိုင်မလဲ။ တောအုပ်ထဲမှာ မြင်းစီးပြီး သူ လျှောက်သွားနေလိုက်တယ်။ ဘယ်ကိုသွားရင် ကောင်းမလဲ၊ တစ်လမ်းလုံး ထူးဆန်းတဲ့ တိရစ္ဆာန်မျိုးစုံကို သူတွေ့ခဲ့ပေမယ့် ကံကောင်းခြင်းအပင်ရဲ့အရိပ်အယောင်တော့ မမြင်ခဲ့ရဘူး။ မြေပြင်ပေါ်မှာ ထူးခြားတာလေးများတွေ့မိမလားလို့ မြင်းစီးပြီး သူ လျှောက်သွားချိန် မြေပြင်ကိုပဲ သူ စူးစိုက်ကြည့်ခဲ့ပါတယ်။

နောက်တော့ ရုတ်တရက် သူ့အကြံတစ်ခုရသွားပါတယ်။ စကော်ရာနဲ့ သူ စကားမပြောဖူးသေးဘူး။ စကော်ရာက ဒီတောအုပ်မှာနေထိုင်တဲ့ ပထမဆုံး သောဒေသခံမို့ သူ့ဆီကနေ တစ်ခုခုတော့ သိတန်ကောင်းပါရဲ့။

ဒီလိုနဲ့ နော့ဟာ မြင်းစီးပြီးတော့ တောအုပ်ရဲ့အလယ်ဗဟိုဆီ ရောက်လာခဲ့ပါတယ်၊ စကားအရ စကော်ရာဟာ ဒီပျော်ရွှင်ခြင်းတောအုပ်မှာ ပထမဆုံး ပေါက်တဲ့ သစ်ပင်ဖြစ်တယ်။ သူ ပေါက်တဲ့နေရာက တောအုပ်ရဲ့အလယ်ဗဟိုဖြစ်တယ်။ နော့မြင်းပေါ်က ခုန်ချလိုက်ပြီးစကော်ရာရှိရာဆီ ဦးတည်လိုက်ပါတယ်၊ ဒီတောအုပ်ထဲမှာရှိတဲ့ သက်ရှိသက်မဲ့အားလုံး စကားပြော တတ်တယ်ဆိုတာ နော့သိထားတဲ့အတွက် စကော်ရာဆီ သူ သွားပြီး မေးလိုက်ပါတယ်။

"တောဘုရင်မ စကော်ရာ... ခင်ဗျား စကားပြောတတ်သလား"

သစ်ပင်ဆီကနေ တုံ့ပြန်သံလည်း မကြားရဘူး။ နော့လည်း လက်မလျှော့ဘူး။

"တောဘုရင်မ စကော်ရာ... ခင်ဗျားကို ကျွန်တော်စကားပြောနေပါတယ်။ စကားပြန်ပြောပါလို့ တောင်းပန်ပါတယ်။ ကျွန်တော် ဘယ်သူလဲဆိုတာ ခင်ဗျားသိလား... ကျွန်တော်က နော့စစ်သည်တော်ပါ"

စကော်ရာက နားထောင်ပြီး ကြီးမားတဲ့သူ့အကိုင်းအခက်ကိုလှုပ်ရင်း စကားပြန်ပြောပါတယ်။

"မင်း ဘယ်သူလဲဆိုတာ ငါသိတာပေါ့။ ဒီတောအုပ်ထဲက သစ်တစ်ပင်တိုင်းကိုတောင် ငါသိတယ်ဆိုတာ မင်းမသိဘူးလား...။ ဒီတောအုပ်ထဲမှာရှိတဲ့ သစ်ပင်တစ်ပင်တိုင်းဟာ သစ်ကိုင်းသစ်ခက်တွေ နွယ်ယှက်ပြီး အချင်းချင်းဆက်သွယ်ကြတယ်ဆိုတာကို မင်းမသိဘူးလား။ ဒီလိုအခြေအနေမျိုးမှာ ကောလာဟလသတင်းတွေ အပြန့်မြန်တယ်။ မင်း ဘာမေးစရာရှိလဲ၊ အမြန်မေးပါ။ မေးပြီးတာနဲ့ ထွက်သွားတော့။ ငါ အရမ်းမောနေပြီ... နှစ်ပေါင်းထောင်ကျော်အသက်ရှင်နေခဲ့ရလို့ စကားပြောရတာတောင် ငါအားကုန်တယ်"

"ကျွန်တော် တိုတိုနဲ့လိုရင်းပဲပြောမယ်။ ကျွန်တော်သိရသလောက် သုံးရက်အတွင်းမှာ ဒီတောအုပ်ထဲ ထူးခြားဆန်းကြယ်တဲ့ ကံကောင်းခြင်းအပင် ပေါက်ရောက်နိုင်တယ်။ အဲဒီအပင်က ကံကောင်းခြင်းတွေကို သယ်ဆောင်ပေးလာနိုင်တဲ့ အပင်ပါ။ ဒါပေမဲ့ မြေစောင့်နတ်နဲ့ ကန်စောင့်နတ်သမီးက ဒီတောအုပ်ထဲမှာ ကံကောင်းခြင်းအပင် လုံးဝမပေါက်ဖူးဘူးလို့ ကျွန်တော့်ကို ပြောပါတယ်။ ခင်ဗျားက ဒီတောအုပ်ထဲမှာ ပထမဆုံးနေထိုင်တဲ့ ဒေသခံပါ။ သက်ရှိသစ်ပင်တွေအားလုံး ခင်ဗျားနဲ့ စကားပြောဖူးထားတော့ ဘာမဆို ခင်ဗျား သိလောက်တယ်။ ကျွန်တော့်မေးခွန်းကရိုးရိုးလေးပဲ...ဒီတောအုပ်ထဲမှာတကယ်ပဲ ကံကောင်းခြင်းအပင်မပေါက်ခဲ့ဖူးဘူးလား"

ဒီမေးခွန်းဖြေဖို့ စကော်ရာ တောင်တွေး၊ မြောက်တွေးနဲ့ တစ်အောင့်လောက် တွေးလိုက်တယ်။ ဖြတ်သန်းခဲ့တဲ့ နှစ်ပေါင်းတစ်ထောင်ရဲ့အတိတ်ကို

တစ်ချက် ပြန်အောက်မေ့လိုက်တယ်။ ပင်စည်အရစ်ပေါင်း တစ်ထောင်ကို တစ်ရစ်ချင်းပြန်ကြည့်ပြီးပြီ။ ဒါလေးနဲ့တင် အချိန်တော်တော်ကုန်သွားတယ်။ အချိန်တစ်စက္ကန့်၊ တစ်မိနစ်ဖြတ်ကျော်နေတယ်။ နော့ စောင့်ရတာ စိတ်မရှည်တော့ပါဘူး။

"ခင်ဗျားစကားပြန်ပြောပါဦး...အမြန်ပြန်ပြောပါ...မြန်မြန်ပြန်ပြောပါ..."

သူ စိတ်ရှုပ်ရှုပ်နဲ့ အော်လိုက်ပါတယ်။

"ငါ စဉ်းစားနေတယ်လေ... အတိတ်ကအဖြစ်တွေကို ငါတစ်ခေါက် ပြန်တွေးနေတာ။ မင်းကလည်း စိတ်ရှည်သည်းခံစိတ်လေးတောင် မရှိပါလား။ လူသားမျိုးနွယ်တော်တော်များများနဲ့ မင်းမခြားပါလား။ သစ်ပင်တွေဆီကနေ မင်း သင်ယူသင့်တယ်။ ငါတို့က အရမ်းစိတ်ရှည်သည်းခံတတ်တယ်"

မိနစ်အနည်းငယ် ကုန်ဆုံးသွားပြန်တယ်။ နော့ စိတ်မရှည်တော့လို့ နေရာကနေလှည့်ထွက်ဖို့ပြင်တယ်။ စကော်ရာ သူ့မေးခွန်းကို ပြန်မဖြေချင်ဘူးလို့ သူကထင်တယ်။ မြင်းပေါ် သူ တက်ခါနီးဆဲဆဲမှာ စကော်ရာ စကားစပြောပါတယ်။ စကော်ရာဟာ စာကြည့်တိုက်ဝန်ထမ်းလို သိုလှောင်သိမ်းဆည်းထားတဲ့ စာအုပ်ပေါင်းတစ်ထောင်ရဲ့မာတိကာကို စစ်ဆေးပြီးမှ နောက်ဆုံး သူလိုချင်တဲ့စာအုပ်ကို ရခဲ့သလိုမျိုး နော့ကို နိုင်မာသေချာတဲ့အဖြေတစ်ခု ပေးလိုက်ပါတယ်။

"ဟုတ်ပါတယ်... ဒီတောအုပ်ထဲမှာ ဘာကံကောင်းခြင်းအပင်မှ မပေါက်ခဲ့ဖူးပါဘူး။ ထူးခြားဆန်းကြယ်တဲ့ကံကောင်းခြင်းအပင်ဆို ပိုဆိုးတာပေါ့။ ငါ့အသက်တစ်ထောင်အတွင်းမှာ အဲဒီအပင်ကို တစ်ခါမှုမမြင်ခဲ့ဖူးဘူး"

နော့ စိတ်မကောင်းဖြစ်မိတယ်။ တကယ်ပဲ မှော်ဆရာ အမှား လုပ်ခဲ့ပြီ ထင်ပါတယ်။ ဒါမှမဟုတ် မှော်ဆရာ တမင်သက်သက် လိမ်ဆင်လိုက်တာလည်း ဖြစ်မယ်လို့ သူ လျှပ်တစ်ပြက်တွေးလိုက်မိတယ်။

ဒီလိုအချိန်မျိုးမှာ နော့ စိတ်ဓာတ်အကျကြီးကျဆင်းနေခဲ့ပါတယ်။ ဒါဟာ "ကံကောင်းခြင်းအပင်ဆိုတာ လုံးဝမရှိဘူး" လို့ ဒီတောအုပ်ထဲက သုံး ယောက်မြောက်ဒေသခံက ပြောလိုက်တာဖြစ်တယ်။ ဒီလိုအပြောက သူ့ခေါင်းထဲ တဝဲဝဲလည်နေခဲ့ပြီးတခြားဘာအရာမှုနက်နက်နဲနဲတွေးတောလို့မရခဲ့တော့ပါဘူး။

ဘယ်သူမဆို နော့လိုပဲ စိတ်ထဲမှာ ဒီတောအုပ်ထဲမှာ ကံကောင်းခြင်း အပင် မပေါက်နိုင်ဘူးလို့ပဲ "သိထား"ရင် တခြားဦးတည်ဘက်ကို တွေးတောဖို့ စိတ် မပါတော့ပါဘူး။ အခြေအနေကိုကြည့်ပြီး သူ့ဘက်က "ပေးဆပ်"မှု နည်းနည်း စိုက်ထုတ်ရမယ်ဆိုတာကိုတော့ သူ အသိမရခဲ့ပါဘူး။

အဲဒီလိုပဲ စိတ်ဓာတ်အကြီးအကျယ်ကျနေတဲ့ နော့ဟာ ကိုယ့်ကိုယ် ကိုယ်ခံရသူအဖြစ် တွေးထင်လိုက်တယ်။ ကိုယ့်ကိုယ်ကိုယ် အလိမ်ခံလိုက် ရတာယ်။ အသုံးချခံလိုက်ရတယ်လို့ ထင်နေခဲ့ပါတယ်။ ဘယ်လိုပဲကြည့်ကြည့် သူ မအောင်မြင်နိုင်တော့ဘူးလို့ သူ တွေးထင်လိုက်ပါတယ်။

*****

မနက် စစ် နိုးလာတဲ့အခါမှာ မနေ့ကထက် သူပိုကျေနပ်တယ်လို့ ခံစားရတယ်။ မြေသြဇာပြည့်ဝတဲ့မြေကြီး၊ အလျှံပယ်ရေတွေကို ကြည်နူးစိတ် အပြည့်နဲ့ ကိုယ့်ရဲ့ကြိုးစားမှုအသီးအပွင့်တွေကို သူကြည့်နေမိတယ်။ အကယ်၍ ဒီနေရာဟာ ထူးခြားဆန်းကြယ်တဲ့ ကံကောင်းခြင်းအပင် ပေါက်ရောက်နိုင်မယ့် နေရာဖြစ်ခဲ့မယ်ဆိုရင် အဲဒီအပင်ဟာ နေရောင်ခြည် ဘယ်လောက်နဲ့ အေးမြမှု ဘယ်လောက်လိုအပ်မယ်ဆိုတာကို သူသိဖို့ လိုပါသေးတယ်။

စစ်က စစ်သည်တော်တစ်ဦးပါ။ ဥယျာဉ်မှူးမဟုတ်ပါဘူး။ ဒါကြောင့် သစ်ပင်၊ အပင်ပညာရှင်ကို သူရှာရမှာဖြစ်ပါတယ်။ ဘယ်သူ့ကို ရှာသင့်သလဲ။ သူ ချက်ချင်းစဉ်းစားမိလိုက်တာက...

"ပြောဖို့လိုသေးလို့လား... စကော်ရာပဲပေါ့။ စကော်ရာက ဒီတောအုပ် ထဲမှာတော့ ပညာအရှိဆုံးသစ်ပင်ပါပဲ။ ကံကောင်းခြင်းအပင်က နေရောင်ခြည် ဘယ်လောက်လိုအပ်တယ်ဆိုတာကို သူ သိကိုသိမှာပါ"

စစ်ဟာ မြင်းစီးပြီး တောအုပ်ရဲ့အလယ်ဗဟိုကိုရောက်လာခဲ့ပါတယ်။ မြင်းပေါ်က ဆင်းပြီးနောက် သစ်ပင်ကြီးဆီ သူ ဖြည်းဖြည်းချင်း ဦးတည်လိုက်ပါ တယ်။ သူ့လှုပ်ရှားမှုက နော့ ပြုလုပ်ခဲ့တဲ့အတိုင်းပါပဲ။

"လေးစားချစ်ခင်ရတဲ့ တောအုပ်ဘုရင်မ စကော်ရာခင်ဗျား... စကား အနည်းငယ် ပြောနိုင်မလား ခင်ဗျား"

တုံ့ပြန်သံ မကြားရပါဘူး။ စစ်က အားမလျော့ဘဲ စကားဆက်ပြော ပါတယ်။

"ကြီးကျယ်မြင့်မြတ်လှတဲ့ တောဘုရင်မ စကော်ရာခင်ဗျား... ဒီအချိန် မှာ ခင်ဗျားအပန်းမကြီးရင် ခင်ဗျားကို ကျွန်တော် တစ်ခုတောင်းဆိုချင်ပါတယ်။ တကယ်လို့ အခုအချိန်မှာ အဆင်မပြေဘူးဆိုရင်တော့ ကျွန်တော် ခဏနေမှ ပြန်လာခဲ့ပါမယ်"

တကယ်တော့ စကော်ရာက အဲဒီရန်မူလိုတဲ့၊ သည်းခံစိတ်ရှည်မှုမရှိတဲ့ စစ်သည်တော်ရဲ့အပြောကို ပြန်မဖြေဖို့ စိတ်ကူးထားပြီးသားပါ။ ဒါပေမဲ့ စစ်ကို ကြည့်တော့ ဒီစစ်သည်တော်က သည်းခံစိတ်ရှိပြီး ယဉ်ကျေးတယ်။ မာန်တက်ပုံ လည်းမရဘူး။ သူ့စကားသံမှာ ခင်မင်ရိုးသားမှုရှိတယ်။ စိတ်ကြီးလည်း မဝင်တဲ့ အပြင် မြေပြင်ပေါ်မှာ ဒူးထောက်ပြီး သူ့ကိုအရိုအသေပြုနေသေးတယ်။ ဒီလိုနဲ့ စကော်ရဟာ စိတ်ကူးပြောင်းပြီး အထူးဆက်ဆံမှုပေးခဲ့ပါတယ်။ စစ် လှည့်ထွက် မယ့်ဆဲဆဲမှာ စကော်ရာက လှမ်းတားလိုက်ပါတယ်။

"ဟုတ်တယ်... ငါ အရမ်းပင်ပန်းနေပြီ။ ဒါပေမဲ့ ပြောပါ... မင်း ဘာမေး စရာရှိလဲ"

"ခင်ဗျားရဲ့စိတ်ကောင်းအတွက် ကျေးဇူးတင်ပါတယ် တောဘုရင်မ ခင်ဗျား။ ကျွန်တော်ရဲ့မေးခွန်းက ရိုးရိုးလေးပါ။ တကယ်လို့ ကျွန်တော့်မှာ မကြာခင်ကမှ မြေလှန်ထားတဲ့ မြေကွက်တစ်ကွက်ရှိတယ်။ ပြီးတော့ လုံလောက် တဲ့ရေလည်း သွင်းထားတယ်။ နေရောင်ခြည် ဘယ်လောက်ရမှ ကံကောင်းခြင်း အပင်က ပေါက်နိုင်မလဲခင်ဗျား"

"အင်း..."

စကော်ရာက ကိတ်ဆိတ်ခြင်းထဲနစ်ဝင်သွားတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ် မှာ သူ့အမြန်စကားပြန်ပါတယ်။ ဒီကိစ္စကို အတိုင်းထက်အလွန် သူသိလို့ပါပဲ။

"ကံကောင်းခြင်းအပင်က နေရောင်ခြည်နဲ့ အေးမြမှုကို ညီတူညီမျှ

လိုအပ်ပါတယ်။ ဒီတောအုပ်ထဲမှာတော့ အဲဒီလို ညီတူညီမျှရှိတဲ့နေရာ မရှိနိုင်ဘူး။ ဘာကြောင့်လည်းဆိုတော့ ဒီတောအုပ်ထဲမှာ နေရာတိုင်းက အုံ့ဆိုင်းနေလို့ပဲ။ ဒါကို မင်းလည်း သတိထားမိမှာပါ။ ဒါကြောင့်လည်း ကံကောင်းခြင်းအပင် မပေါက်နိုင်တာပေါ့။ ဒါဟာ ငါ့ရဲ့အဖြေပဲ ... နောက်မှတွေ့ကြတာပေါ့"

စစ်က လွယ်လွယ်နဲ့ လက်လျှော့တတ်သူ မဟုတ်တာကြောင့် ...

"ခဏစောင့်ပါဦး ... တောင်းပန်ပါတယ် ... ခဏနေပါဦး ... ကျွန်တော် နောက်မေးခွန်းတစ်ခု မေးပြီးရင် ရပါပြီ။ ခင်ဗျားက တောဘုရင်မမို့ပါ။ ခင်ဗျား တောအုပ်က သစ်ပင်တချို့ရဲ့ အကိုင်းအခက်တွေကို ကျွန်တော့်ကို ပြင်ဆင်ဖို့ ခွင့်ပြုပေးနိုင်မလား"

စကော်ရာက ခွင့်ပြုလိုက်ပါတယ်။

"ငါ့ရဲ့ခွင့်ပြုချက်ကို မင်းယူစရာမလိုပါဘူး။ ခြောက်သွေ့နေတဲ့ သစ်ရွက် သစ်ခက်တွေကို မင်းစိတ်ကြိုက် ညှပ်ဖြတ်ပြီး ပြုပြင်ပစ်နိုင်ပါတယ်။ ဒီတောအုပ် ထဲမှာ ဘယ်သူကမှ အချိန်ကုန်ခံပြီး ပြင်ဆင်ပြုပြင်တာမျိုး မရှိခဲ့ဖူးဘူး။ ဒါကြောင့် လည်း တောအုပ်က နေရောင်ခြည်တစ်ပြောက်တောင် မရှိခဲ့တာပေါ့။ အင်း ... ဒီက ဒေသခံတိုင်းက ပျင်းတွေချည်းပဲ။ လုပ်သင့်တဲ့ကိစ္စကို မနက်ဖြန်ထိ ရွှေ့ချင်နေကြ တယ်။ မင်းသာ အချိန်နည်းနည်းအကုန်ခံနိုင်ရင် သစ်ပင်တစ်ပင်တိုင်းရဲ့အောက်မှာ နေရောင်နဲ့အေးမြမှုက ညီတူညီမျှရနိုင်မယ့် နေရာကောင်းလေးပါ။ ငါ့ ခွင့်ပြုချက် ယူနေစရာမလိုပါဘူး။ မင်းသာ ခြောက်သွေ့တဲ့ သစ်ကိုင်းသစ်ခက်တွေကို ရှင်းလင်း ခုတ်ထွင်ပစ်ရင် သစ်ပင်တစ်ပင်တိုင်းက ကျေနပ်နေမှာပါ။ သစ်ကိုင်းဟောင်းတွေ ဖြတ်ပစ်၊ မလိုတော့တဲ့သစ်ခက်တွေကိုဖယ်ထုတ်လိုက်ရင် သစ်ပင်နဲ့ ဘေးပတ်ဝန်း ကျင်က အပင်တွေ ကြီးထွားရှင်သန်မှုကို ပိုအထောက်အကူဖြစ်စေပါတယ်" လို့ စကော်ရာက ထပ်လောင်းပြောကြားပါတယ်။ သူ့စကားသံမှာ စိတ်အားထက်သန်မှု၊ ခင်မင်ရင်းနှီးမှုတွေ ပါနေပါတယ်။

"ကျေးဇူးတင်ပါတယ် ... ကျေးဇူးအထူးတင်ပါတယ် ဘုရင်မခင်ဗျား" လို့ စစ်က လေးလေးစားစားပြန်ဖြေပါတယ်။ သူ ထရပ်လိုက်ပြီး ကြီးမြတ်တဲ့စကော် ရာကို မျက်နှာချင်းဆိုင်ပြီး တဖြည်းဖြည်း မြင်းရှိရာဆီ နောက်ဆုတ်လိုက်ပါတယ်။

မြင်းပေါ်ရောက်တာနဲ့ စစ်ဟာ သူမြေလှန်ခဲ့၊ ရေသွင်းခဲ့တဲ့မြေကွက်ဆီ ဒုန်းစိုင်းသွားပါတော့တယ်။ ဒီအချိန်မှာ မှောင်ရီပျိုးလာပြီမို့ မနက်ဖြန်မှပဲ သစ်ကိုင်းသစ်ခက်တွေကို ရှင်းလင်းတော့မယ်။ အနည်းဆုံးတော့ လုပ်သင့်တဲ့ မြေလှန်၊ ရေသွင်းတာကို သူလုပ်ခဲ့ပြီးပါပြီ။ အခုလည်း နေရောင်ခြည် တိတိကျကျမယ့် အချိန်ကို သူ ရှင်းရှင်းလင်းလင်းသိခဲ့ပြီဖြစ်ပါတယ်။

သူ အနားယူလို့ ရပါပြီ။ နောက်ဆုံးကျန်တဲ့ တစ်ရက်ကို သစ်ကိုင်းသစ်ခက်တွေ ရှင်းလင်းမယ်။ ဒါပေမဲ့ ခုနက စကော်ရာပြောခဲ့တဲ့ စကားကို သူ ရုတ်တရက် သတိရလိုက်ပြန်ပါတယ်။ လုပ်သင့်တဲ့အလုပ်ကိစ္စကို မနက်ဖြန်အထိ အချိန်မဆွဲပါနဲ့။ စစ်လည်း သူကိုယ်တိုင်လက်ကိုင်ထားတဲ့ သတိစကားတစ်ခွန်းကို သတိရလိုက်ပါတယ်။ ချက်ချင်းလုပ်ဆောင်ပါ၊ မနှောင့်နှေးပါစေနဲ့။ တကယ်ပဲ သစ်ကိုင်းသစ်ခက်ရှင်းလင်းတာကလွဲလို့ မနက်ဖြန်မှာ သူ ဘာမှ လုပ်စရာမရှိတော့ဘူး။ တကယ်လို့ ဒီအချိန်မှာ ရှင်းလင်းလိုက်ရင် မနက်ဖြန်မှာ သူ့အတွက် လွတ်လွတ်လပ်လပ်လျှောက်သွားလို့ရမယ့် အချိန်တစ်ရက် ရှိလာလိမ့်မယ်။ တခြားလုပ်စရာပေါ်လာခဲ့ရင်လည်း မနက်ဖြန်မှာ လုပ်နိုင်ပါတယ်။ ဒီလိုနဲ့ ဆည်းဆာအလင်းနဲ့ သစ်ကိုင်းသစ်ခက်ခြောက်တွေကို သူ ခုတ်ထွင် ရှင်းလင်းလိုက်ပါတယ်။

စစ်က ချက်ချင်းလုပ်ဆောင်ပါ၊ မနှောင့်နှေးပါစေနဲ့ဆိုတဲ့ သူ့သဘောထားအတိုင်း လုပ်သင့်တာကို ပြီးစီးအောင် လုပ်လိုက်ပါတယ်။ မြေကွက်ပေါ် အရိပ်ကျရောက်နေတဲ့ အကိုင်းအခက်ခြောက်တွေကို သူ့ရှင်းလင်းလိုက်ပါတယ်။

ဒီတောအုပ်ထဲက သစ်ပင်တွေဟာ ထုထည်ကြီးပြီး မြင့်မားကြတယ်။ သစ်ပင်တစ်ပင်တိုင်းပေါ် သူ တက်ပြီး ရှင်းလင်းရပါတယ်။ တစ်ခုကောင်းတာက သူ့မှာ ကြိုးအပိုပါလာခဲ့လို့ အခုအချိန်မှာ အသုံးဝင်နေခဲ့ပါတယ်။ ခါတိုင်း သူ့အမြဲကျင့်ခဲ့တဲ့ဓားရေးကို ဒီနေရာမှာ အသုံးပြုပြီး ခြောက်သွေ့တဲ့သစ်ကိုင်းသစ်ခက်အားလုံးကို သူ ခုတ်ပိုင်းခဲ့ပါတယ်။ စိမ်းစိုတဲ့အကိုင်းအခက်ကိုတော့ နဂိုအတိုင်းထားထားပါတယ်။ တစ်ညနေလုံး သစ်ကိုင်းသစ်ခက်ဟောင်းတွေ ခုတ်ထွင်ရှင်းလင်းရင်း သူ အလုပ်များနေခဲ့ပါတယ်။ ဒီအချိန် ဒီအခါမှာ သစ်ကိုင်း ခုတ်ထွင်ရှင်းလင်းရေးကမှ သူ့အတွက် အလေးထားစရာအလုပ်တစ်ခုလို ဖြစ်နေပါတယ်။

နောက်ဆုံး အလုပ်ပြီးစီးချိန်မှာ သူ အားရကျေနပ်မှုရနေခဲ့ပါတယ်။

သူ စိတ်ကြည်နူးနေပါတယ်။ ထူးဆန်းတာက သူရွေးခဲ့တဲ့ ဒီမြေကွက်မှာ ကံကောင်းခြင်းအပင် ပေါက်နိုင် မပေါက်နိုင်ဆိုတာကို သူစိတ်မပူတော့သလိုပါပဲ။ အခုအချိန်မှာ ကံကောင်းခြင်းမျိုးစေ့ကျရောက်နိုင်မယ့် လိုအပ်ချက် အခြေအနေအားလုံးကို သူ ပြင်ဆင်ခဲ့ပြီးဖြစ်သလို အဲဒီလိုအပ်ချက်တွေကိုလည်း သူ လုပ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ မနက်ဖြန်မှာ သူ လုပ်သင့်တာ ဘာရှိဦးမလဲ ...တချို့အရာတွေက အပြင်ပန်းကကြည့်ရင် သိပ်အရေးမပါဘူးလို့ထင်ရပေမယ့် တကယ်တမ်းမှာတော့ အဲဒီအရာတွေက မရှိမဖြစ် လိုအပ်တဲ့ အဓိက သော့ချက် ဖြစ်နေတတ်ပါတယ်။

စစ်က သူလုပ်ခဲ့သမျှ အရာအားလုံးအတွက် စိတ်ထဲမှာ ကျေနပ်ကြည်နူးနေပါတယ်။ လုပ်ခဲ့သမျှအရာတစ်ခုတိုင်းက သူ့အတွက် စိတ်ဝင်စားစရာဖြစ်နေသလို စိတ်အားထက်သန်မှု၊ စိတ်လိုလက်ရ အာရုံစိုက်မှုလည်း ရှိခဲ့ပါတယ်။ ဒီလိုအချိန်မျိုးမှာ သူ့စိတ်ခံစားချက်က နောက်ဆုံးရလဒ်ဟာ ဘာပဲဖြစ်နေပါစေ အရေးမကြီးတော့ပါဘူး။

အဲဒီနေ့ညမှာ စစ်က သူ့ရဲ့ကံကောင်းခြင်းအပင်ပေါက်ရောက်ပုံကို စိတ်ကူးယဉ်နေခဲ့ပြန်ပါတယ်။ ဒီတစ်ခါက်မှာတော့ ကံကောင်းခြင်းအပင်ဟာ သူကိုယ်တိုင် လက်နဲ့ထွန်ယက်ခဲ့တဲ့ မြေဆီမြေနှစ်ပြည့်ဝနေတဲ့ မြေကွက်ပေါ်မှာ ပေါက်ရောက်နေတယ်လို့ သူ မြင်ယောင်ပါတယ်။ နေရောင်ခြည်ဟာ အုံ့ဆိုင်းနေတဲ့ သစ်ပင်ထက်ကနေ ထိုးဆင်းပြီး အဲဒီမြေကွက်ပေါ် ကျရောက်နေပါတယ်။ ကံကောင်းခြင်းအပင်ပေါ်က အရွက်လေးရွက်မှာ အရွက်တိုင်းက အသည်းပုံစံဖြစ်ပြီး အစွမ်းကုန် ပြန့်ကားနေပါတယ်။


ကံကောင်းခြင်းအပင်ပေါက်ရောက်နိုင်မယ့် မြေနေရာအခြေအနေကို သူ သိလာရလေလေ ဒီမြေနေရာကို သူ အရွေးမှန်ခဲ့ပြီလားဆိုတာကို သူ အလေးမထားတော့လေလေကိုတော့ ဘာကြောင့်ဆိုတာ သူလည်း မပြောပြတတ်ခဲ့တော့ပါဘူး။

ညဉ့်နက်လာပါပြီ။ သတ်မှတ်ရက်ရောက်ဖို့နှစ်ညသာ လိုပါတော့တယ်။

## ကံကောင်းခြင်းစည်းမျဉ်း နံပါတ် (၅)

အကယ်၍ "လုပ်ရမယ့်အလုပ်" ကို
မနက်ဖြန်ရွှေ့လိုက်ရင်
ကံကောင်းခြင်းက ဘယ်တော့မှ
ရောက်လာနိုင်မှာ မဟုတ်ပါဘူး။
ပတ်ဝန်းကျင်ကို ဖန်တီးအစပြုမယ့်
ပထမဆုံးခြေတစ်လှမ်းက
ဒီကနေ့ပဲ ဖြစ်ပါတယ်။



၅။ စတုံး(Ston) ... ကျောက်နတ်ဘုရားမ

ခြောက်ရက်မြောက်နေ့ နေ့မှာ ဘာမှ လုပ်စရာကိုင်စရာမရှိဖြစ်နေပါတယ်။ သုန်မှုန်တဲ့မျက်နှာထားနဲ့ တောအုပ်ကြီးထဲမှာ စိတ်ပျက်လက်ပျက်လျှောက်သွားနေခဲ့ပါတယ်။ အမှန်အတိုင်းပြောရရင် ဘာကံကောင်းခြင်းအပင်ကိုမှ သူ ရှာတွေ့တော့မှာ မဟုတ်ဘူးလို့ သူ ထင်နေပါတယ်။ ဒါပေမဲ့ သူတစ်ယောက်တည်း နန်းတော်ကိုမပြန်ချင်ခဲ့ဘူး။ လူတွေ ပျက်ရယ်ပြုမှာကို ခံရမယ့်အတူတူ စစ်နဲ့ အတူပြန်ဖို့ သူ တွေးလိုက်ပါတယ်။

အဲဒီအပြင် သူ့ရဲ့အမှား၊ သူ့ရဲ့ကျရှုံးမှုကို သူကိုယ်တိုင် လက်မခံနိုင်ဖြစ်နေခဲ့တာမို့ ဒီတာဝန်ကို တခြားလူလည်း မှုထမ်းသင့်တယ်လို့ သူ ထင်နေပါတယ်။

"ငါဟာ မှော်ဆရာရဲ့ လျှပ်တစ်ပြက်အမှား၊ တမင်ကြံစည်ထားတဲ့ လိမ်ဆင်မှုမှာ ခံနေရတဲ့ မားစာခံပါ" လို့ သူ့ကိုယ်သူ စိတ်ထဲပြောနေမိပါတယ်။

ဒီကနေ့ဟာ ဒီတောအုပ်ထဲ နော့ရောက်လာခဲ့တဲ့ နေ့ရက်တွေထဲက အပျင်းဆုံးနေ့ရက်ဖြစ်နေပါတယ်။ ရှားပါးတိရစ္ဆာန်တချို့ကို သူ ဖမ်းဆီးခဲ့ပြီး ထူးဆန်းတဲ့အပင်တချို့ကို သူမြင်ခဲ့ရတယ်ဆိုပေမယ့် ကျန်တာတွေက သူ့အတွက်တော့ ငြီးငွေ့ဖွယ် ကောင်းနေခဲ့ပါတယ်။

အဆိုးဆုံးက ဒီတစ်သက် သူ့မှာ ကံကောင်းခြင်းတွေ ဘယ်တော့မှ မရှိနိုင်တော့ဘူးလို့ ယုံကြည်နေတဲ့ သူ့အတွေးက သူ့ကို တစ်နေ့ကုန် ကြီးစိုးနှောင့်ယှက်နေတာပဲဖြစ်တယ်။ ကံသာကောင်းခဲ့ရင် ကံကောင်းခြင်းအပင်ကို သူ စောစောကတည်းက တွေ့ထားသင့်ခဲ့တာပါ။ အခုတော့ လက်တွေ့နဲ့တခြားစီမို့ မှော်ဆရာ သူ့ကို လိမ်လိုက်ပြီဆိုတာ သိသာနေခဲ့ပါတယ်။

မှော်ဆရာရဲ့အလိမ်ကို ခံလိုက်ရတယ်လို့ တွေးထင်ထားခဲ့ပေမယ့် ဘာကြောင့် နန်းတော်ကို မပြန်သေးတာလဲ၊ သတ်မှတ်ရက်အထိ ဘာကို စောင့်နေသေးတာလဲ...

သတ်မှတ်ရက်အထိ စောင့်နေတာဟာ မှော်ဆရာကို တာဝန်လွှဲချင်လို့။ ပြီးတော့ "ကံ" ဆိုတာလေးကို သူ မျှော်လင့်နေသေးလို့ပါ။ ဒါပေမဲ့ တခြားတစ်ဖက်က

ကြည့်ရင်လည်း စောင့်ရတဲ့အချိန် ကြာလေလေ ကံကောင်းခြင်းက မကျရောက်နိုင်တော့ဘူးလို့ တွေးထင်တဲ့အကြောက်တရားကပြင်းထန်လေလေဖြစ်ပါတယ်။ ဘာများမှားနေပါလိမ့်...။ သူ ဘာကြောင့် ဒီလောက် ကံဆိုးရတာပါလိမ့်...။

"အေးလေ...သတ်မှတ်ရက်မရောက်သေးဘူးဆိုတော့ "ကံကောင်းခြင်း"နဲ့တွေ့ဖို့ ငါ့မှာ အရည်အချင်း၊ ကောင်းတဲ့ကံတွေ ရှိပါသေးတယ်။ ငါဟာ အများနဲ့မတူတဲ့ လူတစ်ယောက်ပဲ။ ဒါပေမဲ့ ဒီနေရာမှာ ငါယောင်ချာချာဖြစ်နေခဲ့တာ ကြာပြီ။ ကံကောင်းခြင်းအပင်ကို ရှာတွေ့ဖို့ ငါ ဘာသဲလွန်စမှ မရသေးပါဘူး" လို့နော့ဟာ တစ်ယောက်တည်း ညည်းညူနေပါတယ်။

သူဟာ ဘာမှ မလုပ်မကိုင်ဖြစ်ဘဲ အဲဒီလိုနဲ့ တစ်ရက်ကုန်ဆုံးသွားခဲ့ပြန်ပါတယ်။ ဘာလုပ်လို့လုပ်ရမှန်း သူကိုယ်တိုင်လည်း မသိတော့တာမို့ နော့ဟာ ကျောက်နတ်ဘုရားမ စတုံးဆီသွားပြီးတော့ စကားစမြည်ပြောဖို့ ဆုံးဖြတ်လိုက်ပါတယ်။ တကယ်တော့ ဒါဟာ... ဒီမျော်ရှင်ခြင်းတောအုပ်မှာ ဘာကံကောင်းခြင်းအပင်မှ မပေါက်နိုင်ဘူး၊ သူဟာလည်း ကံကောင်းသူ မဟုတ်ဘူးလို့ ထပ်ပြောလာမယ့် သူတစ်ယောက်ယောက်ကို သူ ရှာချင်ရုံ သက်သက်ပါ။

နော့ ဒီလိုလုပ်တာဟာ သိပ်တော့ မထူးဆန်းပါဘူး။ ဒါဟာ ငါကံမကောင်းပါလားလို့ တွေးထင်သူတိုင်းရဲ့ တူညီတဲ့လက္ခဏာဖြစ်တယ်။ သူတို့ဟာ လူ့ဘဝကို အပျက်အမြင်နဲ့ ရှုမြင်တတ်ကြတဲ့ သူတို့နဲ့ဘဝတူသူတွေကို လိုက်ရှာချင်ကြတယ်။ ဘယ်သူကမှ အနစ်နာခံသူ၊ ခံရသူ မဖြစ်ချင်ခဲ့ကြပါဘူး။ ဒါပေမဲ့ အပြင်ပန်းကကြည့်ရင် သူတို့ ဒီလိုကံမကောင်းရတာဟာ တခြားသူကြောင့်ဆိုပြီး အရာအားလုံးကို သူတို့လွှဲချချင်နေခဲ့ကြတယ်။

ကျောက်နတ်ဘုရားမစတုံးက "တောင်ထိပ်"မှာနေတယ်။ ဒီတောင်ဟာ ကျောက်ဆောင်ကျောက်တုံးတွေ ထူထပ်တဲ့အတွက် တောင်ထိပ်တက်တဲ့လမ်းခရီးဟာ အန္တရာယ်ရှိကြမ်းတမ်းလှတယ်။ တစ်ခေါက်တက်ဖို့ တော်တော်ပင်ပန်းရတယ်။ တောင်ထိပ်မှာရပ်ပြီး တောအုပ်တစ်ခုလုံးကို စီးမိုးကြည့်နိုင်တယ်။ နော့က စစ် ဘယ်မှာရှိနေမလဲဆိုတာကို သိချင်နေတယ်၊ စစ်နဲ့ သူ

စကားပြောချင်နေပါတယ်။ နန်းတော်ကို ပြန်မပြန်မေးကြည့်ချင်နေပါတယ်။ ဒီအချိန်မှာ ကျောက်နတ်ဘုရားမ စတုံးနဲ့ သူတွေ့ဆုံပါတယ်။ နတ်ဘုရားမက တခြားကျောက်တုံးကြီးတွေနဲ့ စကားပြောနေပါတယ်။ ရုတ်တရက်... စတုံးက ကိုယ်ကိုလှည့်ပြီး...

"ဟော... ကြည့်စမ်း... ဒါဟာ ပျော်ရွှင်ခြင်းတောအုပ်ထဲရောက်နေတဲ့ စစ်သည်တော်နှစ်ယောက်ထဲက တစ်ယောက်ပါလား။ ဒီလေးရက်တာအတွင်း တောအုပ်ထဲမှာပြောနေကြတဲ့ အကြောင်းအရာတွေက သူတို့နှစ်ယောက် အကြောင်းတွေပဲ။ ဘယ်လိုလဲ...ကံကောင်းခြင်းအပင်ကို ရှာတွေ့ခဲ့ပြီလား"

နတ်ဘုရားမဟာ စကားဆုံးတာနဲ့ လှောင်ပြောတဲ့အသံနဲ့ တမင် ရယ်မောလိုက်ပါတယ်။

"ခင်ဗျားလည်း သိပြီးရောပေါ့...ရှာမတွေ့သေးပါဘူး"

နော့က ခပ်ဆတ်ဆတ် ပြန်ဖြေတယ်။ ကြည့်ရတာ စိတ်ရှုပ်သွားသလို ပါပဲ။

"ဟော့... စတုံး... ကျွန်တော့်ကိုပြောပါဦး။ ဒီတောအုပ်ထဲမှာ တကယ်ပဲ ကံကောင်းခြင်းအပင်မပေါက်ခဲ့ဖူးဘူးလား။ ဒါမှမဟုတ် ဒီကျောက်ဆောင်ကြီး ကြားမှာ၊ တခြားတစ်နေရာရာမှာ ရှာမတွေ့နိုင်ဘူးလား။ ကျွန်တော်တော့ သိပ် မဖြစ်နိုင်ဘူးလို့ထင်တယ်။ ဟုတ်တယ် မဟုတ်လား..."

ကျောက်နတ်ဘုရားမက နော့ရဲ့စကားကို နားထောင်ပြီး မအောင့် နိုင်ဘဲ အော်ရယ်ပါတော့တယ်။

"ဟုတ်တာပေါ့... ဘယ်ဖြစ်နိုင်မလဲ။ ကျောက်တုံးတွေပဲရှိတဲ့ ဒီနေရာမှာ ဘယ်ကလာ ကံကောင်းခြင်းအပင် ပေါက်နိုင်မလဲ။ တောအုပ်ထဲမှာ မင်း... ယောင်ချာချာနဲ့ ရက်အတော်ကြာ လည်နေခဲ့ပြီးပြီ။ ကြည့်ရတာ... စိတ်ကယောင် ချောက်ချားဖြစ်နေပြီထင်ပါရဲ့။ မင်း သတိတော့ထားနော်။ ဒီနေရာမှာ ကြာကြာ နေမိရင် မင်းရူးသွားနိုင်တယ်။ ဦးတည်ချက်မရှိဘဲ တောအုပ်ထဲမှာ လျှောက်သွား နေတဲ့လူသားတိုင်း နောက်ဆုံးမှာအဲဒီလိုပဲဖြစ်သွားကြတယ်။ မဖြစ်နိုင်ပါဘူးကွာ...

ဒီမှာ ဘာကံကောင်းခြင်းအပင်မှမရှိနိုင်ဘူး။ ကျောက်တုံး ကျောက်ဆောင်တွေ ပြည့်နှက်နေတဲ့နေရာမှာ ဘာကံကောင်းခြင်းအပင်မှ မပေါက်နိုင်ဘူးကွာ"

တောင်ထိပ်ကနေ နော့က ဖြည်းဖြည်းချင်း ဆင်းလာခဲ့ပါတယ်။ လမ်းတစ်လျှောက် နားထဲမှာ ကျောက်နတ်ဘုရားမရဲ့လှောင်ရယ်သံကိုသာ သူကြားနေခဲ့ပါတယ်။

ဒီတစ်ခါ တကယ်ပဲ ဘာမှလုပ်စရာမရှိတော့ပါဘူး။ သူ စိတ်ပူနေခဲ့တဲ့အရာက တကယ်ပဲဖြစ်လာခဲ့ပါပြီ။

"ငါ ကံကောင်းတော့မှာ မဟုတ်ပါဘူးကွာ"

သူ ဒီလိုတွေးနေပါတယ်။ တစ်ဆက်တည်း စစ်ကို သူ သတိရမိလိုက်ပြီး စိတ်ထဲမှာ မကောင်းတဲ့စိတ်ဆန္ဒနဲ့ ကြိတ်ပျော်လိုက်ပါတယ်။

"ဒီငရူးလည်း ဒီတောအုပ်ထဲမှာ ဘယ်လောက်ပဲ ကြာကြာနေနေ ကံကောင်းခြင်းအပင်ကို ရှာတွေ့မှာမဟုတ်ပါဘူးကွာ"

စစ်ရဲ့ကျရှုံးမှုကို မြင်ယောင်လိုက်တော့ သူ့စိတ်ထဲ အတော်အတန်နေလို့ကောင်းသွားပါတယ်။ ဝမ်းသာသလိုဖြစ်သွားတယ်။

"ငါတောင် ရှာမတွေ့တဲ့ဟာ သူလည်း ရှာတွေ့မှာမဟုတ်ပါဘူး" လို့ ယုံယုံကြည်ကြည်နဲ့ သူ စိတ်လိုလက်ရ အော်ဟစ်လိုက်ပါတယ်။

အဲဒီနောက် မြင်းစီးပြီး နေရာတစ်နေရာ ရှာအိပ်ဖို့ ထွက်သွားပါတော့တယ်။

*****

စစ်ကတော့ မနက် နိုးလာတာနဲ့ မနေ့ညက သူ ကြိုးစားခဲ့တဲ့ ရလဒ်ကောင်းကို စတင်ခံစားနေပြီဖြစ်ပါတယ်။ မျက်စိရှေ့မှာ မြင်ရတဲ့ရှုခင်းက ရင်သပ်ရှုမောစရာကောင်းအောင် လှပနေပါတယ်။ မြူတွေလွင့်ပယ်ပြီး ရွှေရောင်အဆင်းရှိတဲ့ နေရောင်ခြည်က ကောင်းကင်ကို ဖြိုခွဲကာ တောအုပ်ထဲက အဲဒီမြေကွက်ပေါ် ထိုးကျနေပါတယ်။ မြေဆီလွှာပြည့်နေတဲ့ ဒီမြေကွက်လေးဟာ

နေရောင်ခြည်နဲ့ အေးမြမှုကို ဆတူရရှိပြီလို့ သူ သတ်မှတ်လိုက်ပါတယ်။ သူ ကျေနပ်နေပါတယ်။ သူ့လုပ်ရပ်အတွက် သူ ဝမ်းသာဂုဏ်ယူမိနေပါတယ်၊ စိတ်ထဲမှာ ပျော်ရွှင်နေပါတယ်၊ ဒီမြေကွက်ကို သူ ပြုပြင်ပြောင်းလဲနိုင်ခဲ့ပါပြီ၊ သစ်ကိုင်းသစ်ခက်တွေ ခုတ်ထွင်ပြီး နေရောင်ခြည်ဝင်လာဖို့ သူ လုပ်နိုင်ခဲ့ပါပြီ၊ ရေသွင်းနိုင်ခဲ့ပါပြီ၊

ဒီကနေ့ဟာ နောက်ဆုံးနေ့ဖြစ်တာကြောင့် အချိန်ကို ကောင်းကောင်း အသုံးချမယ်လို့ သူဆုံးဖြတ်လိုက်တယ်။ လုပ်သင့်တာကိုလုပ်ခဲ့ပြီမို့စိတ်နည်းနည်း ထပ်နစ်ပြီး ဘာတွေ လစ်ဟာမှုရှိနေသေးလဲဆိုတာကို သူ သေချာတွေးတော ကြည့်ပါတယ်၊ အကယ်၍ ဒီမြေကွက်ဟာ မော်ဆရာပြောတဲ့ မကြာခင်မှာ ကံကောင်းခြင်းအပင်ပေါက်မယ့်နေရာဖြစ်ခဲ့ရင် အခြေအနေက သူပြောခဲ့တဲ့ အတိုင်းပဲ ... ဖန်ခွက်ထဲမှာတော့ ရေတစ်ဝက်ရှိနေပြီ။ အဲဒီဖန်ခွက်ပြည့်အောင် ဘယ်လိုထပ်လုပ်သင့်သလဲဆိုတာပဲ ဖြစ်တယ်။ အဲဒီအတွက်ကြောင့်လည်း မနေ့ညကစ မလိုအပ်ဘူး၊ အရေးမပါလောက်ဘူးလို့ထင်ရတဲ့အရာလေးတွေဟာ တကယ်တမ်းမှာ မရှိမဖြစ်တဲ့အရာ၊ တကယ့်လိုအပ်တဲ့အရာတွေ ဖြစ်နေတတ် ကြောင်း စစ်ကြိုးစားပြီး တွေးတောနေခဲ့ပါတယ်။

မြေကြီး၊ ရေ၊ နေရောင်ခြည် ... အားလုံးရှိနေခဲ့ပြီ၊ ဘာတွေ ထပ်ပြီး လိုအပ်နိုင်သေးလဲ ...

နေရောင်ခြည်၊ ရေဓာတ်တွေ ပြည့်စုံနေပြီဖြစ်တဲ့ မြေကွက်ပေါ်မှာ ကံကောင်းခြင်းအပင်ပေါက်ဖို့ ဘာတွေထပ်လိုအပ်သေးလဲ ... လိုအပ်နိုင်သေးတဲ့ အရာသိဖို့ စစ်က နောက်ဆုံးနေ့အချိန်ကို အသုံးပြုပြီး တောအုပ်ထဲမှာရှိတဲ့ သက်ရှိတွေကို မေးမြန်းဖို့ ဆုံးဖြတ်လိုက်ပါတယ်။

နေ့လယ်ရောက်တဲ့အထိ ဘယ်သူ့ကိုမေးရင်ကောင်းမှန်း သူ စဉ်းစား မရခဲ့ပါဘူး၊ ဘာဉာဏ်ကွန့်မြူးတာလေးများ ရမလဲလို့ အမြင့်တစ်နေရာကို တက်ဖို့ သူ စဉ်းစားလိုက်ပါတယ်။ တောအုပ်ရဲ့အမြင့်ဆုံးနေရာကိုတက်ပြီး အဲဒီ နေရာကနေ တစ်ခုခုကို သူတွေ့မိတန်ကောင်းပါရဲ့။

"အဝေးဆုံး အမြင့်ဆုံးမှာ ရပ်ပြီး တစ်လောကလုံးကို ဖြန့်ကျက်ကြည့်

တာဟာ လူကို မျှော်လင့်မထားတဲ့ အကြံကောင်းတွေ ရရှိစေနိုင်တယ်" လို့ သူစိတ်ထဲတွေးလိုက်တယ်။

တောအုပ်ရဲ့ အမြင့်ဆုံးနေရာက "တောင်ရဲ့ထိပ်" ဆိုတာကိုလည်း စစ်သည်တော်တိုင်း သိကြပါတယ်။ ဒါဟာ ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ ထောင်ပေါင်းများစွာမြင့်တဲ့ တောင်ထိပ်ပါ။ မှော်ဆရာသတ်မှတ်ထားတဲ့ရက်က လည်း နေ့တစ်ဝက်ပဲကျန်တော့တယ်။ အချိန်အကုန်ခံပြီး အဲဒီတောင်ထိပ်အထိ သူ တက်ဖို့လိုသလား။ ဒါဟာ လုပ်သင့်တယ်လို့ သူ တွေးထင်တာထက်တောင် ကျန်တဲ့အချိန်လေးနဲ့ သူ ပြီးစီးအောင် လုပ်နိုင်မလား။

ဘယ်လိုပဲဖြစ်ဖြစ် တောင်ပေါ်တက်ဖို့ စစ်က ဆုံးဖြတ်လိုက်တယ်။ ဘာကြောင့်လဲ ... ရှင်းရှင်းလေးပါ။ ဒီတာဝန်ကျေပွန်ဖို့ သူ ကြိုးစားအားထုတ်ခဲ့ ပြီးပြီ၊ နောက်ဆုံးအချိန်အထိ ဝီရိယရှိရှိ သူအားထုတ်သင့်တယ်လို့ သူထင်တဲ့ အတွက်ကြောင့်ဖြစ်တယ်။

တောင်ပေါ်ကို သူစတက်ပါပြီ။ တောင်ပေါ်တက်နေချိန်မှာ တောအုပ်ဆီ ကနေ လေပြည်လေညင်းတိုက်ခိုက်လာတာကို သူ မသိမသာ ခံစားလိုက်ရတယ်။ တောင်ထိပ်ရောက်တဲ့အခါ သူထိုင်ချလိုက်ပြီး အဆုံးအစမဲ့ ကောင်းကင်ကို မော့ကြည့်ရင်း အဖြေကို သူ ရှာလိုက်တယ်။ ဒါပေမဲ့ ဦးနှောက်က ဗလာပါပဲ။

အဲဒီအချိန်မှာ ရုတ်တရက် အသံတစ်သံ ထွက်ပေါ်လာခဲ့ပါတယ်။ အသံက သူ နင်းထားတဲ့ ကျောက်တုံးဆီက လာတာဖြစ်တယ်။ ကျောက်နတ် ဘုရားမ စတုံးရဲ့အသံဖြစ်ပါတယ်။

"ဟော့ ... ငါ့ကို မွမွကြေအောင် မင်းနင်းထားတယ်"

စစ်ဆတ်ခနဲ ထရပ်လိုက်လို့ ချောက်ထဲကျလုနီးနီးဖြစ်သွားတယ်။

"ဟာ ... ကျောက်တုံးက စကားပြောတတ်ပါလား။ ဒါ ငါ ရှာမယ့် အရာပါလား"

"ငါက စကားပဲပြောတတ်တဲ့ ကျောက်တုံး မဟုတ်ဘူး။ ငါက စတုံး။ လူတွေက ငါ့ကို ကျောက်နတ်ဘုရားမလို့ခေါ်တယ်"

သိပ်မကျေနပ်တဲ့လေသံနဲ့ စစ်သိအောင် စတုံးက တမင်ပြောဆိုတယ်။

"မင်းက ဟို ဘာရှာနေတယ်... ဘာရှာနေတယ်ဆိုတဲ့... ဟား...ဟား... ဟား... ကံကောင်းခြင်းအပင်ကို လိုက်ရှာနေတယ်ဆိုတဲ့ နောက်စစ်သည်တော် တစ်ယောက်လား"

"ခင်ဗျားက တကယ်ပဲ ကျောက်နတ်ဘုရားမလား... ဒါဆို ကံကောင်း ခြင်းပင်ကို ခင်ဗျားတွေ့ဖူးမှာပေါ့နော်... ဟုတ်လား"

"ဟုတ်တယ်... ကံကောင်းခြင်းအပင်နဲ့ ပတ်သက်ပြီး ငါ များများ စားစားမသိပေမယ့် တစ်ခုကိုတော့ ငါ သေချာပြောရဲတယ်။ ဟိုဝတ်ရုံအနက် ဝတ်ထားတဲ့စစ်သည်တော်ကို ငါပြောခဲ့သလိုပဲ... ကျောက်တုံးကျောက်ဆောင် ရှိတဲ့ နေရာမှာ ကံကောင်းခြင်းအပင် မပေါက်နိုင်ဘူး"

"ခင်ဗျားပြောတာက အရွက်လေးရွက်ပါတဲ့ ကံကောင်းခြင်းအပင်ကို ပြောတာလား" လို့ စစ်က ထပ်ပြောပါတယ်။

"ဟုတ်တယ်...အရွက်လေးရွက်ပါတဲ့အပင်မျိုး"

"ဒီလိုဆိုရင် အရွက်သုံးရွက်ပဲပါတဲ့ အပင်ဆိုရင်ရော..."

စစ်က ထပ်မေးတယ်။

"အရွက်သုံးရွက်ပါတဲ့အပင်မျိုးကတော့ ကျောက်တုံးရှိတဲ့နေရာလည်း ပေါက်နိုင်တာပဲ။ ဒါပေမဲ့ လေးရွက်ပါတဲ့အပင်က အညှောင့်ပေါက်ရာမှာ အားပျော့ တယ်။ ဒါကြောင့် ကျောက်တုံးကျောက်ခဲလုံးဝမရှိတဲ့ မြေကြီးမှာပဲ ပေါက်နိုင် တယ်။ ဒီလိုမဟုတ်ရင် အညှောင့်ပေါက်ချိန် အတားအဆီးဖြစ်နိုင်တယ်"

ဒါဟာ အရွက်သုံးရွက်ပါတဲ့အပင်နဲ့ အရွက်လေးရွက်ပါတဲ့ ကံကောင်း ခြင်းအပင်တို့ရဲ့ ခြားနားမှုကို ဖော်ပြတဲ့စကားတိုလေးပါပဲ။ လူတော်တော်များများ အတွက်တော့ ဖန်တစ်ရာတေတဲ့ စကားဖြစ်နိုင်ပေမယ့် စစ်ကတော့ ဒီလိုမတွေး ခဲ့ဘူး။ အဓိကသော့ချက်က အသေးအမွှားကနေတွေ့ရှိလာတယ်ဆိုတာကို သူ သိ ထားလို့ဖြစ်တယ်။ ရှေ့ကပြောခဲ့သလိုပဲ "အပြင်ပန်းကကြည့်ရင် သိပ်အရေးမပါဘူး လို့ ထင်ရပေမယ့် တကယ်တမ်းမှာတော့ အဲဒီအရာတွေက မရှိမဖြစ်လိုအပ်တဲ့ အဓိကသော့ချက်ဖြစ်နေတတ်တယ်" ဆိုတာကို သူရှာဖွေသိရှိထားပြီးဖြစ်ပါတယ်။

"ဟုတ်သားပဲ... အရင်က ကျွန်တော် ဘာလို့ မတွေးခဲ့မိပါလိမ့်။ ကျေးဇူး

အထူးတင်ပါတယ်။ အရမ်းကျေးဇူးတင်ပါတယ်။ အချိန်သိပ်မရှိတော့ဘူး... ကျွန်တော်သွားတော့မယ်"

စစ်က တောင်အောက်ကို အလျင်အမြန် ဆင်းခဲ့တယ်။ တောင်အောက်က မြေကွက်လေးဆီ အပြေးတစ်ပိုင်း ပြေးခဲ့တယ်။ စိတ်ထဲမှာလည်း "မြေကြီးထဲမှာ ကျောက်တုံးလေးတွေအများကြီးပဲ။ မကောက်ထုတ်ရသေးဘူး" လို့ တွေးနေမိတယ်။

မြေကွက်လေးဆီရောက်ရှိချိန် နေဝင်ဖို့နှစ်နာရီပဲ လိုပါတော့တယ်။ စစ်က မြေကြီးထဲက ကျောက်တုံးလေးတွေကို ကောက်ထုတ်လိုက်ပါတယ်။ သူ့မြေကွက်ထဲမှာ ကျောက်တုံးလေးတွေက အများကြီးပါ။ တကယ်လို့ ဒီမြေကွက်က ကံကောင်းခြင်းအပင်ပေါက်ရောက်နိုင်တဲ့ မြေကွက်ဖြစ်ခဲ့ရင် ကျောက်တုံးလေးတွေကြောင့် အပင်လေး အညှောင့်မပေါက်နိုင်ဖြစ်နေဦးမယ်။

ဒီအချိန်ကျမှ စစ်က ကိုယ်ကြိုးစားခဲ့တဲ့အပိုင်းလေးကို အလေးထားပါဆိုတာ သိလိုက်ရတယ်။ "ဖန်ခွက်ထဲ ထည့်ခဲ့တဲ့ရေ" ကမှ အရေးပါဆုံးဖြစ်တယ်။ ဒီလိုမှသာ လိုအပ်ချက်ကို အာရုံစိုက်ရှာဖွေနိုင်မှာဖြစ်တယ်။ ဒီလိုတွေးတောမှုက စစ်ကို ကောင်းမွန်တဲ့ တိုးတက်မှုအတွက် အထောက်အကူပြုပါတယ်။ အသေးအမွှားလေးတွေထဲကနေ အဓိကသော့ချက်ကို ရှာဖွေနိုင်တယ်ဆိုတာကိုလည်း သူ တွေ့ရှိထားပြီးဖြစ်တယ်။ အပြင်ပန်းကကြည့်ရင် ဘာလိုအပ်ချက်မှ မရှိတော့ဘူးလို့ ထင်ရပေမယ့် အာရုံစိုက်အလေးထားကြည့်ရင် ပြောင်းလဲဖို့ လိုအပ်တဲ့အချက်တွေကို တွေ့နိုင်ပါသေးတယ်။ ဒါဟာ အောင်မြင်မှုဆီသွားတဲ့ အချက်တစ်ချက်ဖြစ်တယ်။ ဒါဟာလည်း စစ်ရဲ့ အတွေ့အကြုံဖြစ်တယ်။ သူဟာ သစ်ကိုင်းသစ်ခက်တွေ ခုတ်ထွင်ရှင်းလင်းဖို့ နောက်ရက်ကို မရွှေ့ခဲ့ဘူး။ သူသာ ရွှေ့ခဲ့ရင် ဒီကနေ့မှာ ကျောက်တုံးလေးတွေ ကောက်ထုတ်ဖို့ သူ့ အချိန်ရှိတော့မှာ မဟုတ်ဘူး။

အိပ်ရာဝင်ချိန်ရောက်လာပြန်ပါပြီ။ စစ်ဟာ ခါတိုင်းလိုပဲ ကိုယ်တိုင်လက်နဲ့ဆောက်လုပ်ထားတဲ့ ကမ္ဘာလေးရဲ့ဘေးမှာ လှဲချလိုက်တယ်။ ဒီညလည်း ခါတိုင်းညလိုပဲ သူ့ ထွန်ယက်၊ ရေလောင်း၊ ကျောက်ခဲတွေ ကောက်ယူခဲ့တဲ့


မြေကွက်အလယ်မှာတော့ ညှို့ငင်ဆွဲဆောင်မှုအပြည့်နဲ့ ကံကောင်းခြင်းအပင် ပေါက်လာပုံကို တွေးတောပြီး မြင်ယောင်နေမိတယ်။ အဲဒီအပင်ကို လက်နဲ့ သွားရောက်ထိတွေ့ပုံကိုလည်း မြင်ယောင်နေမိတယ်။ သူ့အသားအရေကနေ တစ်ဆင့် နူးညံ့ညင်သာမှုကို သူ တအံ့တသြခံစားမိတယ်။ လတ်ဆတ်စိမ်းမြတဲ့ အရွက်က လုလုပပအစွမ်းကုန် ပြန့်ကားလို့၊ ကံကောင်းခြင်းအပင်က လွင့်ပျံ့ လာတဲ့ ကြည်လင်မွှေးမြတဲ့ရနံ့ကို သူ ခံစားနေရတယ်လို့တောင် ထင်နေမိတယ်။ စိတ်လိုလက်ရရှိလိုက်တာလို့ သူ ပထမဆုံးအကြိမ် ခံစားမိလိုက်သလို ဒီမြေကွက် ဟာလည်း ကံကောင်းခြင်းအပင် အညှောင့်ပေါက်မယ့်နေရာလို့ နက်နက်နဲနဲ ယုံကြည်လိုက်ပါတယ်။ စစ်က ကံကောင်းခြင်းအပင်ရဲ့အမျိုးမျိုးသောလှပမှုကို တွေးတောနေမိပါတယ်။ ဒီလိုတွေးတောနေချိန်မှာလည်း စိတ်ပျော်ရွှင်နေပါတယ်။ စိတ်ထဲမှာ တည်ငြိမ်ပြီး ကြည်နူးကျေနပ်နေပါတယ်။ မနက်ဖြန်မှပဲ အဖြေကို သိရတော့မှာပါ။ ဒါကိုတော့ သူ အခိုင်အမာရှိပါတယ်။

ညအမှောင်က နက်သထက် နက်လာခဲ့တယ်။ နောက်ဆုံးတစ်ညပဲ ကျန်ပါတော့တယ်။ နောက်ညတစ်ညလွန်တာနဲ့ ပျော်ရွှင်ခြင်းတောအုပ်ထဲမှာတော့ ကံကောင်းခြင်းအပင်က ပေါက်ရောက်လာတော့မှာပါ။ အဆုံးအစမဲ့ တဲ့ ကံကောင်းခြင်းတွေ သယ်ဆောင်လာမယ့် ကံကောင်းခြင်းအပင်က ပေါက်ရောက် လာတော့မှာပါ။

* * *

## ကံကောင်းခြင်းစည်းမျဉ်း
## နံပါတ် (၆)

တစ်ခါတလေမှာ အချိန်အခါကောင်းဆိုပေမယ့်
ကံကောင်းခြင်းက ရောက်မလာတတ်ဘူး။
အသေးအမွှားကနေ စလုပ်မှ၊
ကြည့်ရတာ အရေးမပါလောက်ဘူး ထင်ရတဲ့အရာက
တကယ့် အဓိကလိုအပ်ချက်ဖြစ်နေပါတယ်။





၆။ တောအုပ်ထဲမှာ စစ်သည်တော်နစ်ဦး ပထမအကြိမ်တွေ့ဆုံပြီ

နောက်ဆုံးညမှာ နော့က အိပ်လို့ရမယ့် နေရာတစ်ခုကို ရှာဖွေနေတယ်။ ရှာဖွေရင်း သူ့မြင်းက ထွန်ယက်ထားတာ မကြာသေးတဲ့ လုံလောက်တဲ့ ရေအပြည့်အဝသွင်းထားတဲ့၊ သဲကျောက်တစ်လုံးမှ ရောနှောမနေတဲ့ မြေကွက်တစ်ကွက်ကို သွားနင်းမိတယ်။ အပေါ်ကို သူမော့ကြည့်လိုက်တော့ သစ်ခက်ဟောင်းတွေ ကင်းစင်နေတယ်။ တောအုပ်ထဲ သူ ထပ်လှမ်းကြည့်တော့ စစ်က မြေကြီးပေါ်မှာ လဲလျောင်းအိပ်စက်နေတယ်။ မြင်းကို သစ်ပင်တစ်ပင်မှာ ချည်ထားတယ်။

"စစ်..."

ခေါ်သံကြောင့် စစ်ချက်ချင်းထတယ်။ သူ အိပ်မပျော်သေးပါဘူး။

"နော့ မင်းပါလား..."

"ဘယ်လိုလဲ မင်းအဆင်ပြေလား... ကံကောင်းခြင်းအပင် ရှာတွေ့ပြီလား" လို့ နော့က မေးတယ်။

"မတွေ့သေးပါဘူး... ဒါပေမဲ့ ငါ သုံးရက်အချိန်သုံးပြီး သွားရှာခဲ့ပြီးပြီ။ ပထမတစ်ရက်မှာ မြေစောင့်နတ်က ဒီတောအုပ်တစ်ခုလုံးမှာ ကံကောင်းခြင်းအပင်မပေါက်နိုင်ဘူးလို့ ငါ့ကိုပြောလို့ ငါမရှာဖို့ ဆုံးဖြတ်လိုက်တယ်..."

"ဒီလိုဆိုရင် မင်းက ဒီမှာ ဘာဆက်လုပ်နေသေးလဲ... ဘာဖြစ်လို့ နန်းတော်ဆီ မပြန်တာလဲ" လို့ နော့က ဆက်မေးတယ်။

စစ်စကားစပြန်ချိန်မှာ သူ့တစ်ကိုယ်လုံးညစ်ပတ်ပေရေနေတာကို လည်း နော့ သတိထားခဲ့မိပြီဖြစ်တယ်။ သစ်ကိုင်းတွေပေါ်မှာ ရှိတဲ့ ရေညှိတွေက သူ့အင်္ကျီပေါ်မှာ ပေကျံနေတယ်။ တောစီးဖိနပ်ရှည်လည်း ရွှံ့တွေနဲ့ ပေနေတယ်။ အဝတ်အစားပေါ်ပေကျံနေတာတွေကိုကြည့်ခြင်းအားဖြင့် လွန်ခဲ့တဲ့ လေးရက်လုံး တောအုပ်ထဲမှာပဲ လှည့်လည်ကျင်လည်နေတယ်ဆိုတာကို သိသာနေပါတယ်။

"မင်း ဘာတွေဖြစ်ခဲ့တာလဲကွာ..."

"မြေစောင့်နတ်က တောအုပ်ထဲမှာကံကောင်းခြင်းအပင်မပေါက်နိုင်ဘူးလို့ ပြောပြပြီးတဲ့နောက်မှာ ဒီမြေကွက်ကို ငါကြိုးစားတူးဆွခဲ့တယ်။ ကြည့်ပါဦး… ဒီနေရာမှာ ကြည်လင်တဲ့ရေရှိရုံမက မြေဩဇာလည်း ကောင်းလွန်းနေတယ်။ ဒီမှာကြည့်စမ်း… ဒါဟာ ငါထွန်ယက်ခဲ့တဲ့ မြောင်းပေါ့။ ရေကန်နတ်သမီးဆီကနေ သွယ်ဆက်လိုက်တဲ့ မြောင်းလေးလေ။ ပြီးတော့ ရှိသေးတယ်… ရှိသေးတယ်…" စစ်က စကားပြောမရပ်ဘူး။ ကိုယ်တိုင် "တည်ဆောက်"ထားတဲ့ရလဒ်ကို တခြားလူကိုပြသဖို့ သူ စိတ်လှုပ်ရှားတက်ကြွနေပါတယ်။

"ဒီကျောက်ခဲတွေ သစ်ကိုင်း သစ်ခက်ခြောက်တွေက ဒီနှစ်ရက်အတွင်းမှာပဲ ငါ ခုတ်ထွင်ရှင်းလင်းခဲ့တာပေါ့။ မင်းသိလား မသိဘူး… ဒီကျောက်ခဲလေးတွေက…"


"နေပါဦး… မင်း ရူးသွားပြီလား။ ဘာဖြစ်လို့ ခွန်အားစိုက်ထုတ်ပြီး ဒီမြေကွက်ကို မင်းထွန်ယက်ရတာလဲ။ မြေကွက်ကလည်း မြေကွက်သေးလေးပဲ။ ကံကောင်းခြင်းအပင် ဘယ်နားပေါက်မယ်ဆိုတာကိုတောင် မင်းသိတာ မဟုတ်ဘူး။ ဒီတောအုပ်က မင်းမြေကွက်ထက် အဆသောင်းဖေါင်းများစွာကြီးတယ်ဆိုတာ မင်းမသိဘူးလား။ မင်း ငတုံးပဲကွာ။ တစ်ယောက်ယောက်က တိကျတဲ့နေရာကို သေသေချာချာပြောပြမှပေါ့။ ဒီလိုမှမဟုတ်ဘဲ မင်းလိုဦးနောက်မရှိမြေကွက်တွေလျှောက်ထွန်ယက်နေတာဟာ ကိုယ့်ကိုယ်ကိုယ် ငတုံးအကြီးလို့ မင်းမခံစားရဘူးလား။ ငါကြည့်ရတာ မင်းတော့ ဦးနှောက်ပျက်သွားပြီထင်တယ်။ ငါတို့ နန်းတော်မှာ တွေ့ကြစို့ကွာ… ဒီညအိပ်လို့ရမယ့်နေရာတစ်ခုကို ငါသွားရှာလိုက်ဦးမယ်"

နော့ရဲ့ အရိပ်က တောအုပ်ထဲမှာ တဖြည်းဖြည်းပျောက်ကွယ်သွားခဲ့တယ်။ စစ်က အဝေးကို ငေးကြည့်ရင်း နော့ ဘာဖြစ်လို့ သူ့ကို ဒီလို စကားတွေပြောရသလဲဆိုပြီး စိတ်ထဲမှာ အံ့ဩနေမိတယ်။ "မှော်ဆရာက ငါတို့ကို ကံကောင်းခြင်းအပင် သွားရှာနိုင်တယ်လို့ ပြောခဲ့တယ်။ ဒါပေမဲ့ ငါတို့ကို ဘာမလုပ်ရဘူးလို့မှ မပြောခဲ့တာ" လို့ တွေးနေမိလိုက်ပါတယ်။

ကံကောင်းခြင်းစည်းမျဉ်း
နံပါတ် (၇)

ကံကောင်းခြင်းကိုသာ ယုံကြည်သူအတွက်တော့
ပတ်ဝန်းကျင်ကို ဖန်တီးတည်ဆောက်တယ်ဆိုတာ သူတို့အတွက်
မဟုတ်တရုတ်ဟာသပါပဲ။

ပတ်ဝန်းကျင်ဖန်တီးတည်ဆောက်ဖို့
ခွန်အားစွမ်းအားတွေ ပေးအပ်ထားသူအတွက်တော့
ကံကောင်း၊ ကံမကောင်းတာတွေကို သူတို့ဂရုမစိုက်ကြဘူး။



၇။ နေ့ကို ရှာခဲ့တဲ့ စုန်းမမော်ဂနာ (Morgana) ရဲ့ ဇီးကွက်

နောက်ဆုံးည... ဒီညကို အေးအေးသာသာ ဖြတ်သန်းနိုင်ပေမယ့် တစ်ယောက်ယောက်က လှည့်စားမှုနဲ့ စစ်သည်တော်နှစ်ဦးကို နှောင့်ယှက်ခဲ့ပါတယ်။



နေ့ အိပ်နေပါပြီ။ မနက်အရုဏ်အမြန်ရောက်ဖို့ကိုလည်း သူ့စိတ်ထဲ မျှော်လင့်နေပါတယ်။ မနက်ရောက်ရင် နန်းတော်ကို သူပြန်နိုင်ပါပြီ။ အဲဒီမှာ ရုတ်တရက် ထူးဆန်းတဲ့အသံတစ်သံက သူ့ကိုနိုးစေခဲ့ပါတယ်။ သတိနဲ့ သူ ချက်ချင်းထပြီး ဓားကို ဆွဲထုတ်လိုက်ပါတယ်။

"ဝူး... ဝူး..."

စုန်းမမော်ဂနာရဲ့ ဇီးကွက်က မနားတမ်းအော်နေပါတယ်။ နေ့က အေးစက်တဲ့ညမှာ အနွေးဓာတ်ရဖို့ မီးဖိုလိုက်ပါတယ်။ ယိုင်နဲ့နဲ့အလင်းရောင်ကြားမှာ ရပ်နေတဲ့ စုန်းမမော်ဂနာကို မှုန်ဝါးဝါးတွေ့လိုက်ပါတယ်။

"ခင်ဗျား ဘယ်သူလဲ... ခင်ဗျား ဘာလုပ်ချင်တာလဲ...ခင်ဗျား လှုပ်လှုပ်ရှားရှားလုပ်မယ် မကြံနဲ့နော်။ ကျုပ်ဓားက သိပ်ထက်တာနော်"

"မင်းရဲ့ဓားကို အမြန်ဆုံး သိမ်းလိုက်စမ်းပါ။ နင့်နဲ့ ငါ အပေးအယူ တစ်ခုလာလုပ်တာပါ... နေ့ မြင်းမည်းနဲ့ စစ်သည်တော်ရေ..."

"အပေးအယူတစ်ခု ဟုတ်လား... ဘယ်လိုအပေးအယူမျိုးလဲ။ ကျုပ်က စုန်းမတွေနဲ့ ပြောဆိုဆက်ဆံတဲ့သူ မဟုတ်ဘူး။ အထူးသဖြင့် ခင်ဗျားကိုပေါ့။ ခင်ဗျားက နာမည်ဆိုးနဲ့ ကျော်ကြားသူပါ"

"မင်းတကယ်ပဲမလုပ်ဘူးပေါ့... ကံကောင်းခြင်းအပင်နဲ့ အပေးအယူပါ"

စုန်းမမော်ဂနာက ကောက်ကျစ်တဲ့မျက်နှာထားနဲ့ဆိုတယ်။ တစ်ပြိုင်တည်းမှာပဲ မညီမညာတဲ့သွားမည်းတွေနဲ့ ရှည်လျားကွေးကောက်ခြောက်သွေ့တဲ့ လက်သည်း တွေကို ထုတ်ဖော်လိုက်ပါတယ်။ မျက်နှာပေါ်က နှာခေါင်းကောက်ကောက်ကို ရှုံ့လိုက်ပြီး ရိုးသားကြင်နာဟန်အပြုံးကို ဆောင်လိုက်တယ်။ နေ့က ဓားရှည်ကို သိမ်းလိုက်ပြီး စုန်းမမော်ဂနာအနီးနားသို့ လျှောက်သွားလိုက်တယ်။

"ကျုပ်တို့ စကားဆက်ကြရအောင် ... ခင်ဗျား ဘာတွေသိထားသလဲ"

"ဘယ်နေရာမှာ ကံကောင်းခြင်းအပင် ပေါက်နိုင်မလဲဆိုတာကို ငါ သိထားတယ်"

"တကယ်လား ... မြန်မြန် ... ကျုပ်ကို မြန်မြန်ပြောပြစမ်းပါ"

နော့က အဆောတလျင် တောင်းဆိုတယ်။

"တကယ်လို့ မင်းပေးတဲ့ကတိကို မင်းတကယ်လုပ်မယ်လို့ပြောရင် ငါပြောပြမယ်"

"ကျုပ် ... ခင်ဗျားကို ဘာလုပ်ပေးရမလဲ"

နော့က ချက်ချင်းပြန်မေးတယ်။

"မှော်ဆရာကို မင်းတွေ့တဲ့အချိန် မင်းဆောင်ဓားနဲ့ သူ့ကိုမင်းကိုယ်တိုင် သတ်ပေးရမယ်"

"ဘာ ... ဘာဖြစ်လို့ မှော်ဆရာကို သတ်ရမှာလဲ"

"သူ မင်းကို လိမ်လိုက်လို့ ... ဘယ်နေရာမှာ ကံကောင်းခြင်းအပင် ပေါက်မယ်ဆိုတာ သူသိတယ်၊ ငါလည်းသိတယ်။ ငါတို့ရဲ့သဘောတူညီချက်က ရိုးရိုးရှင်းရှင်းပဲ။ ဘယ်နေရာမှာ ကံကောင်းခြင်းအပင်ပေါက်နိုင်မလဲဆိုတာ မင်းကို ငါပြောပြမယ်၊ မင်းက မှော်ဆရာကို သတ်လိုက်ရုံပဲ။ ဒီလိုဆိုရင်တော့ မင်းက အဆုံးမရှိတဲ့ကံကောင်းခြင်းကို ရသလို ငါလည်း ငါ့စွမ်းအတတ်ကို ပြန်သုံးခွင့်ရသွားမယ်။ မှော်ဆရာကို သတ်ပြီးသွားရင် ကံကောင်းခြင်းအပင်ကို မင်းရမယ်။ ငါလည်း ပြိုင်ဘက်တစ်ယောက်လျော့သွားတာပေါ့"

နော့ဟာ အိပ်မက်က နိုးလာခဲ့တယ်။ သူ့ခေါင်းထဲမှာ မကောင်းတဲ့ ကြံစည်မှုတွေက ရစ်ဝဲလို့။ ဒီလိုအကြောင်းပြချက်မျိုးနဲ့ သူ ကလဲ့စားချေချင်နေခဲ့တယ်။ ကံကောင်းခြင်းအပင်ကို ပိုင်ဆိုင်သူဖြစ်ဖို့ သူ အရမ်းမျှော်လင့်ခဲ့တယ်၊ ဒီလိုနဲ့ စုန်းမမော်ဂနာနဲ့ သဘောတူညီချက်ကို သူ လက်ခံလိုက်တယ်။ ဒါဟာ ထူးဆန်းတဲ့ ကိစ္စတော့ မဟုတ်ပါဘူး။ လူတစ်ယောက်ဟာ ကံကောင်းခြင်းကို ဖန်တီးနိုင်တယ် ဆိုတဲ့ ယုံကြည်မှုမျိုးမရှိတော့တဲ့အခါ၊ တစ်ယောက်ယောက်က ကံကောင်းခြင်းကို ပေးနိုင်တယ်လို့ ပြောတဲ့အခါ အဲဒီကံကောင်းခြင်းကို သူမဆိုင်းမတွ တောင်းယူ

ဝယ်ယူမှာပဲဖြစ်ပါတယ်။ စိတ်ထဲမှာ ကံကောင်းခြင်းကို စောင့်ဆိုင်းနေတဲ့ သူဟာ ဘာအင်အားမှ စိုက်ထုတ်စရာမလိုဘဲ ကံကောင်းခြင်းကို အလွယ်တကူ ရနိုင်တယ်လို့ ထင်ခဲ့ကြတယ်။ နော့ရဲ့ အတွေးကလည်း အဲဒီလိုပဲဖြစ်တယ်။

"ကောင်းပြီလေ… ခင်ဗျားပြောတာကို ကျုပ်လက်ခံလိုက်ပြီ။ ဘယ်နေရာမှာ ကံကောင်းခြင်းအပင်ပေါက်နိုင်သလဲဆိုတာ အမြန်ပြောပြပါ"

"မင်းရဲ့ကတိကို မမေ့နဲ့နော်… မနက်ဖြန်မှာပဲ ကံကောင်းခြင်း အပင်က ပေါက်လာတော့မှာ။ ပေါက်မယ့်နေရာက ဘယ်တောအုပ်ထဲမှာမှ မဟုတ်ဘူး… နန်းတော်ရှေ့က ဥယျာဉ်မှာပဲ "

"ဘာ…"

နော့ အသံကျယ်နဲ့ အော်လိုက်မိတယ်။ ကြားလိုက်ရတဲ့စကားကြောင့် ကိုယ့်နားကို ကိုယ်မယုံနိုင်ဖြစ်မိတယ်။

"ဒါပဲလေ… မင်းမသိလိုက်ဘူးမဟုတ်လား။ မှော်ဆရာက သူ့အကြံအစည်အတွက် စစ်သည်တော်တွေအားလုံးကို လိမ်လိုက်တယ်။ ပျော်ရွှင်ခြင်းတောအုပ်မှာ ကံကောင်းခြင်းအပင် ရှာဖို့ဆိုတဲ့ တာဝန်တစ်ရပ်ကိုလည်း တမင်ဖန်တီးလိုက်တယ်။ မင်းတို့နှစ်ယောက်က လွဲလို့ စစ်သည်တွေ တော်တော်များများက ဒီကိုလာပြီး အချိန်ဖြုန်းဖို့ ငြင်းပယ်လိုက်ကြတယ်။ မှော်ဆရာမှန်းထားတာက ဒီကိုလာမယ့်သူတွေ များမှာပဲပေါ့။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် လူတွေရဲ့ အာရုံကို သူ လွှဲနိုင်ခဲ့ပါတယ်။ ဒီလိုဆိုရင် နန်းတော်က ဥယျာဉ်မှာ ကံကောင်းခြင်းအပင်ရှိတယ်လို့ ဘယ်သူကမှ မျှော်လင့်ထားကြမှာ မဟုတ်တော့ဘူး။ မနက်ဖြန်ရောက်တာနဲ့ သူက အဲဒီနေရာမှာစောင့်ပြီး ကံကောင်းခြင်းအပင်ကို နုတ်ယူလိုက်ရုံပါပဲ။ မင်း အမြန်ပြန်မှဖြစ်တယ်။ ဒီကိုရောက်ဖို့ မင်း အချိန်နှစ်ရက်ယူရတယ်။ အခု တစ်ညတည်းနဲ့ နန်းတော်ကို မင်းအရောက်ပြန်ရမယ်။ မြင်းပေါ် မြန်မြန်တက်လိုက်စမ်းပါ။ မင်းရဲ့မြင်းကောင်းမြင်းသန့်ကို တစ်လမ်းလုံး အသော့နှင်လိုက်ပါ"

"ဒီတောအုပ်ကဒေသခံတွေအပါအဝင် လူတွေအားလုံးက ကျုပ်ကို လှုံ့ဆော်သူတစ်ယောက်လို ပျက်ရယ်ပြုခဲ့ကြတာ၊ ဒီတောအုပ်ထဲမှာ ကျုပ်ရဲ့တန်ဖိုး

ရှိတဲ့အချိန်တွေကို ဖြုန်းတီးစေခဲ့တာ၊ ဒီနေရာမှာ ဘယ်တော့မှပေါက်လာမှာ မဟုတ်တဲ့ ကံကောင်းခြင်းအပင်ကို ပင်ပင်ပန်းပန်းလာရှာနိုင်းတာ ...ဒါတွေ... ဒါတွေအားလုံးဟာ လိမ်ဆင်ကြီးတစ်ခုပဲပေါ့"

နော့ စိတ်ထဲမှာ ဒီလို တွေးနေမိတယ်။

အဲဒီနောက် နော့ဟာ တွေဝေတုံ့ဆိုင်းမနေတော့ဘဲ မြင်းပေါ် လွှားခနဲ တက်ပြီး ဒေါသတကြီးနဲ့ တောအုပ်ထဲကနေ နန်းတော်ရှိရာဘက်ဆီ မြင်းကို ဒုန်းစိုင်းနှင်လိုက်ပါတော့တယ်။

* * *

## ကံကောင်းခြင်းစည်းမျဉ်း နံပါတ် (၈)

ဘယ်သူကမှ ကံကောင်းခြင်းကို ရောင်းဝယ်လို့မရပါဘူး။
ကံကောင်းခြင်းဆိုတာ ရောင်းကုန်ပစ္စည်းမဟုတ်လို့ပါ။

ကံကောင်းခြင်းကို အရောင်းအဝယ်ပြုသူတွေကို အလွယ်တကူမယုံကြည်ပါနဲ့။



## ၈။ စစ်ကို ရှာခဲ့တဲ့ စုန်းမမော်ဂနာနဲ့ ဇီးကွက်

စုန်းမမော်ဂနာဟာ ကောက်ကျစ်စဉ်းလဲသံနဲ့ရယ်မောပြီးနောက်မြောက်ဘက် အရပ်ဆီ ဦးတည်လိုက်ပါတယ်။ အဲဒီဘက်အရပ်မှာ စစ်အနားယူအိပ်စက်နေတယ်ဆိုတာကို သူ သိလို့ဖြစ်တယ်။ စစ် နစ်နစ်မြိုက်မြိုက် အိပ်မောကျနေပါတယ်။ ဒီအချိန်မှာ ဇီးကွက်တစ်ကောင်ရဲ့ အော်မြည်သံ သုံးချက်ကြောင့် သူ လန့်နိုးလာခဲ့ပါတယ်။

"ဝူးဝူး... ဝူးဝူး... ဝူးဝူး..."

"ဘယ်သူလဲ..."

စစ်မေးပြီး တစ်ပြိုင်နက် ထရပ်လိုက်ပါတယ်။ ဆောင်ဓားကိုလည်း အဆင်သင့်ထုတ်နိုင်အောင် ခပ်တင်းတင်းဆုပ်ကိုင်ထားလိုက်ပါတယ်။

"မကြောက်ပါနဲ့ ... ငါက စုန်းမမော်ဂနာပါ"

စစ်နေရာမှာတင် မလှုပ်ဘဲ ရပ်နေလိုက်ပါတယ်။

"ခင်ဗျား... ကျွန်တော့်ကိုရှာတာ အကြောင်းရှိလို့လား"

ဒီစုန်းမမော်ဂနာကြီးက ကောက်ကျစ်တဲ့ အကြံအစည်နဲ့ပါ။ သူ့စိတ်ထဲမှာ အကြံနှစ်ခုရှိပါတယ်။ တစ်ခုက မော်ဆရာကို သုတ်သင်ဖို့ နော့ကို ခိုင်းစေခဲ့တယ်။ နောက်တစ်ခုက ဒီမြေကွက်ကို လက်လွှတ်လိုက်ဖို့ စစ်ကို ဖျောင်းဖျဖို့ဖြစ်တယ်။ ဒီလိုဆိုရင် မနက်ဖြန်မှာ ဒီမြေကွက်ပေါ် ကံကောင်းခြင်းအပင်သာပေါက်လာခဲ့ရင် သူက အလွယ်တကူ အရယူလိုက်ရုံပဲ ဖြစ်တယ်။ စုန်းမမော်ဂနာဟာ တခြားလိမ်ဆင်တစ်ခုနဲ့ စစ်ကို လိမ်လိုက်ပါတယ်။

"မနက်ဖြန်မှာပဲ ကံကောင်းခြင်းအပင်ပေါက်လာတော့မယ်။ ဒါပေမဲ့ မော်ဆရာက မင်းကို လိမ်ခဲ့ပါတယ်။ အဲဒီအပင်က ဘာထူးဆန်းတဲ့ အရွက်လေးရွက်ပါတဲ့ ကံကောင်းခြင်းအပင်မဟုတ်ပါဘူး။ အဲဒီအပင်က ကံမကောင်းခြင်းတွေကို သယ်လာနိုင်တဲ့ ချဉ်စုတ်စုတ်အပင်ပါ။ ငါကျိန်စာတိုက်ထားတဲ့အပင်... "အဲဒီအပင်ကို နုတ်တဲ့သူဟာ သုံးရက်အတွင်းမှာ သေရမယ်"။ တကယ်လို့ အဲဒီအပင်ကို နုတ်တဲ့သူမရှိရင် မနက်ဖြန်ညမှာပဲ မော်ဆရာသေရပါလိမ့်မယ်။ မင်းကို သူ လိမ်ညာခဲ့တယ်။ နောက်စစ်သည်တော်တစ်ယောက်ကိုလည်း လိမ်ခဲ့တယ်။

အကြောင်းက မင်းတို့နှစ်ယောက်ထဲက တစ်ယောက် သူ့အစား သေပေးဖို့ပဲ။ မော်ဆရာအသက်ရှင်ရဖို့ မနက်ဖြန် ညမမှောင်ခင်မှာ ကံကောင်းခြင်းအပင်ကို နုတ်ရမှာဖြစ်တယ်။ နန်းတော်ဆီ အမြန်ပြန်ပါ... နောဝတောင် နန်းတော်ပြန်ရာ လမ်းပေါ်ရောက်နေပါပြီ"

စုန်းမမော်ဂနာက ယုတ်မာပက်စက်လွန်းလှတယ်။ သူဟာ စစ်ကို နောက်ဆုတ်မရ ရှေ့တိုးမရတဲ့ ဒုက္ခတွင်းထဲ ပိတ်မိစေပါတယ်။ တကယ်လို့ မနက်ဖြန်သာ ကံကောင်းခြင်းအပင်ပေါက်လာခဲ့ရင် သူ ဘာလုပ်ရမှန်းမသိအောင် ဖြစ်စေပါတယ်။ နုတ်လိုက်ရင် ကိုယ်တိုင်သေဆုံးရပါမယ်။ တကယ်လို့ မော်ဆရာ ပြောတဲ့ စကားကသာ အမှန်ဆိုခဲ့ရင်ရော၊ ဒီအပင်က တကယ့် ထူးဆန်းတဲ့ ကံကောင်းခြင်းအပင်ဆိုခဲ့ရင်ရော...

အကောင်းဆုံးနည်းက လွယ်လွယ်လေးပါ။ နောဝလို အခက်အခဲကို ရင်မဆိုင်ဘဲ တောအုပ်က ခွာမယ်။ သူ စက္ကန့်ပိုင်းလောက် စဉ်းစားလိုက်ပြီး စုန်းမ မော်ဂနာကို စကားပြန်ပါတယ်။

"ကောင်းပြီလေ... ဒီညပဲ ကျွန်တော်သွားပါမယ်..."

စုန်းမမော်ဂနာက ရယ်လိုက်ပါတယ်။ သူ စိတ်လိုအားရရှိလှတယ်။ ဒါပေမဲ့ စစ် စကားမဆုံးသေးပါဘူး။

"... ... ဒါပေမဲ့ မော်ဆရာကို ကျွန်တော် တိုက်ရိုက်သွားတွေ့မှာပါ။ ကံကောင်းခြင်းအပင်ကို သူကိုယ်တိုင် လက်နဲ့ ဆွဲနုတ်ဖို့ ကျွန်တော်ပြောမှာပါ။ ခင်ဗျား ခုနက ကျွန်တော့်ကိုပြောပြတဲ့ ကျိန်စာက ...တကယ်လို့ တစ်ယောက် ယောက်က နုတ်ခဲ့ရင် အဲဒီနုတ်တဲ့သူဟာ သုံးရက်အတွင်းမှာ သေတယ်ဆိုတာ ဟုတ်လား။ တကယ်လို့ မော်ဆရာသွားနုတ်ရင် သူ မသေဘူးပေါ့။ ကျိန်စာပြေ သွားပြီးပေါ့။ မနုတ်သင့်တဲ့လူက အဲဒီအပင်ကိုသွားမထိရင် မသေတော့ဘူးပေါ့။ သေရမယ့်သူက ကိုယ်တိုင်နုတ်လို့ရတယ်။ ဒီလိုဆိုရင် မော်ဆရာက သူ့အသက် တစ်ချောင်းကို ကယ်တင်နိုင်သလို ကံကောင်းခြင်းအပင်ကို နုတ်ပြီး ကျွန်တော့် လက်ထဲ အပ်နိုင်တာပေါ့"

စစ်ဟာ စုန်းမမော်ဂနာတွေးထင်ထားတာထက် ပိုထက်မြက်နေ

ပါတယ်။ ဒီတစ်ကြိမ်မှာတော့ သူ မရယ်နိုင်တော့ပါဘူး။ သူဆင်ထားတဲ့ ထောင်ချောက်ထဲ စစ်ပြုတ်မကျခဲ့ဘူးဆိုတာကို သိလို့စုန်းမမော်ဂနာဟာ ဒေါသတကြီးနဲ့ သူ့ပခုံးပေါ်က ဇီးကွက်နဲ့အတူ တံမြက်စည်းစီးပြီး ထွက်သွားခဲ့ပါတယ်။ သူ့ပုံစံက အသုဘအိမ်က ခွေးလို အမြီးကုတ်ပြီး ထွက်ပြေးသွားပါတယ်။ ပါးစပ်ကလည်း မကျေမနပ် တတွတ်တွတ်ရွတ်ဆိုနေပါတယ်။

စစ်က အဖြစ်အပျက်တွေကို အစအဆုံး တစ်ကျော့ပြန် စဉ်းစားကြည့်လိုက်ပါတယ်။ မှော်ဆရာ မလိမ်ဘူးဆိုတာကို သူသိထားပါတယ်။ နေ့ကဘာဖြစ်လို့ ဒီမကောင်းဆိုးဝါးစုန်းမမော်ဂနာရဲ့ စကားကို ယုံပါလိမ့်။ ထူးချွန်ထက်မြက်တဲ့ စစ်သည်တော်တစ်ဦးရဲ့ အရေးကြီးဆုံး အခြေခံသဘောတရားက ကိုယ်မြဲမြဲဆုပ်ကိုင်ထားတဲ့တာဝန်တစ်ခုကို အလွယ်တကူ အယုံအကြည်မမဲ့ရဘူးဆိုတာ သူ မသိခဲ့လို့လား...။

ကံကောင်းခြင်းရောက်မလာသေးခင်မှာ မျှော်လင့်ချက်မဲ့သွားတဲ့၊ စိတ်ပျက်သွားတဲ့၊ စိတ်ဓာတ်ကျသွားတဲ့၊ လက်လွှတ်လိုက်တဲ့ စစ်သည်တော်တော်တော်များများကို စစ် တွေ့ခဲ့ဖူးပါတယ်။ အဲဒီထဲကနေ သူ ရလိုက်တဲ့ အရေးပါတဲ့သင်ခန်းစာက တခြားသူရဲ့အကြည့်ထဲမှာ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ကိုယ်ယုံကြည်မှုကို မြဲမြဲဆုပ်ကိုင်ထားပါ ဆိုတာပဲ ဖြစ်တယ်။

အိပ်ရာမဝင်ခင်မှာ အရေးကြီးတဲ့အခြားအချက်တစ်ခုကို သူ သတိရလိုက်ပါသေးတယ်။ တခြားသူပြောသလို လိုက်မလုပ်နဲ့ ဆိုတာပဲ ဖြစ်တယ်။ တစ်နည်းပြောရရင် စုန်းမမော်ဂနာက သူပြောချင်ရာ ပြောတာက သူ့ကဏ္ဍပါ။ လူတစ်ယောက်ဟာ သူ့နေရာ သူ့တာဝန်ကို စွဲမြဲစောင့်ထိန်းထားမယ်၊ သူ့လုပ်သမျှ သူ ယုံကြည်မှုရှိပြီး အာရုံစူးစိုက်ထားမယ်ဆိုရင် "ကံကောင်းခြင်း" က သူ့ဆီ အရောက်လာပါတယ်။

အဲဒီနောက် သက်ကြီးရွယ်အိုတွေ အမြဲပြောဆိုဆုံးမခဲ့တဲ့ သတိစကားကို စစ်သတိရလိုက်မိပါတယ်။ တကယ်လို့ တစ်ယောက်ယောက်က သင့်ကို သူဌေးအမြန်ဖြစ်နည်းတွေ ပြောပြတဲ့အခါ အဲဒီလူကို လုံးဝမယုံပါနဲ့။ သင့်ဆီ ကံကောင်းခြင်းရောင်းတဲ့ သူကိုလည်း အလွယ်တကူ လုံးဝမယုံပါနဲ့။

ကံကောင်းခြင်းစည်းမျဉ်း

နံပါတ် (၉)

ပတ်ဝန်းကျင်ရော အခြေအနေပါ အားလုံးအဆင်သင့်ဖြစ်ပြီဆိုရင်
စိတ်ရှည်ရှည်ထား စောင့်ဆိုင်းပါ၊ အလွယ်တကူ လက်မလွှတ်ပါနဲ့။

ကံကောင်းခြင်းတံခါး လာအခေါက်ကို ငြိမ်ငြိမ်သက်သက်စောင့်ပါ၊
ယုံကြည်မှုကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားပါ။



## ၉။ လေနတ်သား ... ကံကြမ္မာ၊ ကံရဲ့ အရှင်သခင်

နောက်တစ်နေ့မနက်မှာ စစ် နိုးထလာချိန် စိတ်ထဲမှာ မတင်မကျ ဖြစ်နေမိတယ်။ အဆင်သင့်ထွန်ယက်ထားပြီးတဲ့ မြေကွက်အနီး သူ သွားကြည့်လိုက်တယ်။ ဆိတ်ဆိတ်ငြိမ်ငြိမ် စောင့်နေလိုက်တယ်။ တစ်နာရီပြီး တစ်နာရီ ကုန်ဆုံးသွားခဲ့ပေမယ့် ဘာမှဖြစ်မလာခဲ့ဘူး။

နေ့တစ်ဝက်ကုန်ဆုံးသွားခဲ့ပြန်ပြီ။ ဘာလှုပ်ရှားမှုမှလည်း မပြခဲ့ဘူး။

"ကောင်းပြီလေ ... ဘယ်လိုပဲဖြစ်ဖြစ် ဒီရက်တွေအတွင်း ပျော်ရွှင်ခြင်းတောအုပ်ထဲမှာ နေရတဲ့ရက်တွေက ကျေနပ်စရာကောင်းခဲ့ပါတယ်။ ငါလည်း ကိုယ်တတ်နိုင်စွမ်းသလောက် သင့်တော်တဲ့ပတ်ဝန်းကျင်ကို ပြောင်းလဲခဲ့ပြီပဲ။ လုံလောက်ပါပြီလေ ..."

အဆုံးမရှိတဲ့ကံကောင်းခြင်းတွေ ပေးနိုင်မယ့် အရွက်လေးရွက်ပါတဲ့ ကံကောင်းခြင်းအပင် ပေါက်လာမယ့်နေရာကို အတိအကျရွေးဖို့ဆိုတာ လွယ်တဲ့ အလုပ်တော့ မဟုတ်ခဲ့ပါဘူး။

ဒါပေမဲ့ တွေးထင်မထားတဲ့ အခြေအနေတစ်ခု ရုတ်တရက်ဖြစ်ပေါ်လာခဲ့ပါတယ်။

လေနတ်သား ... ကံကြမ္မာ၊ ကံရဲ့အရှင်သခင် ကံကောင်းခြင်းတွေကို ဖြန့်ကြဲတဲ့ လေနတ်သားက တဖြူးဖြူးနဲ့ သစ်ရွက်တွေကို စတင်ပြီး တိုက်ခိုက်လိုက်ပါတယ်။ အဲဒီနောက် မျိုးစေ့လေးတွေဟာ မိုးစက်မိုးပေါက်လေးတွေလို နေရာအနှံ့ ဝဲကြွေကျလာပါတယ်၊ အစေ့တိုင်းက စိမ်းရွှေရောင်အစေ့သေးလေးတွေပါ။ ဒါကပဲ ကံကောင်းခြင်းအပင်ရဲ့ မျိုးစေ့လေးတွေလား။ အစေ့တိုင်းက ... အစေ့တိုင်းက လူကိုအံ့သြလောက်အောင် ကံကောင်းမှုတွေပေးနိုင်တဲ့ ကံကောင်းခြင်း အပင်ပေါက်လာနိုင်တဲ့ အစေ့လေလား။ တစ်စေ့တည်းမဟုတ်ဘဲ မရေမတွက်နိုင်တဲ့ ကံကောင်းခြင်းအစေ့ပေါင်းများစွာက လေထဲမှာ လွင့်ဝဲကျလို့ ...

မျက်စိရှေ့မှာ မြင်ရတဲ့ ဒီမြင်ကွင်းက တစ်ခါမျှမမြင်ခဲ့ဖူးတဲ့ ဖြစ်ရပ်ဆန်းလေးပါပဲ။ မျိုးစေ့လေးတွေဟာ စစ်ရွေးထားတဲ့မြေကွက်ပေါ် ကျလာရုံမက

ပျော်ရွှင်ခြင်းတောအုပ်တစ်ခုလုံးပေါ်မှာပဲ ကျရောက်လာခဲ့ပါတယ်။ တောအုပ်တစ်ခုလုံးရဲ့ ထောင့်နေရာတိုင်းမှာ ကျရောက်မှာဖြစ်ပါတယ်။

ပျော်ရွှင်ခြင်းတောအုပ်တင် ဘယ်ကမလဲ... တိုင်းပြည်တစ်ပြည်လုံးပေါ်လည်း ကံကောင်းခြင်းမျိုးစေ့တွေ ကျရောက်တာပါပဲ။ မော်ဆရာရဲ့စိန်ခေါ်မှုကို လက်မခံနိုင်တဲ့ စစ်သည်တော်ရဲ့ဦးခေါင်းထက်ပေါ်လည်း ကျရောက်တာပါပဲ၊ တောအုပ်ထဲမှာ နေထိုင်သူတွေရဲ့ခေါင်းပေါ်လည်း ကျရောက်တာပါပဲ။ မြေစောင့်နတ်၊ စကော်ရာ၊ ရေကန်စောင့်နတ်သမီး၊ ကျောက်နတ်ဘုရားမ... နေ့ာနဲ့ စုန်းမ မော်ဂနာရဲ့ခေါင်းပေါ်လည်းကျရောက်တာပါပဲ။ ကံကောင်းခြင်းမျိုးစေ့တွေမိုးပေါ်က ကျလာခဲ့ပြီး နေရာတိုင်း၊ ထောင့်တိုင်းမှာ ဖြန့်ကြဲခဲ့ပါတယ်။

ဒါနဲ့တောင် တောအုပ်မှာ နေထိုင်သူနဲ့ တိုင်းပြည်မှာ နေထိုင်သူတွေက ဒီမျိုးစေ့တွေကို လုံးလုံးသတိမထားခဲ့မိကြပါဘူး။ နှစ်စဉ်နှစ်တိုင်း ဒီအချိန်ရောက်ရင် စိမ်းရွှေရောင်မျိုးစေ့မိုး ရွာတတ်တယ်ဆိုတာလောက်ပဲ သူတို့သိထားပါတယ်။ ဒီမျိုးစေ့လေးတွေက "ဘာမှအသုံးမဝင်"တဲ့ မျိုးစေ့လို့ ထင်မှတ်ထားပါတယ်။ နှစ်တိုင်း ဒီအချိန်မှာ နေရာအနှံ့ကျရောက်တဲ့ မျိုးစေ့ကို လူတွေက စိတ်ရှုပ်၊ စိတ်အနှောင့်အယှက်ဖြစ်စေတဲ့ မျိုးစေ့မိုးလို့ ဆိုကြတယ်။

မိနစ်အနည်းငယ် ရှခင်းလေးပါပဲ... ကံကောင်းခြင်းမျိုးစေ့ မိုးက တိတ်သွားခဲ့ပါတယ်။ စိမ်းရွှေရောင်မျိုးစေ့က မြေပြင်ပေါ်အနှံ့ပါပဲ။ မိုးစက်တွေတော့ သမုဒ္ဒရာပေါ်ဖြန့်ကြဲလိုက်သလို တိုင်းပြည်အနှံ့ ထောင့်နေရာတိုင်းမှာ...။ အားလုံးက ကန္တာရပေါ် ကျရောက်သွားသလိုပါပဲ၊ အသက်ရှင်လမ်း နည်းပါးပါတယ်။ အဲဒီလိုနဲ့ မျိုးစေ့ဟာ အညှောင့်ပေါက်ခွင့် ဆုံးရှုံးခဲ့ကြရတယ်၊ မျိုးစေ့ ထောင်သောင်းပေါင်းများစွာဟာကျယ်ပြန့်တဲ့၊ဒီတောအုပ်ရဲ့မြဲနေတဲ့၊ပြီးတော့မာကျောပြီး ကျောက်တုံးတွေ ပေါများတဲ့ မြေပြင်ပေါ်မှာလည်း တဖြည်းဖြည်း သေဆုံးကုန်ခဲ့ကြရတယ်။

စွတ်စိုပြီး မြေဩဇာကြွယ်ဝတဲ့ မြေကွက်လေးပေါ် ကျရောက်တဲ့ မျိုးစေ့ကလွဲလို့ မျိုးစေ့အားလုံးက ဒီလိုနဲ့ပဲ နိဂုံးချုပ်ကြရတယ်၊ ဒီနေရာမှာ နေရောင်ခြည်တောက်ပ အေးမြမှုပြည့်စုံပြီး ရေသွင်သွင်စီးဆင်းနေတဲ့အပြင်

မြေကွက်ပေါ်မှာ ဘာကျောက်တုံးကျောက်ခဲမှ ရှိမနေခဲ့ပါဘူး။ အဲဒီလိုမျိုး မြေကွက်ပေါ်ကျရောက်တဲ့ မျိုးစေ့တွေသာ မကြာခင်မှာ အညှောင့်ပေါက်လာပြီး အရွက်လေးရွက်ပါတဲ့ အဆုံးအစမဲ့ ကံကောင်းခြင်းတွေပေးမယ့် အပင်တွေ အများအပြားပေါက်လာမှာပါ။ အဲဒီအပင်တွေဟာ နောက်နှစ်မျိုးစေ့မိုးရွာတဲ့ အထိ တစ်နှစ်တာအတွက် သုံးလောက်ပါတယ်။ တစ်နည်းပြောရရင်တော့ ကံကောင်းခြင်းတွေ ဝင်လာမစဲ တသဲသဲပါ။

စစ်ဟာ ညှိုးငယ်ဖမ်းစားခြင်း ခံထားရသူပမာ သူကိုယ်တိုင် လက်နဲ့ တည်ဆောက်ထားတဲ့ ကံကောင်းခြင်းထူးခြားမှုကို ကြည့်နေခဲ့ပါတယ်။ လှိုက်လှဲ ကြည်နူးမှုတွေ ရင်ထဲ စုပြုံတိုးဝှေ့လာခဲ့ပြီးတော့ သူဟာ မအောင့်အည်းနိုင်ဘဲ မြေပြင်ပေါ် ဒူးထောက်ချလိုက်ပါတယ်။ မျက်ဝန်းမှာလည်း ဝမ်းသာကြည်နူးမှု မျက်ရည်တွေ ရစ်ဝဲနေပါတယ်။

တဖြည်းဖြည်း လေက ငြိမ်သွားတာကို စစ် သတိထားမိချိန်မှာတော့ လေနတ်သားနဲ့ နှုတ်ဆက်ချိန်ကျရောက်ပြီဆိုတာကို သူ သိလိုက်ပါတယ်။ မျိုးစေ့ မိုးတွေကြွေအောင် တိုက်ခတ်ခဲ့တဲ့ လေနတ်သားကို သူ ကျေးဇူးမတင်ရသေး တာကို သတိရပြီး ကောင်းကင်ကို သူ အလျင်အမြန်ကြည့်လိုက်ပါတယ်။ ပြီးတော့ "လေနတ်သား...ကံကြမ္မာ၊ ကံရဲ့အရှင်သခင်ရေ...ခင်ဗျားဘယ်မှာလဲ...ခင်ဗျားကို ကျွန်တော် ကျေးဇူးတင်ချင်လို့ပါ" လို့ ခယပြောဆိုလိုက်တယ်။

"ကျုပ်ကို မင်းကျေးဇူးတင်စရာမလိုပါဘူး။ နှစ်တိုင်း ဒီအချိန်ရောက်ရင် ကျုပ်က ကံကောင်းခြင်းမျိုးစေ့တွေ တောအုပ်အနှံ့၊ တိုင်းပြည်အနှံ့ ကြဲနေကျပါ။ ကျုပ်က ကံကြမ္မာ၊ ကံရဲ့အရှင်သခင်ပါ။ ဘယ်ကိုရောက်ရောက် ကံကောင်းခြင်း မျိုးစေ့တွေကို ကျုပ်ကြဲပါတယ်။ ဒါဟာ ကျုပ်ရဲ့မပြောင်းလဲတဲ့တရားပါပဲ။ ကျုပ်က လူအများထင်သလို ကံကောင်းခြင်းတွေကို ခွဲဝေပေးတဲ့ နတ်သားမဟုတ်ပါဘူး။ နေရာအနှံ့မျိုးစေ့ကြဲတာကိုပဲ ကျုပ်တာဝန်ယူပါတယ်။ မင်းမြေကွက်မှာ ကံကောင်း ခြင်းအပင်အညှောင့်ပေါက်တယ်ဆိုတာ မင်းက မင်းလက်နဲ့ကိုယ်တိုင် ဒီအပင် တွေ ပေါက်နိုင်မယ့် နေရာတစ်ခု ဖန်ဆင်းခဲ့လို့ပါပဲ။ ဘယ်သူမဆို ဒီလိုပုံစံမျိုးနဲ့ ကံကောင်းခြင်းကို ဖန်တီးနိုင်ပါတယ်။ ကျုပ်သယ်ဆောင်လာတဲ့ ကံကောင်း

ခြင်းတွေ ဘယ်ရောက်ကုန်လဲ... လူတွေက ဘာအင်အားမှ မစိုက်ထုတ်ဘဲ ကံကောင်းခြင်းကို အလွယ်တကူရမယ်လို့ ထင်ခဲ့ကြတယ်။ ဘယ်မြေကွက်ကိုပဲ မင်းရွေးရွေး ရလဒ်က အတူတူပါပဲ။ အရေးကြီးတာက အဲဒီမြေကွက်မှာ မင်း အင်အားစိုက်ထုတ်ပြီး စိတ်ရောကိုယ်ပါ အဆင်သင့်ဖြစ်အောင် လုပ်ခဲ့ပြီလား ဆိုတာပါပဲ။ ကံကောင်းခြင်းဆိုတာ အခွင့်အလမ်းနဲ့ကြိုးစားခြင်း ပေါင်းစပ်ပြီးမှ ရတဲ့အရာပါ။ အခွင့်အလမ်းဆိုတာ... နေရာတိုင်းမှာ အမြဲရှိပါတယ်"

မှန်ပါတယ်။

စစ် ခြေထောက်အောက်မှာ ရှိတဲ့ ဒီမြေကွက်မှာပဲ ကံကောင်းခြင်း အပင်... ထူးခြားဆန်းကြယ်တဲ့ ကံကောင်းခြင်းအပင်ပေါက်မှာပါ။ သူဟာ ဒီတိုင်းပြည်တစ်ပြည်လုံးမှာ ကံကောင်းခြင်းအပင်ပေါက်မယ့် သင့်တော်တဲ့ နေရာကို ဖန်တီးခဲ့တဲ့ တစ်ဦးတည်းသောသူဖြစ်ပါတယ်။

သူ့ရဲ့အတွေးက လူတော်တော်များများနဲ့ ဆန့်ကျင်ဘက်ဖြစ်နေခဲ့ပြီး ကံကောင်းခြင်းဆိုတာ လူနည်းစုအတွက်သာ သတ်မှတ်ထားတာမဟုတ်သလို ကြိုးစားအားထုတ်မှုမရှိရင် ရမှာမဟုတ်ဘူးလို့ သူတွေးထင်ခဲ့လို့ဖြစ်ပါတယ်။

ကျွန်တော်တို့သာ ကြိုးစားအားထုတ်နိုင်ရင် ကံကောင်းခြင်းဆိုတာ လူအများနဲ့ ခွဲဝေမျှယူလို့ရတဲ့အရာပါ။

လူတိုင်းမှာ တူညီတဲ့အခွင့်အလမ်းတိုင်း ပိုင်ဆိုင်ထားကြပါတယ်။ ကံကောင်းခြင်းမျိုးစေ့ကလည်း အရပ်လေးမျက်နှာအနှံ့ ပြန့်ကြဲနေပါတယ်။ အဲဒီမျိုးစေ့ပေါက်ရောက်နိုင်တဲ့ သင့်တော်တဲ့ ပတ်ဝန်းကျင်ကို ဖန်တီးမှသာ အဲဒီ တန်ဖိုးရှိတဲ့ မျိုးစေ့လေးတွေက အလဟဿဖြစ်မသွားမှာပါ။

လေနတ်သား တဖြည်းဖြည်းထွက်ခွာသွားချိန်မှာ စစ်လည်း တောအုပ် ထဲကနေ ထွက်ခွာဖို့ ပြင်ဆင်လိုက်ပါတယ်။ နန်းတော်ဆီ သူ အမြန်ပြန်ပြီး မော် ဆရာကို သွားတွေ့ဖို့ပါပဲ...။


* * *

## ကံကောင်းခြင်းစည်းမျဉ်း
## နံပါတ် (၁၀)

ကံကောင်းခြင်းကို ဖန်တီးတယ်ဆိုတာ
သင့်တော်တဲ့ပတ်ဝန်းကျင်ကို ကြိုတင်ဖန်တီးတာပါပဲ။

အခွင့်အလမ်းက ကံဆိုး၊ ကံကောင်းနဲ့ မဆိုင်ပါဘူး။
အခွင့်အလမ်းဆိုတာ အမြဲရှိနေပါတယ်။

ဒါကြောင့်...
ကံကောင်းခြင်းကို ဖန်တီးဖို့
တစ်ခုတည်းသော လိုအပ်ချက်က
ပတ်ဝန်းကျင်ကို ဖန်တီးတာပဲဖြစ်ပါတယ်။



## ၁၀။ နန်းတော်မှာ မှော်ဆရာမာလင်နဲ့တွေ့ဆုံကြ

ခုနစ်ရက်မြောက်နေ့ ညမှာ နော့ဟာ မြင်းကို တစ်ညလုံး အပြင်း နှင်ခဲ့ပါတယ်။ နန်းတော်ကိုပြန်ရောက်ချိန် မြင်းဟာ အချိန်အတော်ကြာ အရိုက် ခံထားရတဲ့အပြင် ဖနောင့်ဆူးရဲ့အကန်ကို ခံထားရလို့ ကျောရော နံရိုးတွေပါ ဒဏ်ရာအထပ်ထပ် သွေးအလိမ်းလိမ်းနဲ့ နာကျင်နေခဲ့ပါပြီ။ နော့ တကယ်ပဲ အလျင်လိုနေပါတယ်။ နန်းတော်ပန်းဥယျာဉ်ဆီ အမြန်ပြန်ပြီး အညှောင့်ပေါက်စ ကံကောင်းခြင်းအပင်ကို နုတ်ဖို့ သူလောကြီးနေခဲ့ပါတယ်။ နန်းတော်ပြန်ရောက်ပြီး သိပ်မကြာခင်မှာ သနားစရာကောင်းတဲ့မြင်းဟာ အမောဆို့ပြီး သေသွားခဲ့ပါတယ်။ နန်းတော်ထဲကို နော့ဝင်သွားပြီး ခန်းမကြီးတစ်ခုတိုင်းမှာ ခေါက်တုံ့ခေါက်ပြန် ဖြတ်လျှောက်နေပါတယ်။ ခြေလှမ်းတွေက အလျင်လိုပြီး အပြေးတစ်ပိုင်း ဖြစ်နေ ပါတယ်။ ဆောင်ဓားကို သူ တင်းတင်းဆုပ်ထားပြီး ဒေါသတကြီးဖြစ်နေပါတယ်။

"မှော်ဆရာမာလင်... မှော်ဆရာမာလင်...ခင်ဗျား ဘယ်မှာလဲ...ခင်ဗျား ပုန်းမနေပါနဲ့...ခင်ဗျားကို ကျုပ်မတွေ့တွေ့အောင်ရှာမယ်"

နန်းတော်က ဥယျာဉ်ဘက်ဆီသွားဖို့ သူ ဆုံးဖြတ်လိုက်ပါတယ်။ အဲဒီ နေရာမှာ မှော်ဆရာမာလင်ကို တွေ့မယ်လို့ သူ သိထားပါတယ်။

တံခါးကိုသူတွန်းဖွင့်ပြီး အပြင်ကိုကြည့်လိုက်တာနဲ့ ဥယျာဉ်အလယ် မှာမှော်ဆရာမာလင်ကိုတွေ့လိုက်ပါတယ်။ မှော်ဆရာမာလင်က အေးအေးငြိမ်ငြိမ် နဲ့ နေရာမှာ ရပ်နေပြီး သူ့လက်စွဲတော် ကြိမ်တံကို ဆုပ်ကိုင်ထားပါတယ်။ အသွင် အပြင်က လေးနက်တည်ကြည်နေပါတယ်။ ဒါပေမဲ့ ဘာဖြစ်လို့ ဥယျာဉ်က ပုံစံ ပြောင်းနေပါလိမ့်။ ဥယျာဉ်တစ်ခုလုံး ကျောက်ပြားတွေ အပြည့်ခင်းထားပါလား။ လွန်ခဲ့တဲ့ ခုနစ်ရက်က နန်းတော်ထဲက လက်သမားတွေအကုန်လုံး ကျောက်ပြား ခင်းဖို့ အလုပ်များနေခဲ့ပါလား...။

နော့က ကြည့်ပြီး မှင်တက်သွားမိတယ်။ ဆောင်ဓားက လက်ထဲကနေ လွတ်ကျသွားပါတယ်။

"ဒါ ဘယ်လိုဖြစ်ရတာပါလဲ။ ခင်ဗျား...ဘာဖြစ်လို့ ကောင်းနေတဲ့

ဥယျာဉ်ကို ကျောက်ပြားတွေ ခင်းပစ်လိုက်ရတာလဲ"

မော်ဆရာမာလင်ကို သူ အပြစ်တင် မေးခွန်းထုတ်တယ်။

"တကယ်လို့ ငါသာ ဒီလိုမလုပ်ရင် မင်း ငါ့ကို သတ်လိုက်မှာပေါ့။ ငါ ဘယ်လိုပဲ ဖြေရှင်းလည်း မင်းနားထဲဝင်မှာ မဟုတ်ပါဘူး။ ဒီနေရာမှာ ကံကောင်းခြင်း အပင်မပေါက်ဘူးဆိုတာ မင်းယုံအောင် ဒါက တစ်ခုတည်းသောနည်းပါပဲ။ မင်းကိုလိမ်တာက စုန်းမမော်ဂနာပါ။ ငါက မော်ဆရာတစ်ယောက်မို့ ဘာမဆိုငါသိတာပေါ့။ စုန်းမမော်ဂနာက မင်းဆီကို ကံကောင်းခြင်းတွေ ရောင်းလိမ့်မယ်ဆိုတာကို ငါကြိုသိပြီးသားပါ။ ကံကောင်းခြင်းကို အရောင်းအဝယ်လုပ်တယ်ဆိုတာ မဖြစ်နိုင်တဲ့ ကိစ္စပါ။ မင်း ဒေါသတကြီးနဲ့ ငါ့ကို လာသတ်မယ်ဆိုတာလည်း ငါသိတာပေါ့။ ဒီနေရာမှာ ကံကောင်းခြင်းအပင်မပေါက်ဘူးဆိုတာ မင်းကိုယ်တိုင် မျက်စိနဲ့ တပ်အပ်မြင်မှပဲ ရမယ်။ မင်း မဆင်မခြင်လုပ်မယ့်အလုပ်ကို ငါ စောစောစီးစီး တားမှရမယ်။ မဟုတ်ရင် မင်းနဲ့ငါ အကြိတ်အနယ် သတ်ဖြတ်နေရဦးမယ်"

ဒီအချိန်ကျမှ နော့ဟာ အမှားကြီးတစ်ခုကို လုပ်လိုက်မိပြီလို့ နောင်တရလိုက်ပါတယ်။ ဖြတ်လမ်းကို သူရွေးချယ်ပြီး ကံကောင်းခြင်းကို ပိုင်ဆိုင်ဖို့ သူ့မှာ အရည်အချင်းရှိတယ်လို့ သူ ထင်မြင်ခဲ့တယ်။ အခုအချိန်မှာတော့ နန်းတော်ရဲ့ ဥယျာဉ်တွင်း မော်ဆရာမာလင်ရဲ့နံဘေးမှာ သူရပ်ပြီး သူလုပ်ခဲ့သမျှတွေဟာ မှားပြီးရင်း မှားတယ်ဆိုတာကို သူသိလိုက်ပါတယ်။ မော်ဆရာမာလင်က စိတ်မပျက်ဘဲ ဆက်လက်ရှင်းပြနေပါတယ်။

"အခု မင်း သဘောပေါက်ပြီမဟုတ်လား။ ထူးခြားဆန်းကြယ်တဲ့ ကံကောင်းခြင်းအပင်က ဒီနေရာမှာကိုမရှိတာ။ ငါကြေညာခဲ့သလိုပဲ။ လွန်ခဲ့တဲ့ နာရီအနည်းငယ်ခန့်ကပဲ ပျော်ရွှင်ခြင်းတောအုပ်ထဲမှာ ကံကောင်းခြင်းအပင် ပေါက်ပြီးသွားပါပြီ။ ကံကောင်းခြင်းအပင်တွေ မရေမတွက်နိုင်အောင်ပါပဲ။ တကယ်တမ်းမှာတော့ မင်းလည်း ဝေစုတော်တော်များများရနိုင်တာပဲ။ နမြောစရာ ကောင်းတာက မင်းက ကိုယ့်ကိုယ်ကိုယ် လက်လွှတ်ပြီး ယုံကြည်မှုမဲ့ခဲ့တယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး မင်းဟာ မျက်စိရှေ့က အမြတ်ကိုပဲ မြင်ခဲ့တယ်။ အလုပ်လုပ်ရာမှာ စိတ်အားထက်သန်မှုမရှိခဲ့ဘူး။ အာရုံစူးစိုက်မှုမရှိခဲ့ဘူး။ ပြီးတော့

သဘောထားမကြီးခဲ့ဘူး။ လူ၊ အရာဝတ္ထုတွေကို ယုံကြည်မှုနည်းခဲ့တယ်။ ဒါတွေကြောင့်ပဲ မင်းဟာ မင်းလိုချင်တပ်မက်ခဲ့တဲ့ ကံကောင်းခြင်းအပင်နဲ့ လွဲခဲ့ရတာ ဖြစ်တယ်"

နေဒ့ကစိတ်ပျက်လက်ပျက် လှည့်ထွက်လာခဲ့ပါတယ်။ သူ့လက်ထဲမှာ ဆောင်စားမရှိတော့သလို သူ့နံဘေးမှာ မြင်းလည်း မရှိတော့ပါဘူး။ သူဟာ တစ်ကိုယ်ထီးထီးပဲ သူ့နေရာအဆောင်ဆီ ပြန်သွားခဲ့ပြီး နေ့ရက်တွေကို အထီးကျန်ဆန်စွာ ဖြတ်ကျော်သွားခဲ့ပါတော့တယ်။

*****



နောက်တစ်နေ့မှာ နန်းတော်ကို စစ် ပြန်ပြီး ရောက်လာခဲ့ပါတယ်။ ပြန်ရောက်ရောက်ချင်း သူလုပ်တဲ့ ပထမဆုံးအလုပ်က သူတွေ့ခဲ့တဲ့၊ ဒဏ္ဍာရီထဲက အဆုံးအစမဲ့တဲ့ ကံကောင်းခြင်းတွေ ပေးနိုင်တယ်လို့ဆိုတဲ့ ကံကောင်းခြင်းအပင်တွေကို မော်ဆရာမာလင်လက်ထဲအပ်တာပဲ ဖြစ်တယ်။ မော်ဆရာမာလင်ကို ကျေးဇူး အထူးတင်ကြောင်း သူပြောရဦးမယ်။

"မော်ဆရာမာလင် ... မော်ဆရာမာလင်ရေ...ဒီမှာ ကြည့်ပါဦး..."

မော်ဆရာမာလင်ကို ကံကောင်းခြင်းအပင်အဆုပ်လိုက် သူ ပြလိုက်ပါတယ်။

"ကြည့်ပါဦး မော်ဆရာမာလင် ... ဒါဟာ အရွက်လေးရွက်ပါတဲ့ အပင်လေး တစ်ပင်ပဲ မဟုတ်ဘူး။ လိုချင်သလောက်ရတဲ့အပင်တွေပါ"

"ဟုတ်တာပေါ့...စစ်၊ လူတစ်ယောက်ဟာ ကြိုးစားပြီး ပတ်ဝန်းကျင်ကို ဖန်တီးခဲ့ရင်တော့ ကံကောင်းခြင်းအပင်တွေကို အတောမသတ် ရနိုင်ပါတယ်။ ကံကောင်းခြင်းအပင်ကပေးတဲ့ ကံကောင်းခြင်းတွေက ဝင်လာမစဲ တသဲသဲ ပေါ့ကွာ"

"ဘယ်လိုပဲဖြစ်ဖြစ် ... ခင်ဗျားကို ကျွန်တော် ကျေးဇူးအရမ်းတင်တယ်။ မော်ဆရာမာလင် ... ခင်ဗျားကို ကျွန်တော်ကျေးဇူးဆပ်ဖို့ အကြွေးတင်သွားပြီ"

"ဒီလိုတော့ မပြောပါနဲ့... ငါ မင်းကို ဘာအကူအညီမှလည်း မပေးဖြစ်ခဲ့ပါဘူး။ ပျော်ရွှင်ခြင်းတောအုပ်ထဲသွားမယ်လို့ ဒါဟာ မင်းကိုယ်တိုင်ပဲ ဆုံးဖြတ်ခဲ့တာ။ မင်းကိုယ်တိုင်ပဲ လူအများရဲ့အပြောကို လျစ်လျူရှုပြီး ဒီစိန်ခေါ်မှုကို လက်ခံခဲ့တာ။ မင်းကိုယ်တိုင်ပဲ မြေတစ်ကွက်ကို တူးဆွခဲ့တာ။ လူတိုင်းက အဲဒီတောအုပ်မှာ ကံကောင်းခြင်းအပင် တစ်ခါမှ မပေါက်ခဲ့ဘူးဆိုတာတောင် မင်းကိုယ်တိုင်ပဲ ရေကန်စောင့်နတ်သမီးနဲ့ ကံကောင်းခြင်းမျှဝေဖို့ ဆုံးဖြတ်ခဲ့တာ။ မင်း ကိုယ်တိုင်ပဲ ဝီရိယရှိခဲ့တယ်။ သစ်ကိုင်းသစ်ခက် ခုတ်ထွင်ရှင်းလင်းတာကို နောက်တစ်ရက်အထိ မင်းအချိန်မဆွဲခဲ့ဘူး။ အပြင်ပန်းကြည့်ရင် အရေးမပါဘူးလို့ထင်ရတဲ့ ကိစ္စအသေးအမွှားလေးဟာ တကယ်တမ်းမှာ အဓိကသော့ချက်ဖြစ်နေတတ်တယ်ဆိုတာကို မင်းကိုယ်တိုင်ပဲ အသိတရားဝင်ခဲ့တာ။ ဒါကြောင့် ကြိုတင်ပြင်ဆင်ပြီး အဆင်သင့်ဖြစ်နေတဲ့အနေအထားမှာတောင် ကျောက်တုံးကျောက်ခဲလေးတွေ ရှင်းလင်းဖို့ မင်း သတိဝင်ခဲ့တာ။ အချိန်မဆွဲဘဲ ချက်ချင်းလုပ်ဖို့ မင်းကိုယ်တိုင်ပဲ ဆုံးဖြတ်ခဲ့တာ။ မင်းကိုယ်တိုင်လည်း အာရုံစိုက်ပြုလုပ်ခဲ့တဲ့ လုပ်ရပ်အပေါ် မင်း ယုံကြည်ခဲ့တာ။ မင်းဆီမှာ ကံကောင်းခြင်းလာရောင်းခဲ့တာတောင် မင်းမတုန်လှုပ်ခဲ့တာ... ဒါတွေဟာ မင်းကိုယ်တိုင်ကြောင့်ပါပဲ"

"ဒါပေမဲ့ အဓိကကတော့ စစ်... မင်းဟာ ကံကောင်းခြင်းအပင်ကို ဖြတ်လမ်းနည်းနဲ့ရမယ်လို့ စကတည်းက မင်းမယုံကြည်ခဲ့ဘဲ မင်းကိုယ်တိုင် မင်းလက်နဲ့ သင့်တော်တဲ့ ပတ်ဝန်းကျင်ကို ဖန်တီးခဲ့လို့ ကံကောင်းခြင်းက မင်းဆီအရောက်လာခဲ့တာပဲ စစ်"

မှော်ဆရာမာလင်က ဆက်ပြောပါတယ်။ နောက်ဆုံးမှာ မှော်ဆရာမာလင်က ဒီလို ထပ်လောင်းပြောလိုက်ပါတယ်။


"မင်းကိုယ်တိုင်က ကံကောင်းခြင်းရဖို့ အဓိက ဆုံးဖြတ်ခဲ့တဲ့ ဇာတ်ဆောင်ပါပဲ"

* * *

ကံကောင်းခြင်းရဲ့ အဓိပ္ပာယ်သစ်

ကံကောင်းခြင်းကို ဖန်တီးတယ်ဆိုတာ ပတ်ဝန်းကျင်ကို ဖန်တီးတာပါပဲ ...
ကံကောင်းခြင်းရနိုင် မရနိုင်ဆိုတာ သင့်ကိုယ်ပေါ်မှာပဲ မူတည်ပါတယ်။

ဒီကနေ့ကစ သင်လည်း သင်နဲ့သက်ဆိုင်တဲ့ကံကောင်းခြင်းကို
သင်ကိုယ်တိုင်ဖန်တီးနိုင်ပါတယ်။



မထွက်ခွာခင်မှာ စစ်ဟာ ကျေးဇူးတရားအပြည့်နဲ့ မော်ဆရာမာလင်ကို တင်းတင်းပွေ့ဖက်လိုက်ပါတယ်။ အဲဒီနောက် မြင်းဖြူကိုစီးပြီး စွန့်စားမှုခရီးကို စတင်လိုက်ပါတယ်။ သူဟာ သူ့လက်ကျန်ဘဝနဲ့ သူ နေ့တိုင်းတွေ့ဆုံမိတဲ့ စစ်သည်တော် ဒါမှမဟုတ် လမ်းသွားလမ်းလာ ဒါမှမဟုတ် ကလေးသူငယ်တွေကိုပါ ကံကောင်းခြင်းရနိုင်တဲ့ စည်းမျဉ်းနည်းလမ်းတွေကို လက်ဆင့်ကမ်းနေခဲ့ပါတယ်။

အခုချိန်မှာ ကံကောင်းခြင်းကို ဖန်တီးနိုင်တဲ့နည်းလမ်းကို သူသိထားပြီဖြစ်တဲ့အတွက် သူတစ်ယောက်တည်း အပိုင်မစီးထားချင်ခဲ့ပါဘူး။ ကံကောင်းခြင်းဆိုတာ လူတိုင်း လူတိုင်းနဲ့ မျှဝေသင့်တဲ့အရာမို့ပါ။

စစ်က တကယ်လို့ သူကိုယ်တိုင် သူတစ်ယောက်တည်းပဲ ခုနစ်ရက်အတွင်းမှာ အဆုံးအစမဲ့ ကံကောင်းခြင်းကို ဖန်တီးနိုင်ခဲ့တယ်။ ဒီလိုဆိုရင် တိုင်းပြည်မှာရှိတဲ့လူတိုင်းလည်း ဘဝရဲ့ကံကောင်းခြင်းတွေကို ကိုယ်တိုင်ဖန်တီးနိုင်ဖို့ သင်ယူနိုင်ခဲ့ရင် ဒါဟာ ဘယ်လောက် ထူးခြားဆန်းကြယ်လိမ့်မလဲလို့ တွေးနေမိပါတယ်။

* * *

အခန်း(၃)

# ပြန်လည်တွေ့ဆုံခြင်း

# ပြန်လည်တွေ့ဆုံခြင်း

ပုံပြောအပြီးမှာ ဂျင်လည်း ဖိနပ်ကို ချွတ်လိုက်ပါတယ်။ ခြေဗလာနဲ့ ခုံတန်းရှည်အောက်က မြက်ခင်းပြင်ကို သူ နင်းချလိုက်ပါတယ်။ အဲဒီလိုနဲ့ သူငယ်ချင်းဟောင်းနှစ်ဦးဟာ ခုံတန်းပေါ်မှာ ပခုံးချင်းယှဉ်ထိုင်နေခဲ့ကြပါတယ်။

ခုနက ပြောခဲ့တဲ့ ပုံပြင်ကို ပြန်ပြီးတော့ တွေးတောနေတဲ့အလား နှစ်ယောက်သားစကားမပြောဘဲတိတ်ဆိတ်နေပါတယ်။မိနစ်တော်တော်ကြာတဲ့အထိ နှစ်ယောက်သား တိတ်ဆိတ်ခြင်းထဲမှာ နစ်နေကြပါတယ်။ ကြီးမားတဲ့ မျက်ရည်စက်တစ်စက်က ဂျင်ရဲ့ပါးပြင်ပေါ်ကနေ လိမ့်ဆင်းလာခဲ့ပါတယ်။ ဒီအချိန်မှ မက်စ်က တိတ်ဆိတ်ခြင်းကို ဖြိုခွဲလိုက်ပါတယ်။

"မင်းစိတ်ထဲမှာ ဘာတွေးနေမလဲဆိုတာ ငါသိတယ်။ ဒါပေမဲ့ ငါ အမှန်တကယ်ပြောချင်တဲ့ အဓိပ္ပာယ်ကို မင်းနားမလည်သေးဘူး"

"ဘာကို ပြောတာလဲ" လို့ ဂျင်က မေးတယ်။

"မင်းက ဒါကို ပုံပြင်တစ်ပုဒ် ဒါမှမဟုတ် ဒဏ္ဍာရီတစ်ပုဒ်ပဲလို့ ၈၀% လောက် မင်းမှတ်ယူလိုက်တယ်လို့ ငါထင်တယ်။ ငါ ဘယ်လိုပြောရမလဲကွာ...

မင်းကို ငါ ပုံပြင်တစ်ပုဒ်ပဲ ပြောပြနေတာ မဟုတ်ဘူး။ ဒီပုံပြင်ထဲကနေ ကံကောင်းခြင်းတွေကို မင်းရနိုင်ဖို့ ငါမျှော်လင့်တာပါ"

"ငါလည်းဒါကိုပဲ တွေးနေတာပါ။ ဒီပုံပြင်လေးငါနားထောင်လိုက်ရတာ ကောင်းတယ်လို့ငါတွေးနေတာပါမက်စ်။ ပိုကံကောင်းတာက နှစ်တော်တော်ကြာကွဲကွာနေတဲ့ ငယ်ငယ်တုန်းက သူငယ်ချင်းနဲ့ ပြန်ဆုံတာပါပဲ။ နှစ် ၅၀ ကျော်ကုန်လွန်ခဲ့ပြီး ကံကောင်းလို့ ဒီပုံပြင်လေးနားထောင်လိုက်ရတယ်"

ဒီတစ်ကြိမ် ဂျင်နဲ့ မမျှော်လင့်ဘဲ တွေ့ဆုံတာဟာ တိုက်ဆိုင်မှုရှိလိုက်တာလို့ မက်စ်တွေးလိုက်တယ်။ ဒီတစ်ကြိမ်ဆုံတွေ့မှုက ကံတရားကြောင့်ဖြစ်ပြီး "ကံကောင်း" လို့ တွေ့တယ်လို့တော့ ပြောလို့မရဘူးလို့ မက်စ်စိတ်ထဲမှာ တွေးတယ်။ ဂျင်က "တိုက်ဆိုင်" လို့ ဒီပုံပြင်ကို နားထောင်လိုက်ရတာလို့လည်း မက်စ်ထင်တယ်။ သူ့စိတ်ထဲ ဒီလိုတွေးလိုက်တယ်။ ပြီးတော့ ဂျင်ကို...

"ဟုတ်ပါတယ်။ ဒီပုံပြင်ကို မင်းနားထောင်လိုက်ရတာဟာ တိုက်ဆိုင်မှုတစ်ခုပါ ဂျင်"

"မင်းက ဒီလိုထင်တာပေါ့ မက်စ်။ ငါ့အတွေးကတော့ မင်းနဲ့ ဆန့်ကျင်ဘက်ပဲကွ" လို့ ဂျင်က တအံ့တသြပြောတယ်။

"ဆန့်ကျင်ဘက် ဟုတ်လား ..."

မက်စ်က ဂျင် ဘာကိုဆိုလိုချင်မှန်း နားမလည်ခဲ့ဘူး။

"ဟုတ်ပါတယ် ... ဆန့်ကျင်ဘက်ပါ။ "ကံကောင်းခြင်း" ကို လက်ဆုပ်လက်ကိုင်မိချင်လို့ မင်းနဲ့ဒီလိုတွေ့ဆုံနိုင်မယ့် အခွင့်အလမ်းကို ငါဖန်တီးခဲ့တာပါ"

"မင်းကိုယ်တိုင် ဖန်တီးခဲ့တာ ..."

"ဟုတ်ပါတယ် ... မက်စ်။ မင်းနဲ့ငါ့ရဲ့တွေ့ဆုံမှုက တိုက်ဆိုင်မှုတစ်ခု မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ လေးနှစ်က လူ့ဘဝရဲ့အဆင်းရဲအကျပ်တည်းဆုံးအချိန်ကို ငါကြုံတွေ့နေချိန်မှာ မျှော်လင့်ချက်လေးတစ်ခုကိုတော့ ငါ ချန်ထားခဲ့တယ်။ အဲဒီမျှော်လင့်ချက်က တစ်ဦးတည်းသော ငါ့ရဲ့သူငယ်ချင်း မင်းနဲ့ တွေ့ဆုံဖို့ပဲ။ ဖြတ်သန်းခဲ့တဲ့ နှစ်တွေမှာ မင်းကို တွေ့နိုးတွေ့နိုးနဲ့ လူအုပ်ကြားမှာ မင်းကို ငါ အမြဲရှာဖွေခဲ့တယ်။ ငါနဲ့ ပခုံးချင်းရှပ်တိုက်သွားတဲ့ လူတိုင်းကို မင်းများ

ဖြစ်နေမလားဆိုပြီး ငါ နောက်လှည့်ကြည့်ခဲ့ဖူးတယ်။ လမ်းဆုံလမ်းခွမီးနီမှာ၊ ကော်ဖီဆိုင်မှာ၊ ဒီမြို့ရဲ့ ထောင့်တစ်နေရာတိုင်းမှာ၊ မျက်နှာတစ်ခုတိုင်းကို ငါ သေချာကြည့်ခဲ့တယ်။ မင်းနဲ့ အမြန်ဆုံးတွေ့နိုင်ဖို့ ငါ အမျှော်လင့်ကြီး မျှော်လင့်ခဲ့တယ်။ မင်းဟာ... ငါ့ရဲ့ ယနေ့ထက်ထိတိုင် တစ်ဦးတည်းသော သူငယ်ချင်းပါ။ မင်းနဲ့တွေ့ဆုံတဲ့ပုံရိပ်ကို အရင်က ငါအကြိမ်ကြိမ် စိတ်ကူးယဉ်ခဲ့ဖူးတယ်။ စစ်က သူ့ကံကောင်းခြင်းအပင်အညှောင့်ပေါက်လာမှာကို မျှော်လင့်ခဲ့ဖူးသလိုပေါ့။ တစ်ခါတလေမှာ ငါတို့နှစ်ယောက် တင်းတင်းကြပ်ကြပ်ပွေ့ဖက်တဲ့ ခံစားမှုမျိုးကို ငါခံစားခဲ့ဖူးတယ်၊ လွန်ခဲ့တဲ့ တစ်နာရီမှာပဲ... ငါ့ စိတ်ကူးတွေ တကယ်ဖြစ်လာခဲ့ပြီလေ။ မင်းနဲ့တွေ့ဆုံမယ့် မျှော်လင့်ချက်ကို ငါလုံးဝ လက်မလွှတ်ခဲ့ဘူးကွာ"

"မင်းနဲ့ငါ တွေ့ဆုံရတာက မင်းကို ငါ အရမ်းတွေ့ချင်ခဲ့လို့ပါ။ ကံကောင်းခြင်းအပင်ပုံပြင်ကို နားထောင်ရတာကလည်း ဒီလိုဉာဏ်ကွန့်မြူးပြီး စိတ်ခွန်အားဖြစ်စေတဲ့ပုံပြင်ကို ငါအချိန်တိုင်း ရှာဖွေနေခဲ့လို့ပါ။ ဒါကို အရင်တုန်းက ငါမသိခဲ့တာပါ" လို့ ဂျင်က ဆက်ပြောပါတယ်။

မက်စ် အားရကျေနပ်သွားပါပြီ။ ဂျင်ကို ပြောလိုက်ပါတယ်။

"တကယ်တမ်းမှာ မင်းလည်း ဒီလိုစိတ်ခွန်အားမြင့်တဲ့ ယုံတမ်းစကားရှိတယ်လို့ ထင်ထားခဲ့တာပေါ့။ တကယ်ပဲ သဘာဝကျယုတ္တိတန်တယ်ပေါ့"

"ဒါပေါ့...ဒီဒဏ္ဍာရီပုံပြင်ကပြောတဲ့အရာတွေက အမှန်တရားတွေပါ၊ ငါတို့ရဲ့တွေ့ဆုံမှုက ငါလည်း စစ် ဖြစ်နိုင်တယ်လို့ ထင်မြင်စေခဲ့တယ်။ ဒီကနေ့ပဲ ငါဟာ ငါ့အတွက် ကံကောင်းခြင်းကို ဖန်တီးခဲ့ပါတယ်၊ ငါလည်း ကံကောင်းခြင်းကို ဖန်တီးနိုင်တယ်ဆိုတာ မင်း မြင်တယ်မဟုတ်လား" လို့ ဂျင်က ချက်ချင်းပြန်ပြောပါတယ်။

"ဟုတ်တာပေါ့" လို့ မက်စ်က ဝမ်းသာအားရပြောတယ်။

"မင်းရဲ့ ဒဏ္ဍာရီပုံပြင်မှာ ငါ စည်းမျဉ်းတစ်ကြောင်းထပ်ထည့်လို့ရနိုင်မလား" လို့ မက်စ်က သူငယ်ချင်းဟောင်းကို မေးတယ်။

"သိပ်ရတာပေါ့..."

ဒီလိုနဲ့ ဂျင်က ဒီလိုစည်းမျဉ်းတစ်ကြောင်း ထပ်ထည့်လိုက်ပါတယ်။

ကံကောင်းခြင်းအပင်ဆိုတဲ့ ဒဏ္ဍာရီပုံပြင်ကို...
အမှတ်မထင်တိုက်ဆိုင်မှုရှိလို့သာ မင်းနားထောင်ခဲ့ရတာမဟုတ်ပါဘူး။

မက်စ်က နားထောင်ပြီး စိတ်လိုလက်ရ ပြုံးလိုက်ပါတယ်။ ဘာမျှထပ်ပြောစရာ မလိုတော့ပါဘူး။ သူငယ်ချင်းအချင်းချင်းကြားမှာ စိတ်စိတ်ချင်းဆက်ဆံမှုက ဘာစကားမျှပြောစရာမလိုအောင် ရှိနေခဲ့ပါတယ်။ သူငယ်ချင်းဟောင်းနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်လိုက်ကြပြန်ပါတယ်။ မက်စ်အရင်နှုတ်ဆက်ထွက်သွားလိုက်ပြီး ဂျင်က ခုံတန်းရှည်ပေါ်ထိုင်ကာ ကျန်ရစ်နေခဲ့တယ်။ ခြေဖလာနဲ့ ဥယျာဉ်ထဲက စိမ်းစိုနေတဲ့ မြက်ခင်းပြင်ကို နင်းထားပါတယ်။

ရုတ်တရက် ခြေချင်းဝတ်ယားတယ်လို့ သူ ခံစားလိုက်ရပါတယ်။ သူထရပ်ပြီး သူ့ခြေထောက်ကို သာသာလေးထိနေတဲ့ မြက်လေးကို ကြည့်တောင်မကြည့်ဘဲ ဆွဲနုတ်လိုက်ပါတယ်။ ဒီအပင်လေးက သူ့ကို သတိထားစေမိပါတယ်။ အရွက်လေးရွက်ပါတဲ့ ကံကောင်းခြင်းအပင်လေးပါလား...။

ဂျင်က ဆုံးဖြတ်ချက် ချလိုက်ပါတယ်။ သူဟာ သူ့အသက် (၆၄) နှစ်အရွယ်နဲ့ သူ့ကိုယ်ပိုင် "ကံကောင်းခြင်း" ကို ပိုင်ဆိုင်ဖို့ စတင်ဖန်တီးမယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။

သင်ရော...ဘာကို သင်စောင့်နေသေးလဲ...

* * *

ဒီလိုနဲ့ ဂျင်က ဒီလိုစည်းမျဉ်းတစ်ကြောင်း ထပ်ထည့်လိုက်ပါတယ်။

ကံကောင်းခြင်းအပင်ဆိုတဲ့ ဒဏ္ဍာရီပုံပြင်ကို…
အမှတ်မထင်တိုက်ဆိုင်မှုရှိလို့သာ မင်းနားထောင်ခဲ့ရတာမဟုတ်ပါဘူး။

မက်စ်က နားထောင်ပြီး စိတ်လိုလက်ရ ပြုံးလိုက်ပါတယ်။ ဘာမှုထပ်ပြောစရာ မလိုတော့ပါဘူး။ သူငယ်ချင်းအချင်းချင်းကြားမှာ စိတ်စိတ်ချင်းဆက်ဆံမှုက ဘာစကားမှုပြောစရာမလိုအောင် ရှိနေခဲ့ပါတယ်။ သူငယ်ချင်းဟောင်းနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်လိုက်ကြပြန်ပါတယ်။ မက်စ်အရင်နှုတ်ဆက်ထွက်သွားလိုက်ပြီး ဂျင်က ခုံတန်းရှည်ပေါ်ထိုင်ကာ ကျန်ရစ်နေခဲ့တယ်။ ခြေဖလာနဲ့ ဥယျာဉ်ထဲက စိမ်းစိုနေတဲ့ မြက်ခင်းပြင်ကို နင်းထားပါတယ်။

ရုတ်တရက် ခြေချင်းဝတ်ယားတယ်လို့ သူ ခံစားလိုက်ရပါတယ်။ သူထရပ်ပြီး သူ့ခြေထောက်ကို သာသာလေးထိနေတဲ့ မြက်လေးကို ကြည့်တောင်မကြည့်ဘဲ ဆွဲနုတ်လိုက်ပါတယ်။ ဒီအပင်လေးက သူ့ကို သတိထားစေမိပါတယ်။ အရွက်လေးရွက်ပါတဲ့ ကံကောင်းခြင်းအပင်လေးပါလား…။

ဂျင်က ဆုံးဖြတ်ချက် ချလိုက်ပါတယ်။ သူဟာ သူ့အသက် (၆၄) နှစ်အရွယ်နဲ့ သူ့ကိုယ်ပိုင် "ကံကောင်းခြင်း" ကို ပိုင်ဆိုင်ဖို့ စတင်ဖန်တီးမယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။

သင်ရော…ဘာကို သင်စောင့်နေသေးလဲ…

* * *

# အခန်း(၄)

# ပညာရှိတို့ရဲ့ ကံကောင်းခြင်းအဆိုအမိန့်

## ပညာရှိတို့ရဲ့ ကံကောင်းခြင်းအဆိုအမိန့်

၉၀% သော အောင်မြင်ခြင်း အရင်းခံက ဖွဲ၊ လုံ့လ၊ ဝီရိယသက်သက်ကြောင့်ပါ။

*– အမေရိကန် ဝါရင့်သရုပ်ဆောင် Woody Allen*

အခြေအနေ… အခြေအနေက ဘာမို့လို့လဲကွာ။ အခြေအနေကို ငါကိုယ်တိုင် စိုးမိုးလို့ရတယ်။

*– ပြင်သစ်သူရဲကောင်း Napoleon Bonaparte*

အောင်မြင်သူက ထရပ် လှုပ်ရှားဆောင်ရွက်သူပါ။ အကျိုးအမြတ်ရှိတဲ့ အခြေအနေကို သူရှာဖွေပါတယ်။ တကယ်လို့ ရှာမတွေ့ရင် ဖန်ဆင်းပါတယ်။

*– အင်္ဂလန်ပြဇာတ်ဆရာကြီး George Bernard Shaw*

လူအများက ထင်ကြတယ် ... ပင်ကိုစွမ်းရည်ပါရမီထူးကဲမှုရှိတာဟာ ကံကောင်းခြင်းတဲ့။ ကံကောင်းမကောင်း ပင်ကိုစွမ်းရည်နဲ့ ဖမ်းဆုပ်ရတယ်ဆိုတာကိုတော့ လူနည်းစုလောက်ပဲ တွေးကြတယ်။

*-စပိန်ပြဇာတ်သုံးသပ်ရေးပညာရှင် Jacinto Benavente*

ကြိုတင်ပြင်ဆင်ထားသူကိုပဲ ကံကောင်းခြင်းက ကောင်းချီးပေးပါတယ်။

*-ရုရှားသိပ္ပံစိတ်ကူးယဉ်ဝတ္ထုစာရေးဆရာ Isaac Asimov*

သတ္တိရှိသူကို ကံကောင်းခြင်းက ကူညီပါတယ်။

*-ရှေးရောမကဗျာဆရာ Virgilio*

ကံတရားဆိုတာ ရှုံးနိမ့်သူရဲ့ ဆင်ခြေပါ။

*-ချီလီကဗျာဆရာ Pablo Neruda*

ကံကောင်းခြင်းအသီးက ရင့်မှည့်မှသာ မြေပြင်ပေါ် ကြွေကျပါတယ်။

*-ဂျာမနီပြဇာတ်ပညာရှင်၊ ကဗျာဆရာ Friedrich von Schiller*

ကံကိုကျွန်တော်လေးလေးနက်နက်ယုံကြည်တယ်။ ကျွန်တော်ကြိုးစားလေ ကံက ကောင်းလေဆိုတာကို ကျွန်တော်တွေ့ခဲ့တယ်။

*-အင်္ဂလန်စာရေးဆရာ Stephen Leacock*

ကျွန်တော် လုံ့လ၊ ဝီရိယစိုက်ထုတ်ပြီး လေ့ကျင့်လေ ကံကောင်းခြင်းက များလေ။

*- တောင်အာဖရိက ဂေါ့ဖ်အားကစားသမားအကျော်အမော် Gary Player*

ကံကောင်းခြင်းတံခါးဆိုတာ တကယ်ကိုရှိပါတယ်။ ဒါပေမဲ့ သော့က မင်းလက်ထဲမှာ ...။

*-ဂျပန်စကားပုံ*

ကံကောင်းခြင်းက ပြင်ပအကူမလိုပါဘူး။ ကျွန်တော်တို့ကိုယ်တိုင်ရဲ့ ကြိုးစားခြင်းနဲ့ ဆုံးဖြတ်လှုံ့ဆော်ချက်နဲ့တင် အောင်မြင်ရယူနိုင်ပါတယ်။

*-ဂျာမန် ကဗျာဆရာ၊ စာရေးဆရာ Julius Grosse*

ကံကောင်းခြင်းကို ရယူချင်ရင် ပထမဦးဆုံး သတ္တိဆိုတာရှိရပါတယ်။

*-အီတလီ ရုပ်ရှင်ဇာတ်ဝင်တေးရေးဆရာ Ennio*

ကံကောင်းခြင်းလမ်းဆီ အရောက်သွားတဲ့ နည်းအမျိုးမျိုးရှိတဲ့အနက် မှာ အားထားယုံကြည်ရဆုံးနည်းက ဇွဲ၊ လုံ့လ၊ လဝီရိယနဲ့ ကြိုးစားခြင်းပဲဖြစ်ပါတယ်။

*- ပြင်သစ်စာရေးဆရာ၊ စီးပွားရေးပညာရှင် Marie Reybaud*

ကံကောင်းခြင်းက သတ္တိရှိ ဉာဏ်ရှိတဲ့လူတွေကိုသာ ကူညီပါတယ်။

*- ရှေးရောမပြဇာတ်ပညာရှင် Publio Terencio*

တွေဝေတုံ့ဆိုင်းခြင်းက ကိုယ့်ကိုယ်ကိုယ် ဖြည်းဖြည်းချင်း သတ်ဖြတ် ခြင်းပါပဲ။

*- ပြင်သစ် စာပေပညာရှင်ကြီး Honore de Balzac*

ဉာဏ်ကွန့်မြူးမှုတွေ များများထွက်ပေါ်နိုင် မပေါ်နိုင်က ကိုယ့်လုပ်ရပ် ပေါ်မှာပဲ မူတည်ပါတယ်။ ကျွန်တော်လုပ်နိုင်တဲ့ တစ်ခုတည်းသော အရာက အလုပ် ပေါ်အာရုံစိုက်ပြီး ကိုယ်တတ်စွမ်းသလောက် အစွမ်းကုန် လုပ်တာပဲ ဖြစ်တယ်။

*- စပိန်ပန်းချီပညာရှင်ကြီး Pablo Picasso*

ပင်ကိုစွမ်းရည်ပါရမီထူးချွန်သူရဲ့ ကံကောင်းခြင်းက ဉာဏ်ကွန့်မြူးမှု တစ်မှတ်နဲ့ ကြိုးစားခြင်း ၉၉ မှတ် ပေါင်းထားပါတယ်။

*–အမေရိကန် တီထွင်ဖန်တီးပညာရှင် Thomas Edison*

လုပ်ငန်းကြီးတွေကို အောင်မြင်အောင် လည်ပတ်နိုင်တဲ့ လျှို့ဝှက်ချက်က လူတွေထင်မှတ်မထားတဲ့ သဘောတရားကို လက်တွေ့အကောင်အထည် ဖော်တာပဲဖြစ်တယ်။

*–ဂရိသင်္ဘောလုပ်ငန်းရှင်ကြီး Aristoteles Onassis*

သင့်ဘဝ ဒီတစ်သက်တာရဲ့ ကံလမ်းကြောင်းဖွံ့ဖြိုးမှုက သင်ကိုယ်တိုင် ပေါ်မှာပဲ အဓိကမူတည်ပါတယ်။

*– ဩစတြီးယား ပြိုင်ကားချန်ပီယံ Niki Lauda*

ကံကောင်းခြင်းဆိုတာ အကျိုးရှိ သင့်လျော်တဲ့အခြေအနေ၊ အနေ အထားကို ဖမ်းဆုပ်မွေးမြူတဲ့အကျင့်ပဲ ဖြစ်ပါတယ်။

*–အမေရိကန် စိတ်ခွန်အားမြှင့်စာရေးဆရာ Orison Sweet Marden*

ကံကောင်းခြင်း ရောက်လာတာကို တမင်စောင့်မျှော်မနေသူကမှ ကံကြမ္မာရဲ့ အရှင်သခင်ဖြစ်တယ်။

*–အင်္ဂလန်ကဗျာဆရာ Mathew Arnold*

အသိဉာဏ်ရှိသူ ဖန်တီးတဲ့အခွင့်အလမ်းက သူတွေ့ဆုံတဲ့အခွင့်အလမ်း ထက် များတယ်။

*–အင်္ဂလန် တွေးခေါ်ပညာရှင်၊ ဒဿနပညာရှင် Francis Bacon*

အကောင်းမြင်သူက ကံမကောင်းခြင်းကို အခွင့်အလမ်းလို့မြင်တယ်။ အဆိုးမြင်သူက အခွင့်အလမ်းကို ကံမကောင်းခြင်းလို့မြင်တယ်။

*- အင်္ဂလန်ဝန်ကြီးချုပ် Winston S. Churchill*

"ဒီလိုဆိုရင် မင်းရဲ့ဆန္ဒကို ဘယ်အချိန်မှာ အကောင်အထည်ဖော်မယ်လို့မင်းတွေးထားသလဲ" လို့ ဆရာကြီးက သူ့လက်အောက်တပည့်ကို မေးတယ်။

"အကောင်အထည်ဖော်ဖို့ အခွင့်အလမ်းရှိတဲ့အချိန်မှပါ" လို့ တပည့်က ဖြေတယ်။

"အခွင့်အလမ်းက ဘယ်တော့မှ ရောက်လာမှာ မဟုတ်ဘူး။ အခွင့်အလမ်းက ဒီနေရာမှာ အစောကြီးကတည်းက ရှိနေခဲ့ပါတယ်" လို့ ဆရာက ပြန်ပြောပါတယ်။

*- အိန္ဒိယခရစ်ယာန်ဘုန်းကြီး Anthony de Mello*

ဘုရားသခင်က ဘယ်တော့မှ ဒီကမ္ဘာလောကနဲ့ အန်စာတုံးပစ်လောင်းကစားမလုပ်ပါဘူး။

*- သိပ္ပံပညာရှင် Albert Einstein*

* * *

## အခန်း (၅)

# ကံကောင်းခြင်း စည်းမျဉ်း၊ နိဂုံးနဲ့ ဖွင့်ဆိုချက်အသစ်

# ကံကောင်းခြင်း စည်းမျဉ်း၊ နိဂုံးနဲ့ ဖွင့်ဆိုချက်အသစ်

ကံကောင်းခြင်းစည်းမျဉ်း

နံပါတ် (၁)

ကံတရားက အမြဲမကြာရှည်ဘူး။

အကြောင်းက သူဟာ သင်နဲ့ မသက်ဆိုင်လို့ပါ။

ကံကောင်းခြင်းက လူတစ်ဦးတစ်ယောက်ရဲ့ ကြိုးစားဖန်တီးမှုနဲ့ဆိုင်တယ်။

ဒါကြောင့် သူဟာ တာရှည်တည်မြဲတယ်။

*****

Synergy Publications

ကံကောင်းခြင်းစည်းမျဉ်း

နံပါတ် (၂)

လူတိုင်းက ကံကောင်းခြင်းကို ပိုင်ဆိုင်နိုင်ဖို့ မျှော်လင့်ကြတယ်။

ဒါပေမဲ့ ဆုံးဖြတ်ချက်ချပြီး ကြိုးစားရှာဖွေမယ့်လူက အလွန်နည်းပါတယ်။

*****

ကံကောင်းခြင်းစည်းမျဉ်း

နံပါတ် (၃)

တကယ်လို့ အခုအချိန်ခါဟာ သင့်အတွက် အချိန်အခါမကျ၊

ကံကြမ္မာငင်နေသေးတယ်ဆိုရင် ...

ဒါမှမဟုတ် မပြောင်းလဲတဲ့ ပတ်ဝန်းကျင်ကြောင့်ဆိုရင် ...

ကံကောင်းခြင်းတံခါး လာခေါက်စေချင်ရင်

အကျိုးအရှိဆုံးနည်းလမ်းက ပတ်ဝန်းကျင်အသစ် ဖန်ဆင်းတာပဲဖြစ်တယ်။

*****

ကံကောင်းခြင်းစည်းမျဉ်း

နံပါတ် (၄)

ကံကောင်းခြင်းကျရောက်နိုင်မယ့် သင့်တော်တဲ့ပတ်ဝန်းကျင်ကို

ကြိုတင်ပြင်ဆင်ရာမှာ တစ်ကိုယ်ကောင်းဆန်လို့ မရပါဘူး။

အဲဒီလိုသင့်တော်တဲ့ပတ်ဝန်းကျင်ကို တည်ဆောက်ဖန်တီးရာမှာ

တခြားလူနဲ့ အကျိုးတူပူးပေါင်းမှ ကံကောင်းခြင်းကို ရရှိနိုင်မှာဖြစ်ပါတယ်။

*****

ကံကောင်းခြင်းစည်းမျဉ်း

နံပါတ် (၅)

အကယ်၍ "လုပ်ရမယ့်အလုပ်" ကို မနက်ဖြန်ရွှေ့လိုက်ရင်
ကံကောင်းခြင်းက ဘယ်တော့မှ ရောက်လာနိုင်မှာ မဟုတ်ပါဘူး။
ပတ်ဝန်းကျင်ကို ဖန်တီးအစပြုမယ့် ပထမဆုံးခြေတစ်လှမ်းက
ဒီကနေ့ပဲဖြစ်ပါတယ်။

*****

ကံကောင်းခြင်းစည်းမျဉ်း

နံပါတ် (၆)

တစ်ခါတလေမှာ အချိန်အခါကောင်းဆိုပေမယ့်
ကံကောင်းခြင်းက ရောက်မလာတတ်ဘူး။
အသေးအမွှားကနေ စလုပ်မှ၊
ကြည့်ရတာ အရေးမပါလောက်ဘူး ထင်ရတဲ့အရာက
တကယ့် အဓိကလိုအပ်ချက်ဖြစ်နေပါတယ်။

*****

ကံကောင်းခြင်းစည်းမျဉ်း

နံပါတ် (၇)

ကံကောင်းခြင်းကိုသာ ယုံကြည်သူအတွက်တော့
ပတ်ဝန်းကျင်ကို ဖန်တီးတည်ဆောက်တယ်ဆိုတာ သူတို့အတွက်
မဟုတ်တရုတ်ဟာသပါပဲ။

ပတ်ဝန်းကျင်ဖန်တီးတည်ဆောက်ဖို့ကို
ခွန်အားစွမ်းအားတွေ ပေးအပ်ထားသူအတွက်တော့
ကံကောင်း၊ ကံမကောင်းတာတွေကို သူတို့ဂရုမစိုက်ကြဘူး။

*****

## ကံကောင်းခြင်းစည်းမျဉ်း
## နံပါတ် (၈)

ဘယ်သူကမှ ကံကောင်းခြင်းကို ရောင်းဝယ်လို့မရပါဘူး။
ကံကောင်းခြင်းဆိုတာ ရောင်းကုန်ပစ္စည်းမဟုတ်လို့ပါ။

ကံကောင်းခြင်းအရောင်းအဝယ်ပြုသူတွေကို အလွယ်တကူမယုံကြည်ပါနဲ့။

*****

## ကံကောင်းခြင်းစည်းမျဉ်း
## နံပါတ် (၉)

ပတ်ဝန်းကျင်ရော အခြေအနေပါ အားလုံးအဆင်သင့်ဖြစ်ပြီဆိုရင်
စိတ်ရှည်ရှည်ထား စောင့်ဆိုင်းပါ၊ အလွယ်တကူ လက်မလွှတ်ပါနဲ့။

ကံကောင်းခြင်းတံခါး လာအခေါက်ကို ငြိမ်ငြိမ်သက်သက်စောင့်ပါ၊
ယုံကြည်မှုကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားပါ။

*****

## ကံကောင်းခြင်းစည်းမျဉ်း

### နံပါတ် (၁၀)

ကံကောင်းခြင်းကို ဖန်တီးတယ်ဆိုတာ
သင့်တော်တဲ့ပတ်ဝန်းကျင်ကို ကြိုတင်ဖန်တီးတာပါပဲ။

အခွင့်အလမ်းက ကံဆိုး၊ ကံကောင်းနဲ့မဆိုင်ပါဘူး။
အခွင့်အလမ်းဆိုတာ အမြဲရှိနေပါတယ်။

ဒါကြောင့်...
ကံကောင်းခြင်းကို ဖန်တီးဖို့
တစ်ခုတည်းသော လိုအပ်ချက်က
ပတ်ဝန်းကျင်ကို ဖန်တီးတာပဲဖြစ်ပါတယ်။

*****

## ကံကောင်းခြင်းရဲ့ အဓိပ္ပာယ်သစ်

ကံကောင်းခြင်းကို ဖန်တီးတယ်ဆိုတာ ပတ်ဝန်းကျင်ကို ဖန်တီးတာပါပဲ...
ကံကောင်းခြင်းရနိုင် မရနိုင်ဆိုတာ သင့်ကိုယ်ပေါ်မှာပဲ မူတည်ပါတယ်။

ဒီကနေ့ကစ သင်လည်း သင်နဲ့သက်ဆိုင်တဲ့ကံကောင်းခြင်းကို
သင်ကိုယ်တိုင်ဖန်တီးနိုင်ပါတယ်။

ကံကောင်းခြင်းအပင်ဆိုတဲ့ ဒဏ္ဍာရီပုံပြင်ကို...
အမှတ်မထင်တိုက်ဆိုင်မှုရှိလို့သာ မင်းနားထောင်ခဲ့ရတာ မဟုတ်ပါဘူး။

*****

နောက်ဆက်တွဲ

ဒီစာအုပ်ကို အချိန်ရှစ်နာရီအတွင်း တစ်ကြိမ်တည်းနဲ့ ဖတ်ရှုပြီးစီးနိုင်ပါတယ်။ ဒါပေမဲ့ "ကံကောင်းခြင်း"ရဲ့စည်းမျဉ်းတွေကိုအမှန်တကယ် သက်သေပြဖို့ အချိန် သုံးနှစ်ကြာ ကျွန်တော်တို့ အသုံးပြုလိုက်ရပါတယ်။

တချို့က နံပါတ် (၁) စည်းမျဉ်းကိုပဲ မှတ်မိလိမ့်မယ်။

ကျန်တဲ့သူတချို့က နံပါတ် (၂) စည်းမျဉ်းကိုပဲ မှတ်မိလိမ့်မယ်။

နံပါတ် (၁) စည်းမျဉ်းကို မှတ်မိတဲ့သူက ငါတို့ သိပ်ကံကောင်းတယ်လို့ တွေးကြမယ်။

ကျန်တဲ့သူတွေက ...သိပ်ကောင်းတာပဲ... "ကံကောင်းခြင်း" ကို ဘယ်လို ကြိုးစားဖန်တီးမယ်ဆိုတာကို ငါတို့ သင်ယူနိုင်လိုက်ပြီလို့ တွေးကြမယ်။

လေးစားစွာဖြင့်
နိုင်းနိုင်းစနေ



| | | |
|---|---|---|
| ကလောင်အမည် | - | နိုင်းနိုင်းစနေ |
| အမည်ရင်း | - | မီးမီးတာလူး |
| ဇာတိ | - | တောင်ကြီးမြို့ |
| လူမျိုး | - | လားဟူ |
| မွေးနေ့ | - | ဒီဇင်ဘာ ၈ ရက် |
| မောင်နှမသားချင်း | - | မွေးချင်းငါးယောက်၌ ဒုတိယသမီး |
| လက်ရှိနေရပ် | - | နယူးယောက်မြို့ |
| ပထမဆုံးစာမူပါမဂ္ဂဇင်း | - | ဇက်ရှင်အင်းမေ့ရှ် (၂၀၀၆ ဖေဖော်ဝါရီ)<br>"လေလွင့်သူတစ်ယောက်၏ လွမ်းဆွတ်မှု" |

၂၀၀၄-၂၀၀၅ ခုနှစ်မှာ စာတွေ စတင်ဘာသာပြန်ရေးသားခဲ့ပေမယ့် ၂၀၀၆ ခုနှစ်ရောက်မှ ဘလော့တစ်ခုပြုလုပ်ပြီး စာတွေကို အင်တိုက်အားတိုက် ရေးဖြစ်ခဲ့ပါတယ်။

၂၀၁၀ ပြည့်နှစ်မှာ ပထမဆုံးစာအုပ်ကို ပုံနှိပ်ထုတ်ဝေခဲ့ပြီး ယနေ့အထိ စာအုပ်ပေါင်း ၂၄ အုပ်ကို ထုတ်ဝေခဲ့ပြီးဖြစ်ပါတယ်။

* * *

## Alex Rovira



Alex ကို ၁၉၆၉ ခုနှစ် စပိန်နိုင်ငံ ပါဆယ်လိုနားမှာ မွေးဖွားခဲ့ပါတယ်။

သူဟာ စီးပွားရေးပညာရှင်၊ Professor of Management၊ စာရေးဆရာတစ်ဦးဖြစ်ပြီး လုပ်ငန်းထူထောင်ခြင်းနဲ့ ဝယ်ယူသုံးစွဲခြင်းတွေကို သုတေသနပြုသူတစ်ဦးဖြစ်တယ်။ ၁၉၉၉ ခုနှစ်မှာ Salvetti & Llombart ကုမ္ပဏီထဲ ပါဝင်ပြီးတဲ့နောက် အဲဒီကုမ္ပဏီရဲ့လုပ်ဖော်ကိုင်ဖက် (partner) ဖြစ်လာခဲ့ပါတယ်။ ကုမ္ပဏီရဲ့အဓိက ကာစတန်မာတွေထဲမှာ မိုက်ခရိုဆော့ဖ်၊ ဆိုနီ၊ မာစီးတီး၊ Nestlé၊ ပက်စီကိုလာ... စတဲ့ နာမည်ကြီးလုပ်ငန်းတွေ ပါဝင်ပါတယ်။

Fernando နဲ့ ပေါင်းပြီး Good Luck စာအုပ်အပြင် သူကိုယ်တိုင် ရေးသားတဲ့ အရောင်းရဆုံး စာရင်းဝင်စာအုပ်ဖြစ်တဲ့ The Seven Powers (မူရင်းစာအုပ်နာမည် - Los siete poderes)၊ The Life You Deserve (မူရင်းစာအုပ်နာမည် - La Vida Que Mereces) တို့ကို ရေးသားခဲ့ပါတယ်။

* * *

## Fernando Trias De Bes



Fernandoကို ၁၉၆၇ ခုနှစ် စပိန်နိုင်ငံ ပါဆယ်လိုနားမှာ မွေးဖွား ခဲ့ပါတယ်။

သူဟာ ပါဆယ်လိုနားမှာ တည်ရှိပြီး ဥရောပတိုက်ရဲ့ နာမည်ကြီး ကျောင်းတစ်ကျောင်းဖြစ်တဲ့ ESADE စီးပွားရေးကောလိပ်ကနေ ကျောင်းပြီးခဲ့သူဖြစ်ပါတယ်။ သူဟာ စပိန်နိုင်ငံရဲ့ နာမည်ရ စီးပွားရေးပညာရှင်တစ်ဦး ဖြစ်တဲ့အပြင် ESADE စီးပွားရေးကောလိပ်က ပါမောက္ခတစ်ဦးလည်းဖြစ်တယ်။ ယနေ့ခေတ် စပိန်ရဲ့ ဆန်းသစ်တီထွင်စီမံအုပ်ချုပ်ရေး ထိပ်တန်းရောက် ဆရာတစ်ဆူလည်းဖြစ်တယ်။ နာမည်ကြီးလုပ်ငန်းတော်တော်များများမှာ ရောင်းဝယ်ဖောက်ကားရေးတာဝန်ကို ထမ်းဆောင်ခဲ့သူဖြစ်တယ်။ ၁၉၉၆ခုနှစ်မှာ Salvetti & Llombart ကုမ္ပဏီကို ထူထောင်ခဲ့ပြီး နှစ်စဉ်နှစ်တိုင်း ဈေးကွက်စစ်ဆေးရေး အမှုပေါင်း ၁၀၀ ကျော်ကို လုပ်ကိုင်ဆောင်ရွက်ခဲ့တယ်။

"ယနေ့ခေတ် မာကက်တင်းဖခင်" လို့ နာမည်ရှိတဲ့ Philip Kotler နှင့်အတူ "Lateral Marketing" ဆိုတဲ့ စာအုပ်ကို ရေးသားထုတ်ဝေခဲ့တယ်။ ၂၀၀၃ ခုနှစ်မှာ ထုတ်ဝေခဲ့တဲ့ အဲဒီစာအုပ်က ယနေ့မှာ ဘာသာစကားပေါင်း ၄၀ ကျော်နဲ့ ဘာသာပြန်ခံခဲ့ရပြီဖြစ်တယ်။

AleX Rovira နဲ့ ပူးပေါင်းပြီး Good Luck ဆိုတဲ့ စာအုပ်ကို ၂၀၀၄ ခုနှစ်မှာ ရေးသားထုတ်ဝေခဲ့ပါတယ်။ အဲဒီစာအုပ်ကတော့ တစ်ကမ္ဘာလုံးကိုဝှေ့ယမ်းတိုက်ခိုက်ခဲ့တဲ့အရောင်းရဆုံးစာရင်းဝင်ကံကောင်းခြင်းပညာစာအုပ်ပဲ ဖြစ်ပါတယ်။

* * *

## နိုင်းနိုင်းစနေ ရေးသားထုတ်ဝေပြီးသော စာအုပ်များ


၁။ အမေ့လက်ရေးစာစုများ

၂။ ပျော်ရွှင်ခြင်းရဲ့လျှို့ဝှက်အမှတ် အောင်မြင်သူရဲ့လမ်း

၃။ လင်းလက်တဲ့ချစ်မီးအိမ်

၄။ ဟိုတုန်းက အမှတ်တရနှင့် အခြားဝတ္ထုတိုများ

၅။ စမ်းချောင်းလေးရဲ့ခရီးစဉ် (စိတ်ခွန်အားဖြည့်စာစုများ)

၆။ ဥယျာဉ်ထဲက ပန်းတစ်ပွင့် (ဝတ္ထုတိုများ)

၇။ မေတ္တာတို့ပေါင်းစုရာ

၈။ ရတနာများနှင့် ဆက်သွယ်ခြင်း

၉။ သတ္တိရှိတဲ့ ပထမခြေလှမ်း

၁၀။ ကျွန်မဖတ်ဖို့

၁၁။ နှလုံးသားဝန်ဆောင်မှု

၁၂။ ၉၀-၁၀ နိယာမ

၁၃။ ကျွန်မဖတ်ဖို့ (၂)

၁၄။ လျှို့ဝှက်တဲ့ သန်းကြွယ်သူဌေး

၁၅။ ကျေးဇူးပြု၍ မေမေ့ကို ကြည့်ရှုစောင့်ရှောက်ပါ

၁၆။ နေရာ

၁၇။ ကျွန်မဖတ်ဖို့ (၃)

၁၈။ ထင်ရှားသူတို့ဘဝပုံပြင်

၁၉။ မျှောလွင့်သွားတဲ့ရိုးသားဖြောင့်မတ်ခြင်းနှင့်အရှုံးကိုဝန်ခံတဲ့အရည်အချင်း

၂၀။ ကိုယ်ဟန်အမူအရာပြောင်းလဲခြင်းမှသည် အောင်မြင်ခြင်းဆီသို့

၂၁။ ရှင်ဘုရင်တစ်ပါးရဲ့ချစ်ပုံပြင်

၂၂။ ကျွန်မဖတ်ဖို့ (၄)

၂၃။ အကျီဆယ်ထည်သာ လိုသည်နှင့် မေမေနဲ့ သမီးရဲ့ကာစားပွဲ

၂၄။ နှင်းဆီမြစ်နှင့် အခြားဝတ္ထုတိုများ

၂၅။ ကံကောင်းခြင်းတံခါးလာခေါက်တဲ့အခါ

၂၆။ ကျွန်မဖတ်ဖို့ (၅)
၂၇။ နေကြာပန်းလေးတစ်ပွင့်လိုပြုံးပါ
၂၈။ အမှတ်တရရက်စွဲလေးများ
၂၉။ ဒေါက်တာလီ ဖော်ထုတ်ခဲ့သော ဖြစ်ရပ်မှန်မှုခင်းများ
၃၀။ မှုရာကာမိ ရေဒီယို
၃၁။ ကျွန်မဖတ်ဖို့ (၆)
၃၂။ ဆာဟာရရဲ့ပုံပြင်

SYGNERGY
Publication

# ကိုယ်ဟန်အပြုအမူပြောင်းလဲခြင်းမှ အောင်မြင်ခြင်းဆီသို့

နိုင်းနိုင်းစနေ

**You say more than you think**
by
Janine Driver with Mariska Van Aalst




Design Kaung Htet 2014

SYNERGY Publication

# နိုင်းနိုင်းစနေ

## မျောလွင့်သွားတဲ့ ရိုးသားဖြောင့်မတ်ခြင်းနှင့် အရှုံးကို ဝန်ခံတဲ့အရည်အချင်း



# GOOD LUCK

Alex Rovira, Fernando Trias de Bes



# ကံကောင်းခြင်း တံခါးလာခေါက်တဲ့အခါ

နှိုင်းနှိုင်းစနေ

ဂျပန်တွေရဲ့အဆိုက

အရွက် (၄)ရွက်ပါတဲ့ MAGIC CLOVER အရွက်တစ်ရွက်တိုင်းမှာ ကိုယ်စားပြု တစ်ခုစီ ပါကြတယ်။ (၄)ရွက်မှာ ပထမတစ်ရွက်က အချစ်၊ ဒုတိယအရွက်က မျှော်လင့်ချက်၊ တတိယအရွက်က ယုံကြည်မှုနဲ့ အပိုပါလာတဲ့စတုတ္ထအရွက်က ကံကောင်းခြင်းကို ကိုယ်စားပြုတယ်လို့ ဆိုကြပါတယ်။ ဒါကြောင့် အစုလိုက်ပေါက်နေတဲ့ အရွက် (၃)ရွက်ပါ အပင်တွေကြားမှာ အရွက် (၄)ရွက်ပါတဲ့ အပင်ကိုတွေ့ရင် ကံကောင်းတယ်လို့ ပြောကြတာကြောင့် သူ့ကို ကံကောင်းခြင်းအပင်လို့ ခေါ်ကြပါတယ်။

နှိုင်းနှိုင်းစနေ

NNSN25 - 2000 MMK
ISBN 9902500120190